ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိ အကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

၁၃၇၈ ခုနှစ် တန်ခူးလဆန်း ၁၃ ရက် တနင်္ဂနွေနေ့။ Sunday, 9 April 2017 (၈၈၉၁)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် ရှန်ဟိုင်းမြို့အတွင်း ကြည့်ရှုလေ့လာ





**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ ရှန်ဟိုင်းမြို့ အရှေ့တိုင်းပုလဲမျှော်စင်၌ ကြည့်ရှုလေ့လာစဉ်။** (အပေါ်ပုံ)
**ပုလဲမျှော်စင်ပေါ်မှ မြင်တွေ့ရသည့် ရှန်ဟိုင်းမြို့အလှမြင်ကွင်းကို တွေ့ရစဉ်။** (ဝဲပုံ)

ရှန်ဟိုင်း ဧပြီ ၈

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရှန်ဟိုင်းမြို့ (Oriental Pearl Radio & TV Tower) အရှေ့တိုင်းပုလဲမျှော်စင်သို့ သွားရောက်လေ့လာကြသည်။**

နိုင်ငံတော်သမ္မတနှင့်ဇနီးသည် ပုလဲမျှော်စင်ပေါ်မှ ရှန်ဟိုင်းမြို့မြင်ကွင်းအလှကို ကြည့်ရှုပြီး မျှော်စင်အတွင်း လှည့်လည်လေ့လာသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးသည် အရှေ့တိုင်း ပုလဲမျှော်စင်၏ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ် ရေးထိုးကြသည်။

အရှေ့တိုင်းပုလဲမျှော်စင်သည် ရှန်ဟိုင်းမြို့ ဟွမ်ဖူ မြစ်ကမ်းဘေး၌တည်ရှိပြီး ရေဒီယိုနှင့်ရုပ်မြင်သံကြား ထုတ်လွှင့်ပေးသည့်မျှော်စင်ဖြစ်သည်။ ယင်းမျှော်စင်ကို ၁၉၉၁ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် ပြီးစီးခဲ့သည်။ မျှော်စင်၏အမြင့်မှာ ၄၆၈ မီတာ (၁၅၃၆ ပေ)မြင့်ပြီး လက်ရှိအချိန်တွင် ကမ္ဘာ့ဆဋ္ဌမမြောက် အမြင့်ဆုံးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဒုတိယအမြင့်ဆုံး မျှော်စင်ဖြစ်သည်။ ယင်းမျှော်စင်ကို တည်ဆောက်ရာတွင် နည်းပညာသစ်ကို ရှေးဟောင်းအတွေးအခေါ်ဖြင့် ပေါင်းစပ်ကာ ၂၁ ရာစု၏ နည်းပညာ၊ စီးပွားရေး၊ ဖျော်ဖြေမှု၊ ပညာရေးနှင့် အစည်းအဝေးသုံးပစ္စည်းများပါဝင်သော မျှော်စင်တစ်ခုဖြစ်အောင် တည်ဆောက်ထားသည်။ အရှေ့တိုင်းပုလဲမျှော်စင်မှ ရှန်ဟိုင်းမြို့ကို ရုပ်သံလိုင်းကိုးခုနှင့် ရေဒီယိုအသံလိုင်း

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ✪

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကျေးလက်တောရွာနေလူငယ်များ စကားဝိုင်းကျင်းပမည်

**နေပြည်တော် ဧပြီ ၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကျေးလက်တောရွာနေလူငယ်များစကားဝိုင်းကို နေပြည်တော် MICC-2 ၌ ဧပြီ ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပသွားမည်ဖြစ်ပါသည်။ ၎င်းအစီအစဉ်ကို မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် Live စတင်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကြေးမုံ
စာ - ၁၆၊ ၁၇



# ကြေးမုံ

## လျှပ်စစ်ဓာတ်အား လုံလောက်ရေးကြိုးပမ်း

ပြည်သူများလူမှုဘဝအတွက် နေ့စဉ်နှင့်အမျှ လိုအပ်ချက်မှာ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးဖြစ်သည်။ လျှပ်စစ်ဓာတ်အားရရှိရေးနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များကို ပြည်သူများအနေဖြင့် မှန်မှန်ကန်ကန်သိရှိထားသင့်သည်။ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အရင်းအနှီးများစွာဖြင့် အကုန်အကျခံကာ ပြည်သူများအကျိုးအတွက် ဆောင်ရွက်ပေးနေသည်မှာ အမှန်ဖြစ်သည်။

ပြည်သူများအတွက် လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးပေးနိုင်ရန် ရည်ရွယ်၍ နိုင်ငံတော်က ကဏ္ဍသုံးခုခွဲကာ ဆောင်ရွက်ပေးနေသည်။ ပထမကဏ္ဍမှာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးဖြစ်ပြီး ပြည်သူများသုံးစွဲမည့် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိရာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဝေးလံသည့်ဒေသများတွင် ရှာဖွေနေရသလို အရင်းအမြစ်ရှိသော နီးစပ်ရာဒေသများတွင်လည်း ထုတ်လုပ်နေရသည်။

ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားများကို ပြည်သူများထံသို့ ပို့လွှတ်ပေးနိုင်ရေးအတွက် ဒုတိယကဏ္ဍအဖြစ် ကြိုးပမ်းဆောင်ရွက်ရသည်။ တတိယကဏ္ဍအနေဖြင့် ပြည်သူများထံသို့ အိမ်တိုင်ရာရောက် ရောက်ရှိနိုင်ရေးအတွက် အိမ်အရောက်သွယ်တန်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရသည်မှာ အပြောလွယ်သလောက် အလုပ်ခက်သော လုပ်ငန်းများဖြစ်သည်။

အိမ်တစ်အိမ်သို့ လျှပ်စစ်ဓာတ်အားရောက်ရှိရေးအတွက် လုံလောက်သော လျှပ်စစ်ဓာတ်အားပမာဏ ရှိရမည်ဖြစ်သည်။ လုံလောက်သော လျှပ်စစ်ပမာဏမရှိဘဲ ထုတ်လွှတ်၍မရချေ။ ထို့ကြောင့် ကဏ္ဍသုံးခု ဟန်ချက်ညီဖြစ်စေရေးအတွက် လျှပ်စစ်ဓာတ်အားပေးရေးဌာနက ကြိုးပမ်းဆောင်ရွက်ရသည်။ လျှပ်စစ်ဓာတ်အားရရှိနိုင်မည့် အရင်းအမြစ်များကို ရှာဖွေဖော်ထုတ်၍ စက်ရုံများတည်ဆောက်ရသလို ဓာတ်အားဖြန့်ဖြူးရေးအတွက် ဓာတ်အားကွန်ရက်များ ဖြန့်ကြက်ရာတွင် အရင်းအနှီးပမာဏများပြားလှသည်။

ယခုအခါ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအပိုင်းတွင် တစ်နှစ်တာကာလအတွင်း မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ပုဂ္ဂလိကစွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံမှ ၇၈ မဂ္ဂါဝပ်၊ ရန်ကုန်တိုင်းဒေသကြီး သီလဝါ ဂက်စ်တာဘိုင်များမှ မဂ္ဂါဝပ် ၅၀၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် ရွှေသဘာဝဓာတ်ငွေ့ကို အသုံးပြု၍ ဂက်စ်အင်ဂျင်ဖြင့် ၁၃၃ မဂ္ဂါဝပ်နှင့် မြစ်သာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ မဂ္ဂါဝပ် ၄၀ ဖြင့် တိုးတက်ထုတ်လုပ်ပေးနိုင်ခဲ့သည်။

ဓာတ်အားပို့လွှတ်ရေးအပိုင်းတွင် ၂၃၀ ကေဗွီနှင့် ၆၆ ကေဗွီ ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများကို တိုးချဲ့တည်ဆောက်ပေးခဲ့သည်။ တစ်နှစ်တာကာလအတွင်း ၂၃၀ ကေဗွီနှင့် ၆၆ ကေဗွီ ဓာတ်အားလိုင်း ၅၄၁ မိုင်နှင့် ဓာတ်အားခွဲရုံကြီး ၁၈ ရုံကို တည်ဆောက်ပေးခဲ့သည်။ ထို့အပြင် ၃၃/၁၁ (၄၀၀ ဗို့) ဓာတ်အားဖြန့်ဖြူးရေးလိုင်း ၅၄၁ မိုင်နှင့် ဓာတ်အားခွဲရုံပေါင်း ၄၅၁ ရုံ တည်ဆောက်ပေးနိုင်ခဲ့သည်။

တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုပေါင်း ၁၀ ဒသမ ၈ သန်းအနက် ယမန်နှစ်က အိမ်ထောင်စုပေါင်း ၃ ဒသမ ၈ သန်းအား လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်အောင် ဆောင်ရွက်ပေးခဲ့သည်။ တစ်နှစ်တာကာလအတွင်း အိမ်ထောင်စုပေါင်း လေးသိန်းနီးပါး လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးပေးနိုင်ခဲ့သည်။ ထိုသို့လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးပေးနိုင်သည့်အတွက် ကချင်၊ ချင်း၊ ရခိုင်၊ ရှမ်းပြည်နယ်နှင့် ရန်ကုန်၊ မကွေးတိုင်းဒေသကြီးများ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဝေပေးနိုင်ခဲ့သည်။

လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေးဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့်လုပ်ငန်းပမာဏ တိုးတက်သုံးစွဲခဲ့ရာတွင် အိမ်ထောင်စုဦးရေ မတိုးတက်သော်လည်း ဓာတ်အားစနစ်ပိုမိုတိုးတက်ခိုင်မာပြီး ပိုမိုစိတ်ချရသည့် ဓာတ်အားများ ရရှိခဲ့သည်မှာ ထင်သာမြင်သာရှိပေသည်။ တစ်ဖက်တွင် ပြည်သူများဓာတ်အားစွမ်းအင် ပိုမိုတိုးတက်ရရှိစေရေးအတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့များကိုလည်း ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနိုင်အောင် စနစ်တကျ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ပြည်သူများအတွက် လျှပ်စစ်ဓာတ်အားနှင့် စွမ်းအင်များ ပိုမိုရရှိစေရေးအတွက် တစ်နှစ်တာကာလအတွင်း နိုင်ငံတော်က အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည်မှာ အမှန်ဖြစ်သည်။ ရရှိသည့် အရင်းအနှီးပမာဏနှင့် သဘာဝအရင်းအမြစ်များအပေါ် မူတည်၍ ပြည်သူများ လျှပ်စစ်ဓာတ်အားနှင့်စွမ်းအင်များ ပိုမိုတိုးတက်ရရှိအောင် ဆောင်ရွက်ပေးနေမှုများအပေါ် မှန်မှန်ကန်ကန်သိရှိနားလည်ပြီး ဆောင်ရွက်ပေးနိုင်မှုနှင့် မိမိတို့၏လိုအပ်ချက်များကို နားလည်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စုစုပေါင်း ငွေကျပ် ၂၆ ဒသမ ၇၁၉ ဘီလီယံ အကုန်အကျခံရန် လျာထား

**နေပြည်တော် မေ ၈**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စုစုပေါင်းကုန်ကျငွေကျပ် ၂၆ ဒသမ ၇၁၉ ဘီလီယံခန့် လျာထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း လက်အောက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ၆၆ ကေဗွီ ခွဲရုံ သုံးရုံ၊ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၄၆ ဒသမ ၅ မိုင်၊ ၃၃ ကေဗွီ ဓာတ်အားလိုင်း ခုနစ်မိုင်၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၃ မိုင် အသစ်တိုးချဲ့တည်ဆောက်ခြင်းနှင့် ၆၆ ကေဗွီ ခွဲရုံ ငါးရုံ၊ ၃၃ကေဗွီ ခွဲရုံ ၁၀ ရုံ အင်အားတိုးမြှင့်ခြင်း၊ ၃၃ ကေဗွီနှင့် ၆၆ ကေဗွီ Switch Bay ကိုးစုံ အစားထိုးတည်ဆောက်ခြင်း၊ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၆၄ ဒသမ ၁၃ မိုင် ကြိုးနှင့်တိုင်များ အစားထိုးတည်ဆောက်ခြင်းလုပ်ငန်းများအား ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော JICA၊ ADB၊ World Bank၊ KfW စသည့် နိုင်ငံတကာအဖွဲ့အစည်းများမှ ချေးငွေများ၊ အထောက်အပံ့များရယူ၍ ၂၀၃၀ ခုနှစ် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိရေးစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစီမံချက်အရ ကမ္ဘာ့ဘဏ်မှ ချေးငွေ National Electrification Plan (NEP) အတွက် အမေရိကန်ဒေါ်လာ သန်း ၃၁၀၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေ Power Distribution Improvement Project စီမံချက်အတွက် အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၄၆ သန်း၊ ဂျပန်နိုင်ငံ JICA မှ Regional Development Project for Poverty Reduction Phase I စီမံချက်အတွက် ချေးငွေ ဂျပန်ယန်း ၄ ဒသမ ၇၆၆ ဘီလီယံ၊ Regional Development Project for Poverty Reduction Phase II စီမံချက်အတွက် ချေးငွေ ဂျပန်ယန်း ၄ ဒသမ ၉၆၀ ဘီလီယံ၊ Power Distribution System Improvement Project in Major Cities စီမံချက်အတွက် ချေးငွေ ဂျပန်ယန်း ၁ ဒသမ ၈၇ ဘီလီယံနှင့် ဂျာမနီနိုင်ငံ KfW မှ Rual Electrification Programme in Southern Shan State စီမံချက်အတွက် ချေးငွေ ယူရို ၂၃ ဒသမ ၈၈၃ သန်းနှင့် အထောက်အပံ့ငွေ ယူရို ၆ ဒသမ ၅၃၅ သန်း စုစုပေါင်း ယူရို ၃၀ ဒသမ ၄၁၈ သန်း အသီးသီးရယူ၍ လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိနေပြီဖြစ်သဖြင့် မြန်မာတစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိရေးနှင့် ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများအား အလေးထား ဆောင်ရွက်လျက်ရှိကြောင်း မေ ၇ ရက်က နေပြည်တော်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတွင် ပြုလုပ်သည့် သတင်းထုတ်ပြန်ခြင်းအခမ်းအနားမှ သိရသည်။

**(နိုင်လင်းကြည်)**

❑

# ပြည်တွင်း၊ ပြည်ပ ခရီးသွားများ အဆင့်မီတည်းခိုနိုင်မည့် Famous Hotel(Loikaw) ဖွင့်

**လွိုင်ကော် မေ ၈**

ယနေ့အချိန်အခါတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတို့၌ ပြည်တွင်း၊ ပြည်ပ ခရီးသွားလုပ်ငန်းမှာ ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ကမ္ဘာလှည့် ခရီးသွားများ စိတ်ဝင်စားလည်ပတ်ကြည့်ရှုစရာဒေသများလည်း များစွာပေါ်ထွက်လာလျက်ရှိသည်။ ထိုအထဲတွင် ကယားပြည်နယ်၏ မြို့တော်ဖြစ်သော လွိုင်ကော်မြို့၏ အနီးဝန်းကျင်ဒေသများသည်လည်း ကမ္ဘာလှည့်ခရီးသွားများရော ပြည်တွင်းခရီးသွားများပါ စိတ်ဝင်စားမှုမြင့်တက်လျက်ရှိကာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုအရှိန်ရလာသည့် ရပ်ဝန်းတစ်ခုပင်ဖြစ်သည်။




ထိုသို့ ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းများ စည်ပင်ဖွံ့ဖြိုးမှုနှင့်အတူ ခရီးသွားများ တည်းခိုနားနေရန် ဟိုတယ်နှင့် တည်းခိုခန်းဝန်ဆောင်မှုများသည်လည်း အရေးပါသော ဝန်ဆောင်မှု လုပ်ငန်းများအဖြစ် အဆိုပါဒေသတွင် လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိကြသည်။

နိုင်ငံတကာအဆင့်မီ Famous Hotel (Loikaw)ကို ကယားပြည်နယ် လွိုင်ကော်မြို့ ဒေါ်နိုးကူးရပ် သုခနေလမ်း အမှတ်-၁၁၆/A တွင် ယနေ့ နံနက်ပိုင်းက ကယားပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရည်မွန်နှင့် Famous Group of Companites Ltd. ဥက္ကဋ္ဌ ဦးရဲမင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

Famous Hotel (Loikaw) တွင် ပြည်တွင်း၊ ပြည်ပ ခရီးသည် ၁၀၀ ချမ်းမြေ့စွာ အနားယူတည်းခိုနိုင်သော အခန်းပေါင်း ၅၀ ပါဝင်ပြီး အဆင့်မြင့်ဟိုတယ်၏ ဝန်ဆောင်မှုများပြည့်စုံစွာ ပါဝင်ပြီးကာ Famous Hotel Group ၏ ခုနစ်လုံးမြောက်ဟိုတယ်လည်း ဖြစ်သည်ဟု သိရသည်။

အလားအလာကောင်းများဖြင့် ဖွံ့ဖြိုးလျက်ရှိသော ကယားပြည်နယ် လွိုင်ကော်ဒေသတွင် ပြည်တွင်း၊ ပြည်ပခရီးသွားများ အဆင့်မီဝန်ဆောင်မှုများဖြင့် စိတ်ချမ်းမြေ့စွာ တည်းခိုနိုင်ကြတော့မည် ဖြစ်သည်။

**(ဇာနည်မောင်)**

# မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အဆောက်အအုံသစ်ဖွင့်

**နေပြည်တော် မေ ၈**

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး အဆောက်အအုံသစ်ကို မေ ၄ ရက်က ဖွင့်လှစ်ရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက ရုံးအဆောက်အအုံဆောက်လုပ်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်း၊ နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဌေးဝင်း၊ ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး တာဝန်ရှိသူများက ရုံးဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များပက်ဖျန်းပြီး အဆောက်အအုံသစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယခုဖွင့်လှစ်ခဲ့သည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးအဆောက်အအုံသစ်သည် အလျား ၆၄ ပေ၊ အနံ ၆၄ ပေ၊ အမြင့် ၁၂ ပေရှိ အာရ်စီတစ်ထပ်အဆောက်အအုံဖြစ်ပြီး ခြံစည်းရိုး၊ စက်ရေတွင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်း စုစုပေါင်းခွင့်ပြုငွေကျပ် ၁၀၅ ဒသမ ၄၈ သန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် မေ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူနှင့်အတူ

## အနာဂတ်မျိုးဆက်တွေအတွက် သက်ရှိမျိုးစိတ်အားလုံး ထိန်းသိမ်း

ကျွန်တော်တို့ရဲ့ နောင်လာနောက်သားများ သာယာဝပြောတဲ့အနာဂတ်ရရှိစေဖို့အတွက် ကမ္ဘာပေါ်ရှိ သက်ရှိအားလုံးကို ထိန်းသိမ်းရေးဆိုတဲ့ ဘုံလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာမှာ အစိုးရ၊ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းစုများအပြင် ပြည်သူများအနေနဲ့ ပူးပေါင်းပါဝင်ကြဖို့လိုအပ်ပါတယ်။ မိမိတို့ရဲ့ အနာဂတ်မျိုးဆက်တွေအတွက် သက်ရှိမျိုးစိတ်အားလုံးကိုထိန်းသိမ်းရန် တတ်နိုင်တဲ့ဘက်ကကူညီကြဖို့ အားလုံးကိုတောင်းဆိုပါတယ်။ တောရိုင်းတိရစ္ဆာန်နဲ့ သဘာဝအပင်များ တရားမဝင်ရောင်းဝယ်ဖောက်ကားနေမှုကို လုံးဝလက်မခံဘူးဆိုတာကို ပြသပြီး အပြောင်းအလဲဖြစ်အောင်လုပ်နိုင်ပါတယ်။

**(နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ၂၀၁၆ ခုနှစ် ဇွန် ၅ ရက်တွင် ကျင်းပသော ၂၀၁၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## မတူကွဲပြားမှုဆိုတာ

ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ ကျွန်မတို့နိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းများစွာနဲ့ ဖွဲ့စည်းထားတဲ့နိုင်ငံမို့လို့ တော်တော်မှ ရှုပ်ထွေးတဲ့၊ သိမ်မွေ့တဲ့ကိစ္စလေးတွေကို ကျွန်မတို့ကိုင်တွယ်ရပါတယ်။ ရင်ဆိုင်ရပါတယ်။ သို့သော်ငြားလည်း မတူကွဲပြားမှုဆိုတာဟာ ကျွန်မတို့အတွက် အကျိုးရှိနိုင်တဲ့ အင်မတန်မှကျယ်ပြန့်တဲ့ သယံဇာတကြီးတစ်ခုပဲလို့ ကျွန်မတော့ ဒီလိုပဲမြင်ပါတယ်။ ကျွန်မတို့ မတူကွဲပြားမှုတွေအပေါ်မှာ အခြေခံပြီးတော့ ကျွန်မတို့နိုင်ငံပိုပြီးတော့ တိုးတက်အောင်လို့၊ ပိုပြီးတော့ ကျွန်မတို့နိုင်ငံဖွံ့ဖြိုးအောင်လို့ ကျွန်မတို့လုပ်နိုင်မယ်ဆိုတာလည်း အမိကယုံကြည်ပါတယ်။

**(၃၀-၃-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဆေးဝါးစက်ရုံ(အင်းစိန်) ဆေးဝါးထုတ်လုပ်မှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဧပြီ ၈**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ဆေးဝါးစက်ရုံ(အင်းစိန်)သို့ သွားရောက်ပြီး မူလစက်ရုံအတွင်း ဆေးဝါးထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးအား မူလစက်ရုံအတွင်း ဆေးဝါးထုတ်လုပ်နေမှုနှင့် စပ်လျဉ်းပြီး မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုလွင်နှင့် စက်ရုံမှူးတို့က ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက မူလစက်ရုံအတွင်း ခေတ်နှင့်မလျော်ညီသော ဆေးဝါးထုတ်လုပ်မှု၊ အဆောက်အအုံနှင့် စက်ကိရိယာများကို ရေရှည်တွင် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တစ်ဆင့်ပြီးတစ်ဆင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် New BPI Project ရှိ Cephalosporin နှင့် small Volume Parenterals Plant များရှိ ဆေးဝါးအမယ်သစ်များ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စက်များစွမ်းအားပြည့် လည်ပတ်ရေး၊ စနစ်တကျရှိရေး GMP Guide Line နှင့် အညီထုတ်လုပ်ရန် စက်ရုံတာဝန်ရှိသူများအား ပြောကြားသည်။

ဆေးဝါးစက်ရုံ(အင်းစိန်)အမည်ဖြင့် မူလစက်ရုံမှာ ၁၉၅၄ ခုနှစ်ကတည်းက အခြေတည်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အချို့ဆေးဝါးထုတ်လုပ်မှုဆိုင်ရာ စက်ကိရိယာများမှာ နှစ်ပေါင်းရှည်ကြာလာပြီဖြစ်ပြီး ခေတ်မမီတော့သည့်အပြင် ပြုပြင်ထိန်းသိမ်းစရိတ်များမှာလည်း အမြဲလိုအပ်လျက်ရှိသဖြင့် အချို့သောဆေးဝါးထုတ်လုပ်မှုနည်းစဉ်အချို့ကို တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် Publio Private Partnership (PPP)စနစ်ဖြင့် ဆောင်ရွက်ပါက နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပို၍အကျိုးဖြစ်ထွန်းမည်ဖြစ်သည်။



မြန်မာ့ဆေးဝါးလုပ်ငန်းအနေဖြင့် ဈေးကွက်အတွင်း ပျံ့နှံ့နေသည့် BPI ဆေးဝါးအတုများကိုလည်း တားဆီးကာကွယ်နိုင်ခဲ့ပြီး စက်ရုံထုတ် BPI ဆေးဝါးများကို ပြည်သူလူထုအလွယ်တကူ ဝယ်ယူနိုင်ရန် BPI ဆေးဝါးအရောင်းဆိုင်များကိုလည်း တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကင်းမြို့နယ်ရှိ ရန်ကုန်တိုင်းစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးပြီး အစိုးရသစ် ဒုတိယနှစ်ကာလတွင် ပြည်သူလူထုအကျိုးပြုလုပ်ငန်းများကို ပြည်သူနှင့်အတူ လက်တွေ့ကျကျ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် မှာကြားသည်။ **(သတင်းစဉ်)**

## နိုင်ငံတည်ဆောက်ရာတွင် လူငယ်အင်အားစု ၅၅ ရာခိုင်နှုန်းက စိတ်ဝင်စားရာ အခန်းကဏ္ဍမှပါဝင်ကြရေး ဆွေးနွေးပွဲကျင်းပ

**မော်လမြိုင် ဧပြီ ၈**

အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် လူငယ်များအနေဖြင့် မိမိစိတ်ဝင်စားရာ ကဏ္ဍအလိုက်ပါဝင်ကာ မတူညီသော လူမျိုးစုများ၊ နေရာဒေသများမှ လူငယ်အဖွဲ့များအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ကြပြီး စုံလင်ကွဲပြားသော ဓလေ့စရိုက်များဖလှယ်ကာ အပြန်အလှန် ချစ်ခင်နားလည်ကြစေရန် လူငယ်အချင်းချင်း အားကျအတုယူနိုင်ပြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုကြိုးစားနိုင်ကြရန် ရည်ရွယ်ကာ နိုင်ငံတည်ဆောက်ခြင်း အခန်းကဏ္ဍတွင် လူငယ်များပါဝင်နိုင်မှုဆွေးနွေးပွဲကို ဧပြီ ၈ ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ ငွေမိုးဟိုတယ်၌ စတင်ဆွေးနွေးခဲ့ကြသည်။




ဆွေးနွေးပွဲကို Konrad Adenauer Stiftung( KAS ဖောင်ဒေးရှင်း)နှင့် NATIONAL ENLIGHTENMENT INSTITUTE (NEI) တို့ ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်ပြီး မော်လမြိုင်မြို့ရှိ NGO များ၊ ဘာသာရေးအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ လူငယ်အသင်းအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

“လူငယ်တွေ နယ်ပယ်အသီးသီးမှာ ကျွမ်းကျင်ပညာရှင်တွေဖြစ်လာရေး၊ တိုင်းရင်းသားပေါင်းစုံ ဘာသာရေးပေါင်းစုံပါဝင်တဲ့ စုံလင်ကွဲပြားမှုတွေနဲ့အတူ လိုချင်တဲ့နိုင်ငံတစ်ခု တည်ဆောက် သွားနိုင်ဖို့နဲ့အတူ ဘာလိုအပ်နေလဲဆိုတဲ့ တီထွင်ဆန်းသစ်မှုတွေ လုပ်ပေးချင်တာကြောင့် မော်လမြိုင် Youth Camp 2017 ပွဲကို စီစဉ်ဖြစ်ခဲ့ရတာပါ”ဟု ဆွေးနွေးပွဲကို ဦးဆောင်သည့် NEI အဖွဲ့အစည်းမှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ရည်မွန်ဆုက ဆွေးနွေးပွဲပြုလုပ်ရခြင်းကို ရှင်းပြသည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် မွန်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦးကလည်း နိုင်ငံတော်တည်ဆောက်ရာတွင် လူငယ်များ၏ အခန်းကဏ္ဍ၊ လူငယ်များ၏အသံ၊ လူငယ်များ၏အင်အားသည် အလွန်အရေးပါပါကြောင်း၊ သမိုင်းအဆက်ဆက် နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုတိုင်းတွင် ဦးဆောင်မှုအခန်းကဏ္ဍတွင် လူငယ်များအမြဲပါဝင်ခဲ့ကြသည်ကိုတွေ့ရပါကြောင်း၊ လူငယ်ဆိုသည်မှာ လှုပ်ရှားတက်ကြွသော ဖန်တီးစွမ်းအားမြင့်သော အင်ပြည့်အားပြည့် အတွေးအခေါ်သစ်များစုဝေးရာ အင်အားစုပင် ဖြစ်ပါကြောင်း၊ တစ်ပြိုင်တည်းလိုပင် လူငယ်များသည် ငွေကြေးအားနည်းမှု၊ ပညာရေးအခက်အခဲများ၊ အသက်အရွယ်ခွဲခြားခံရမှုများ ကြုံတွေ့ကြရပါကြောင်း၊ ယင်းအခြေအနေကိုကျော်လွှားနိုင်ဖို့ လူငယ်များကို မှန်ကန်သော အတွေးအခေါ်များ နည်းစနစ်ကျကျ တွေးခေါ်ရေး၊ တန်ဖိုးရှိသောဘဝတွင် မှန်ကန်သောလမ်းကြောင်းအတိုင်း လျှောက်လှမ်းနိုင်စေရေးသည် အလွန်ပင်လိုအပ်ပါကြောင်း လူငယ်များ၏ တန်ဖိုးများနှင့် ကြုံလာဖွယ်အခက်အခဲများကို ထောက်ပြဆွေးနွေးခဲ့သည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် အသက်(၃၀)အောက် လူငယ်များသည် နိုင်ငံ့လူဦးရေ၏ ၅၅ ရာခိုင်နှုန်းအထိရှိသည်ဟုသိရပြီး ၎င်းလူငယ်များသည် မိမိစိတ်ဝင်စားရာ ကဏ္ဍမှပါဝင်ကြခြင်းဖြင့် နိုင်ငံတည်ဆောက်ရေးအတွက် အင်အားပြည့် စွမ်းအင်သစ်ပေါင်းစည်းအားများ ရရှိလာမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံရေး၊ စီးပွားရေးကဏ္ဍများတွင် နယ်ပယ်အလိုက် အောင်မြင်မှုအသီးသီး ရရှိနေကြသော လူငယ်စွမ်းဆောင်ရှင်များကို ဖိတ်ကြားထားကာ နိုင်ငံတည်ဆောက်ရေးတွင် လူငယ်များ ပါဝင်လှုပ်ရှားနိုင်မှု ခေါင်းစဉ် ၁၅ ခုဖြင့် နှစ်ရက်ကြာ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ **(မြတ်မွန်ထွေး)**

ကြေးမုံ



# ဆီးရီးယားလေတပ်စခန်းအား အမေရိကန်၏ ဒုံးကျည်ပစ်ခတ်မှုအပေါ် ကုလလုံခြုံရေးကောင်စီက အရေးပေါ်အစည်းအဝေးကျင်းပ

**ကုလသမဂ္ဂ မေ ၈**

ဆီးရီးယားလေတပ်စခန်းများကို အမေရိကန်က ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခတ်မှုနှင့် ပတ်သက်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးပေါ်အစည်းအဝေးတစ်ရပ်ကျင်းပခဲ့ကြောင်း ယနေ့သတင်းများအရသိရသည်။

အဆိုပါအစည်းအဝေးတွင် အမေရိကန်နှင့် ရုရှားနိုင်ငံကိုယ်စားလှယ်များက ဒုံးကျည်ပစ်ခတ်မှုအပေါ် အချေအတင်ပြောဆိုခဲ့ကြသည်။

လွန်ခဲ့သောရက်အနည်းငယ်အတွင်းက ဖြစ်ပွားခဲ့သော ဆီးရီးယားနိုင်ငံအတွင်းရှိ လေကြောင်းတိုက်ခိုက်မှုများတွင် ဆီးရီးယားအစိုးရအနေဖြင့် ဓာတုလက်နက်များအသုံးပြုခဲ့သည်ဆိုသည့် ထင်မြင်ယူဆချက်သည် အခြေအမြစ်မရှိသည့် ထင်မြင်ချက်သာဖြစ်ကြောင်းနှင့် ခိုင်မာသည့်အကြောင်းရင်းမရှိဘဲ ယခုကဲ့သို့ ဆီးရီးယားလေတပ်စခန်းအား ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းသည် ကျူးကျော်တိုက်ခိုက်ခြင်းပင်ဖြစ်သည်ဟု ရုရှားကုလသမဂ္ဂအဖွဲ့ဆိုင်ရာ ဒုတိယသံအမတ်ကြီးဗလာဒီမာ ဆာဖရိုန်ကုဗ်က အမေရိကန်အစိုးရအား စွပ်စွဲခဲ့သည်။

ရုရှားအစိုးရသည် ဆီးရီးယားသမ္မတ ဘာရှာအယ်လ်အာဆတ်အား ထောက်ခံအားပေးလျက်ရှိသည်။

ထိုကဲ့သို့ အမေရိကန်၏ ဆီးရီးယားလေတပ်စခန်းများကို ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုသည် ဆီးရီးယားနိုင်ငံအတွင်းရှိ အစိုးရဆန့်ကျင်သူပုန်များအား တိုက်ခိုက်ချေမှုန်းရာတွင် ရုရှားနိုင်ငံအတွက် အဟန့်အတားဖြစ်စေသည်ဟု ရုရှားကုလသမဂ္ဂအဖွဲ့ဆိုင်ရာ ဒုတိယသံအမတ်ကြီး ဗလာဒီမာ ဆာဖရိုန်ကုဗ်က ဆက်လက် ပြောကြားခဲ့သည်။

ဓာတုလက်နက်အသုံးပြုသည့် မည်သည့်နိုင်ငံကိုမျှ ထောက်ခံအားပေးမည်မဟုတ်ကြောင်းနှင့် ဓာတုလက်နက်အသုံးပြုမှုကို ပိတ်ပင်ဟန့်တား၊ ကာကွယ်ခြင်းသည် အမျိုးသားလုံခြုံရေးဆိုင်ရာ အကျိုးစီးပွားအတွက် အရေးပါသော လုပ်ဆောင်ချက်ပင်ဖြစ်သည်ဟု အမေရိကန်သံအမတ်ကြီး နစ်ကီဟာလေက ပြန်လည်ချေပပြောဆိုခဲ့သည်။

နောင်လာမည့်နှစ်များတွင်လည်း အမေရိကန်နိုင်ငံအနေဖြင့် ဓာတုလက်နက်အသုံးပြုမှုများကို ပိုမိုဟန့်တား၊ ကာကွယ်သွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

ဧပြီ ၆ ရက်က အမေရိကန်စစ်သင်္ဘောများက ဆီးရီးယားနိုင်ငံ ဟုမ်းစ်ခရိုင် အလယ်ပိုင်းရှိ ဆီးရီးယားလေတပ်စခန်းများအား ဒုံးကျည် ၅၉ စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ဒုံးကျည်ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သား ၇၂ ဦးသေဆုံးခဲ့ရသည်။ ယင်းဖြစ်ရပ်နှင့်ပတ်သက်ပြီး ဆီးရီးယားနိုင်ငံအား ဓာတုလက်နက်အသုံးပြုခဲ့သည့်အတွက် လက်တုံ့ပြန်ခြင်းပင်ဖြစ်သည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်က ဆိုသည်။



ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်များအနက် ဗြိတိန်၊ ပြင်သစ်နှင့် ဂျပန်နိုင်ငံတို့က အမေရိကန်၏ လေကြောင်းတိုက်ခိုက်မှုကို နားလည်သဘောပေါက်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သော်လည်း တရုတ်နှင့် လက်တင်အမေရိကန်နိုင်ငံများက တရားဝင်ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# ဖိလစ်ပိုင်တွင် အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်

**မနီလာ မေ ၈**

ဖိလစ်ပိုင်နိုင်ငံတွင် မေ ၈ ရက်က အင်အားရစ်ချ်တာစကေး ၅ ဒသမ ၉ အဆင့်ရှိ မြေငလျင်တစ်ရပ် လှုပ်ရှားသွားကြောင်း တိုင်းတာရရှိသည်ဟု အမေရိကန် ဘူမိရူပလေ့လာရေးအဖွဲ့ (ယူအက်စ်ဂျီအက်စ်)က ထုတ်ပြန်သောကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အမေရိကန် ဘူမိရူပလှုပ်ရှားမှု လေ့လာရေးအဖွဲ့ (ယူအက်စ်ဂျီအက်စ်)က ခန့်မှန်းဖော်ပြမှုအရ ဒေသစံတော်ချိန် ညနေ ၃ နာရီ ရှစ်မိနစ်တွင် ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း မင်ဒိုရိုပြည်နယ်၏ ၄၂ ကီလိုမီတာအကွာရှိ မင်ဒိုရိုပြည်နယ် အရှေ့မြောက်ဘက်တွင် စတင်လှုပ်ခတ်ခဲ့သည်ဟု သတင်းတွင် ဖော်ပြသည်။

ယင်းမြေငလျင် လှုပ်ခတ်မှုဒဏ်ကို မင်ဒိုရိုပြည်နယ်၊ ဘာတန်ဂတ်စ်ပြည်နယ်နှင့် ဖိလစ်ပိုင်နိုင်ငံ၏ မြို့တော်မနီလာမြို့တွင်လည်း ခံစားခဲ့ကြရသည်။

ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးသေကျေသည့် သတင်းများ လတ်တလော ထွက်ပေါ်လာခြင်းမရှိသော်လည်း ဖိလစ်ပိုင်နိုင်ငံ လူဇုန်ကျွန်းမြေဒေသများ၌ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

**ဆင်ဟွာ။**



**ငလျင်လှုပ်ခတ်ပြီးနောက် ဘာတန်ဂတ်စ်ဆေးကုသရေးစင်တာမှ လူနာများကို လမ်းမများပေါ်သို့ ရွှေ့ပြောင်းထားသည်ကို တွေ့ရစဉ်။**

# ကမ္ဘောဒီးယားနိုင်ငံ အထည်ချုပ်လုပ်ငန်းတွင် ရေနွေးငွေ့ဘွိုင်လာ ပေါက်ကွဲ

**ဖနောင်ပင် မေ ၈**

ကမ္ဘောဒီးယားနိုင်ငံမြို့တော် ဖနောင်ပင်၏ အရှေ့တောင်ပိုင်းရှိ ဆီရှောင်ပက်မြို့တွင် မေ ၈ ရက်က အထည်ချုပ်စက်ရုံတစ်ခုအတွင်းရှိ ရေနွေးငွေ့ဓာတ်အားသုံးစက်တစ်လုံး ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ လူနှစ်ဦးထက်မနည်း သေဆုံးပြီး အခြားလူလေးဦး ထိခိုက်ဒဏ်ရာရမှုဖြစ်ပွားခဲ့ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ ပေါက်ကွဲမှုသည် မေ ၈ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ဖြစ်ပွားခဲ့ပြီး ပေါက်ကွဲမှုဖြစ်ပွားအချိန်သည် ယင်းစက်ရုံရှိ အလုပ်သမားများ နံနက်စာ စားသုံးချိန်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အဆိုပါ အထည်ချုပ်စက်ရုံပေါက်ကွဲမှုနှင့် ပတ်သက်၍ အခြားစုံစမ်းစစ်ဆေးမှုများကို ပြုလုပ်နေဆဲဖြစ်ပြီး ယင်းပေါက်ခွဲမှုသည် အဆိုပါဒေသတွင်းရှိ အင်အားကောင်းမွန်သည့် မျိုးဆက်သစ်များအတွင်း ဖောက်ခွဲမှုများ ဖြစ်လောက်အောင် အမုန်းတရားများ ဦးတည်ပွားများလာနေခြင်းကို လုံခြုံရေးအစောင့် တပ်ဖွဲ့များက သေချာစိစစ်ပြီး အရေးယူမှုများ ပြုလုပ်နိုင်သည်အထိ ကြိုးပမ်းသွားမည်ဟုဆိုသည်။ **ဆင်ဟွာ။**

# ထရပ်ကားတစ်စီး လူအုပ်ကြားထဲသို့ အရှိန်ပြင်းစွာမောင်းနှင်၊ အနည်းဆုံး လူလေးဦးသေဆုံး




**စတော့ဟုမ်း မေ ၈**

ဆွီဒင်နိုင်ငံမြို့တော် စတော့ဟုမ်း၏ လူစည်ကားသောနေရာတွင် ထရပ်ကားတစ်စီးကို လူအုပ်ကြားထဲသို့ အရှိန်ပြင်းစွာ ဦးတည်ရာမဲ့မောင်းနှင်ခဲ့သည့်အတွက် အနည်းဆုံးလူလေးဦးသေဆုံးခဲ့ပြီး ၁၅ ဦးထိခိုက်ဒဏ်ရာများရရှိခဲ့သည့်အတွက် ထရပ်ကားမောင်းသူအကြမ်းဖက်သမားအား ဆွီဒင်ရဲအရာရှိများက ဖမ်းဆီးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဧပြီ ၇ ရက်က အဆိုပါအကြမ်းဖက်ယာဉ်မောင်းသည် ဘီယာဘူးများတင်ဆောင်လာသည့် ထရပ်ကားကို ခိုးယူခဲ့ပြီး လမ်းသွားလမ်းလာများ၊ ဈေးဝယ်သူများနှင့် စည်ကားနေသည့် လမ်းထဲသို့ အရှိန်ပြင်းစွာမောင်းနှင်ကာ အနီးဝန်းကျင်ရှိ စတိုးဆိုင်တစ်ဆိုင်အတွင်းသို့ ဝင်ရောက်တိုက်မိခဲ့သည်။ အဆိုပါဖြစ်ရပ်ကြောင့် အနည်းဆုံးလူ လေးဦးသေဆုံးခဲ့ပြီး ၁၅ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါဖြစ်ရပ်ကိုအကြမ်းဖက်လုပ်ရပ်ဟု အာဏာပိုင်များက ထင်မြင်ယူဆကြသည်။ အကြမ်းဖက်မှုကို ကျူးလွန်ခဲ့သူ ယာဉ်မောင်း၏ ဓာတ်ပုံကို ပြည်သူများသိစေရန် ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းအကြမ်းဖက်မှုနှင့် ဆက်စပ်သည့် သတင်းများရရှိပါက အသိပေးအကြောင်းကြားရန် ပြည်သူများအား တိုက်တွန်းထားသည်။

ဥရောပနိုင်ငံများတွင် အကြမ်းဖက်သမားများက မော်တော်ယာဉ်များကို အသုံးပြုပြီး လူစည်ကားသောနေရာများသို့ အရှိန်ပြင်းစွာမောင်းနှင်သည့် လုပ်ရပ်များကို ကျူးလွန်ခဲ့ကြသည်။

ယင်းဖြစ်ရပ်ဖြစ်ပွားပြီးနောက် ဆွီဒင်အာဏာပိုင်များက နယ်စပ်ဒေသများအပါအဝင် လူစည်ကားသောနေရာများတွင် လုံခြုံရေးပိုမိုတင်းကျပ်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ ဟန်ကျိုးမြို့ရှိ အနောက်ဘက်ရေကန်သို့ သွားရောက်လေ့လာကြစဉ်။ (သတင်းစဉ်)

**❂ ရှေ့ဖုံးမှ**

၁၀ ခုကျော် ဝန်ဆောင်မှုပေး စီမံ ထုတ်လွှင့်ပေးနေကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ရှန်ဟိုင်းအမျိုးသား ပြတိုက်သို့ရောက်ရှိကြပြီး ရှေးဟောင်း တရုတ်လူမျိုးတို့၏ ရိုးရာ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများကို လှည့်လည် ကြည့်ရှု လေ့လာကြသည်။

ရှန်ဟိုင်းအမျိုးသားပြတိုက်သည် ရှန်ဟိုင်းမြို့လယ်တွင် တည်ရှိပြီး ရှေးဟောင်းတရုတ်ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းစဉ်လာများကို အပြည့် အဝခံစားသိရှိနိုင်အောင် စီစဉ် ဆောင်ရွက်ထားသည်။ အဆိုပါ ပြတိုက်ကို ၁၉၅၂ ခုနှစ်တွင် စတင် တည်ဆောက်ခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ပြတိုက်အတွင်းတွင် ရှည်လျားသွယ်တန်းသော အနုပညာ ပြခန်း ၁၁ ခုနှင့် ပြပွဲအခန်း သုံးခန်း ပါရှိပြီး ရှေးခေတ်တရုတ်လူမျိုးများ အသုံးပြုသည့် ကြွေထည်၊ ငွေထည်အိုး များ၊ တရုတ်စာ စုတ်တံလက်ရေး မှတ်တမ်းများ၊ ပန်းပုလက်ရာများ၊ တရုတ်လူမျိုးတို့၏ ကြွယ်ဝချမ်းသာမှု၊ ဂုဏ်သိက္ခာကြီးမားမှုတို့ကို ဖော်ပြသည့် ကျောက်မျက်ရတနာပစ္စည်းများနှင့် တိုင်းရင်းသားလူမျိုးများ၏ အသုံး အဆောင်များကို ပြသထားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် ဦးဆောင်သောအဖွဲ့သည် ရှန်ဟိုင်းမြို့ မှ ဟန်ကျိုးမြို့သို့ ကျည်ဆန်ရထားဖြင့် ထွက်ခွာကြရာ မွန်းလွဲ ၂ နာရီခွဲတွင် ဟန်ကျိုးမြို့သို့ ရောက်ရှိကြသည်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ ရှန်ဟိုင်းမြို့ရှိ အမျိုးသားပြတိုက်၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ဟန်ကျိုးမြို့ရှိ အနောက်ဘက်ရေကန်(West Lake) သို့ သွားရောက်လေ့လာကြသည်။

ဟန်ကျိုးမြို့ရှိ အနောက်ဘက် ရေကန် (West Lake)သည် တရုတ် ပြည်သူ့သမ္မတနိုင်ငံ အရှေ့ဘက်ပိုင်း ကျဲ့ကျန်းပြည်နယ်၏မြို့တော် ဟန်ကျိုး မြို့တွင် တည်ရှိသည်။ အနောက်ဘက် ရေကန်ကို လျှောက်လမ်း သုံးခုဖြင့် အပိုင်း ငါးပိုင်း ခွဲခြားထားပြီး ကန်အနီး ဘုရားကျောင်းများ၊ ဘုရားများ၊ ဥယျာဉ်များနှင့် ကန်အတွင်း လူများ ပြုလုပ်ထားသည့် ကျွန်းငယ်များစွာ ရှိသည်။ ဟန်ကျိုးမြို့တွင် တည်ရှိသော အထင်ရှားဆုံး နေရာတစ်ခုဖြစ်ပြီး ပြည်တွင်း ပြည်ပ ခရီးသည်များ လာရောက်လည်ပတ်မှု အများဆုံး နေရာဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ နှင့် ဇနီးနှင့်အဖွဲ့သည် ဟန်ကျိုးမြို့မှ ပေကျင်းမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ ညနေ ၆ နာရီခွဲတွင် ပေကျင်းမြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက် ဝန်ကြီး Mr. Kong Xuan You၊ မြန်မာစစ်သံမှူး ဗိုလ်မှူးချုပ်တင့်ဆန်း၊ သံရုံးဝန်ထမ်းများနှင့် ဂုဏ်ပြုတပ်ဖွဲ့ တို့က လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြ သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့သည် ခေတ္တတည်းခိုမည့် ပေကျင်းမြို့ ကျောက်ယုထိုင် နိုင်ငံတော် ဧည့်ဂေဟာသို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**

# မြို့မ ကျောင်းသား ကျောင်းသူဟောင်းများအသင်း သင်္ကြန်အကြိုစုံညီပွဲ ကျင်းပ

**ရန်ကုန် မေ ၈**

အထက(၂)၊ အထက(၃) မြို့မကျောင်းသား ကျောင်းသူဟောင်း အသင်းက ကြီးမှူးကျင်းပသော ဆဋ္ဌမအကြိမ်မြောက် မြို့မဟောင်း အသင်း၏ နှစ်သစ်အကြိုသင်္ကြန်ပွဲ စုံညီပျော်ပွဲရွှင်ပွဲအား ယနေ့ ညနေက ရန်ကုန်မြို့ ဒဂုံမြို့နယ် စံကားဝါလမ်းရှိ မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်းခန်းမ၌ စည်ကားသိုက်မြိုက်စွာကျင်းပ သည်။

အခမ်းအနားသို့ အနယ်နယ်အရပ်ရပ်ရှိ ကျောင်းသား ကျောင်းသူ ဟောင်းများ၊ ရန်ကုန်မြို့ပေါ်ရှိ ကျောင်းသား ကျောင်းသူဟောင်းများနှင့် မိသားစုဝင်များ စုံညီစွာတက်ရောက်ခဲ့ကြသည်။

မြို့မဟောင်းသင်္ကြန်ကြို အခမ်းအနားကို မကြာမီ နှစ်ဟောင်း ကုန်၍ နှစ်သစ်ကူးပြောင်းတော့မည့် အချိန်အခါသမယတွင် မြို့မ ကျောင်းသား ကျောင်းသူဟောင်းများက မြန်မာ့ရိုးရာသင်္ကြန် အချိန်ခါကို ကြိုဆိုသည့်အနေဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရ သည်။

သင်္ကြန်အကြိုနှစ်သစ်လက်ဆောင်စကားများကို အပြန်အလှန် ဆုတောင်းပေးကြပြီး ငယ်သူငယ်ချင်းများ ပြန်လည်ဆုံတွေ့ရသည့် အတွက် အလွန်ဝမ်းမြောက်ပျော်ရွှင်ရကာ ငယ်ဘဝသို့တစ်ဖန် ပြန်လည်ရောက်ရှိသွားသလို ခံစားရကြောင်းကိုလည်း အထက(၂)၊ အထက(၃) မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်း ဥက္ကဋ္ဌ ဦးသန်းဝင်းက နှစ်သစ်အကြိုဆုတောင်းစကားများနှင့်အတူ ပြောကြား ခဲ့သည်။ **သတင်း-အေးမင်းသူ၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**



**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# တန်းတူရေးသာ ငြိမ်းချမ်းရေးရဲ့တံခါး

## နိုင်ထိုက်

ငြိမ်းချမ်းရေးဟာ အသက်ဝိညာဉ်၊ ငြိမ်းချမ်းရေးဟာ ဘဝ၊ ငြိမ်းချမ်းရေးဟာ မနက်ဖြန်ပါ။ ဒါဟာနိုင်ငံသား ပြည်သူတစ်စုံတစ်ယောက်အတွက်ဖြစ်စေ၊ မိသားစုတစ်စုတိုင်းအတွက်ဖြစ်စေ တိုက်ရိုက် သက်ဆိုင်နေတာအမှန်ပါပဲ။ အနှစ်သာရအားဖြင့်တော့ ပြည်ထောင်စုမြန်မာနိုင်ငံ တစ်ခုလုံးကို ကိုယ်စားပြုတဲ့ တစ်မျိုးသားလုံးကို လုံခြုံစေမယ့် ခိုင်ခံ့တဲ့ အမိုးအကာရဲ့ သင်္ကေတပါ။ ဒီစာကြောင်းမှာ နောက်ဆုံးက "သင်္ကေတ"ဆိုတဲ့ စကားလုံးဟာ တကယ်တော့ မလိုပါဘူး။ သူမပါဘဲနဲ့လည်း အဓိပ္ပာယ်ပြည့်စုံနေပြီးသားပါ။ ဒါပေမယ့် တကယ့်ပကတိလုံခြုံအေးငြိမ်းတဲ့ ခိုလှုံရာ အမိုးအကာ (Shetter)ဆိုတာကို လွတ်လပ်ရေးသက်တမ်းနှစ်ပေါင်း ၇၀ ထဲရောက်လာတဲ့တိုင်အောင် ပြည်ထောင်စုသားတွေအဖို့တော့ စိတ်ထင်ရာ မှန်းဆပြောနေရတဲ့ ကိုယ်ပိုင် စိတ်ကူးပုံရိပ်တစ်ခုမျှသာ ဖြစ်နေပါသေးတယ်။ အဲဒီလို လုံခြုံတဲ့ အမိုးအကာ အောက်မှာတစ်ခဏဖြစ်ဖြစ် နားဖူး၊ခိုလှုံဖူး၊ ငြိမ်းချမ်းမှုရဲ့အရသာကို ခံစားကြည့်ဖူးဖို့မပြောနဲ့ ပြည်ထောင်စုရဲ့ မဟာမြို့တော်ကြီးမကျန် တစ်နိုင်ငံလုံး နေရာတကာမှာ ကျီးလန့်စာစားဘဝနဲ့ ရှင်သန်ဖြတ်သန်းနေကြရဆဲပါ။

ဒါကိုမသိတဲ့သူရှိနိုင်ပါသလား။ ဒီလောက်တော့လည်း မဟုတ်သေးပါဘူးလို့ ငြင်းဝံ့တဲ့သူရောရှိပါ့မလား။ ငြိမ်းချမ်းရေးဆိုတာ ငါနဲ့မဆိုင်ဘူး၊ ငါတော့ မလိုချင်ဘူးဆိုတဲ့သူရော ရှိလိမ့်မယ်ထင်ပါသလား။ ဒါဖြင့် ဘာကြောင့် ရောက်အောင်မသွားနိုင်၊ ဖြစ်အောင်မလုပ်နိုင်ခဲ့ကြတာလဲ။ ဆန်းစစ်ဖို့တော့ လိုပါလိမ့်မယ်။ ဒါကလည်း ပြောသာ ပြောရတာပါ။ ကိုယ့်အထင်နဲ့ကိုယ်၊ ကိုယ့်ရှုထောင့်ကအမြင်နဲ့ကိုယ် ဆန်းစစ်လာခဲ့ကြတာ လွတ်လပ်ရေးသက်တမ်းနဲ့အမျှပဲဆိုတာလည်း သိပါတယ်။ ဒါ့အပြင် ဘယ်နိုင်ငံမှာတော့ ဘယ်လိုအခြေခံနဲ့ ဖက်ဒရယ် (Federal)မူကို ကျင့်သုံးကြောင်း၊ ဘယ်နိုင်ငံမှာတော့ သူမနာ ကိုယ်မနာ၊ သူမသာ ကိုယ်မသာဖြစ်သွားအောင် ဘယ်လိုညှိနှိုင်းပြီး သဘောတူညီချက်ရယူကြောင်း စသည်ဖြင့် ဖတ်ရလွန်း၊ ကြားရလွန်းလို့ တစ်ခုနဲ့တစ်ခု လုံးထွေးရောနှောပြီး ကွဲကွဲပြားပြား မမှတ်မိတော့တာ၊ ဘယ်က ပြန်အစကောက်ရမှန်းကို မသိတော့တာတောင်ဖြစ်နေပြီ။

ဒီတော့ လွတ်လပ်မှုနဲ့ငြိမ်းချမ်းမှုကို နိုင်ငံရေးအာဏာလိုပဲ သေနတ်ပြောင်းဝကထွက်လာမယ်မှတ်ပြီး ကျန်းမာတဲ့လူသားတစ်ယောက်ရဲ့ဘဝ တစ်သက်တာလောက်ကြာအောင် ပစ်ခတ်တိုက်ခိုက်ကြတဲ့အထဲမှာ ဘက်အသီးသီးက ပါဝင်ခဲ့ဖူးတဲ့ ပြည်ထောင်စုဖွားအားလုံးရဲ့ ၂၀ရာခိုင်နှုန်းလောက်တော့ အသက်ရှင်လျက် ကျန်ဦးမယ်ဆိုကြပါစို့။ ဒါဟာအနည်းဆုံးသိန်းဂဏန်း အလတ်စားတော့ရှိနိုင်တယ်။ ဒါဖြင့် ပါဝင်ပစ်ခတ်ဖူးတာမဟုတ်ဘဲ ဘိုးဘေး အဆက်ဆက်နေထိုင်လုပ်ကိုင်လာခဲ့တဲ့ ကိုယ့်ရေ ကိုယ့်မြေပေါ်မှာ ခံမင်မြတ်နိုးစွာ အခြေချနေထိုင်ရင်း အညိုရောင်နယ်မြေတို့၊ အမည်းရောင်နယ်မြေတို့ သတ်မှတ်ပြီး စစ်တလင်းအဖြစ် အသုံးချခံလိုက်ရတဲ့အတွက် ရစရာမရှိအောင် အခြေပျက်၊ ဘဝပျက်၊ အသက်ဆုံးရတဲ့ ပြည်သူတွေထဲမှာ ဖြစ်သလို ဆက်လက်နေထိုင်သူရော၊ စွန့်လွှတ်ထွက်ခွာသွားရသူတွေရော ဘယ်လောက်များပြားလိမ့်မယ်လို့ ထင်ကြပါသလဲ။ အဲဒီလူအားလုံးထဲမှာ ကိုယ်တွေ့သိမီခံစားခဲ့ရသူ ဘယ်နှရာခိုင်နှုန်းလောက် အသက်ရှင်လျက်ရှိနေကြဦးမလဲ။ မှန်းဆကြည့်ကြပါ။ ပါဝင်တိုက်ခိုက်ဖူးသူတွေထက် အရေအတွက်ပိုများမှာပဲဆိုတာ ငြင်းတဲ့သူရှိလိမ့်မယ်မထင်ဘူး။ ဒါဟာ ကိုယ်တိုင်တွေ့ကြုံဖြတ်သန်းခဲ့သူ တစ်ယောက်ရဲ့ အမြင်နဲ့ရှုထောင့်ကစဉ်းစားမိ၊ ခံစားမိသမျှကို မျှဝေလိုက်တာပါ။

ဒီတော့ ကိုယ့်နိုင်ငံထဲမှာပဲနေတဲ့ ပြည်ထောင်စုသားတွေပဲဖြစ်နေတဲ့ အဲဒီလိုလူတွေအားလုံးကို လှည်းနေလှေအောင်းမကျန် လျှိုမြောင်၊ တောင်ထိပ်နဲ့ နယ်စပ်အလွန်က ဒုက္ခသည်စခန်းမကျန် တွေ့ဆုံစာရင်းပြုစုပြီး သူတို့ရဲ့ ကိုယ်တွေ့ခံစားချက်တွေ၊ အတွေးအမြင်တွေနဲ့ သူတို့ရဲ့အိပ်မက်ထဲက ခိုလှုံရာ အမိုးအကာပုံသဏ္ဌာန်အမျိုးမျိုးတွေကို မေးမြန်းစုစည်းမှတ်တမ်းတင်သင့်တာပေါ့လို့ရော မထင်ကြဘူးလား။ ကိုယ့်ကိုယ်ကိုယ် တာဝန်ရှိသူလို့ထင်တာမှန်လျှင် ဒီလောက်လေးတော့ စဉ်းစားမိသင့်တယ်ထင်လို့ပါ။ "တာဝန်ရှိတယ်"ဆိုတဲ့ ဝေါဟာရကလည်း လေးနက်စွာအဓိပ္ပာယ်ဖွင့်ရဦးမယ့် အသေး မလိုဘူးတို့ အလုပ်ရှုပ်ခံပြီး ဘယ်ငြင်းနေပါ့မလဲ။ ကိုယ့်သေနတ်ကိုယ်ကိုင်ပြီး ကိုယ့်သဘောနဲ့ကိုယ် လုပ်ချင်ရာလုပ်နေကြမှာပေါ့။ ဒီတော့ အားလုံးဟာ "စစ်မှန်တဲ့ ငြိမ်းချမ်းရေး"ကို လိုချင်သူချည်းပဲဆိုတာ ရှင်းနေပြီ။ ဘာကြောင့် ငြိမ်းချမ်းချင်ကြရတာလဲဆိုလျှင် သက်ဆိုင်ရာ ပြည်ထောင်စုသား လူမျိုးစုအသီးသီးရဲ့ ဘဝအာမခံချက်တွေအတွက် လုံခြုံမှုတတဲ့ ခိုလှုံစရာ အမိုးအကာ ရရှိဖို့ပါ။

ဒါဖြင့် ပြည်ထောင်စုဖွား နိုင်ငံသားမှန်သမျှကို တန်းတူရည်တူ သဘောထားလို့သာ ဆွေးနွေးချင်ကြတဲ့၊ ဆွေးနွေးကြရတဲ့ အကြောင်းအရင်းဖြစ်ပေါ်လာတာ မဟုတ်ဘူးလား။ တခြားဘာများရှိဦးမှာလဲ။ အကယ်၍ ပါဝင်သူတစ်စုံတစ်ယောက်မှာ အခြားကွေ့ကောက်တဲ့ အကြံအစည်ရှိနေတဲ့တိုင် ထုတ်ဖော်ဝန်ခံဝံ့မှာ မဟုတ်တဲ့အတွက် "တန်းတူရေး"ကို အခြေခံရမယ်ဆိုတာ သူလည်း ငြင်းနိုင်မှာ မဟုတ်ဘူး။ အဖြေက ငါတို့ လက်ထဲမှာရှိနေတယ်။ ငါတို့က အစဉ်အလာအရ တာဝန်ယူထိန်းသိမ်းရတာ။ ဒါကြောင့် အခြေအနေ အချိန်အခါအလျောက် ရသင့်ရထိုက်သလောက်ရကြအောင် လိုအပ်သလို

**တကယ်တော့ အားလုံးတောင့်တနေတဲ့ ငြိမ်းချမ်းရေးက လက်တစ်ကမ်းအကွာမှာပဲ ရှိနေတာပါ။ မြင်းမိုရ်တောင်ထိပ်မှာ တည်နေတာ မဟုတ်သလို၊ မဟာသမုဒ္ဒရာအောက်မှာ ငုပ်လျှိုးနေတာလည်းမဟုတ်ဘူး။ ဒါပေမယ့် ထူးခြားချက်က ဘယ်တန်ခိုးရှင်ရဲ့ လက်နဲ့မှ လှမ်းယူဆွတ်ခူးပေးလို့ မရနိုင်ဘူး။ သက်ဆိုင်သူတို့ရဲ့ လက်တွေအားလုံး အချိန်အဆညီစွာ ပြိုင်တူလှမ်းလိုက်ကြဖို့ပဲ လိုပါတယ်။ လက်တွေ့ဒီအတိုင်းဖြစ်လာနိုင်ဖို့ "တန်းတူရေး"နဲ့စမှသာ စိတ်ပါလက်ပါ ပြိုင်တူကြိုးစားကြပါလိမ့်မယ်။ ဒီတော့မှသာ ရတနာသိုက်ရဲ့ တံခါးကြီးလည်း အလိုလို ပွင့်သွားလိမ့်မယ်လို့ စွဲမြဲယုံကြည်ဖို့သာလိုပါကြောင်း။**

စိတ်အချက်အလက်များစွာလိုအပ်ပါတယ်။ ဒါပေမယ့် သာမန်ပြည်သူတွေနဲ့အလှမ်းဝေးနေတဲ့ဥပဒေကြောင်းအရ အကျုံးဝင်သမျှ စကားလုံးတွေကို မစီခင်မှာ "ဘယ်သူ့အတွက်တာဝန်ရှိတာလဲ" ဆိုတာလေးကိုတော့ ဦးစွာအဖြေထုတ်ကြပါဦးဆိုလျှင် ငြင်းစရာမရှိတာသေချာနေကြောင်း တွေ့ကြရမှာပါ။

"ငြိမ်းချမ်းရေး"ဆိုတဲ့ ခေါင်းစဉ်နဲ့ တွေ့ဆုံဆွေးနွေးရေးစာပွဲဝိုင်းဖြစ်လာအောင် စတင်ခင်းကျင်းသူ၊ အဲဒီစကားဝိုင်းမှာ မျက်နှာချင်းဆိုင်ပါဝင်သူ၊ အပြင်ကနေ ဝိုင်းဝန်းပါဝင်သူ၊ ယနေ့အထိ ပါဝင်သင့်၊ မသင့် စဉ်းစားနေဆဲဖြစ်သူ၊ ပါဝင်ခွင့်ကန့်သတ်ထားခြင်းခံရသူ အားလုံးဟာ "ငြိမ်းချမ်းရေး" ရမှဖြစ်မယ်လို့ အလိုအလျောက် လက်ခံထားကြပြီးသားပါ။ အကယ်၍ သူတို့ဟာ ဒါကို လက်ခံမထားဘူး၊ အရေးကြီးတယ်လို့မထင်ဘူးဆိုလျှင် ပါဝင်သင့်တယ်တို့၊ မပါဝင်သင့်တယ်တို့၊ ကြိုတင်ချမှတ်ထားတဲ့ မူတွေလိုတယ်တို့၊ ဦးဆောင် စီစဉ်ပေးမယ်လို့ မစဉ်းစား မကြံစည်မိဖို့က အရေးအကြီးဆုံးပါပဲ။ စစ်မှန်တဲ့ငြိမ်းချမ်းရေးကို တကယ်ရယူလိုစိတ်ရှိလျှင် "တန်းတူရေး"ကို ယုံယုံကြည်ကြည် (ဘဝတူ ပြည်ထောင်စုသားအားလုံးကို ယုံကြည်) ရဲရဲရင့်ရင့် (သတ္တိရှိရှိ)နဲ့ ခိုင်ခိုင်မာမာ ဆုပ်ကိုင်ရပ်တည်ထားဖို့လိုပါတယ်။ တကယ်တော့ အားလုံးတောင့်တနေတဲ့ ငြိမ်းချမ်းရေးက လက်တစ်ကမ်းအကွာမှာပဲ ရှိနေတာပါ။ မြင်းမိုရ်တောင်ထိပ်မှာ တည်နေတာ မဟုတ်သလို၊ မဟာသမုဒ္ဒရာအောက်မှာ ငုပ်လျှိုးနေတာလည်းမဟုတ်ဘူး။ ဒါပေမယ့် ထူးခြားချက်က ဘယ်တန်ခိုးရှင်ရဲ့ လက်နဲ့မှ လှမ်းယူဆွတ်ခူးပေးလို့ မရနိုင်ဘူး။ သက်ဆိုင်သူတို့ရဲ့ လက်တွေအားလုံး အချိန်အဆညီစွာ ပြိုင်တူလှမ်းလိုက်ကြဖို့ပဲ လိုပါတယ်။ လက်တွေ့ ဒီအတိုင်းဖြစ်လာနိုင်ဖို့ "တန်းတူရေး"နဲ့ စမှသာ စိတ်ပါလက်ပါ ပြိုင်တူ ကြိုးစားကြပါလိမ့်မယ်။ ဒီတော့မှသာ ရတနာသိုက်ရဲ့ တံခါးကြီးလည်း အလိုလို ပွင့်သွားလိမ့်မယ်လို့ စွဲမြဲယုံကြည်ဖို့သာ လိုပါကြောင်း။ ။

---

# လေအေးပေးစက် ဝန်ဆောင်မှုမပေးနိုင်သည့် YBS ယာဉ်လိုင်းများ ယာဉ်စီးခ ကျပ် ၁၀၀ နှင့် ခရီးစဉ်ပိုင်းဖြတ်မှုနှုန်းထားအတိုင်း ကောက်ခံရမည်

**ရန်ကုန် မေ ၈**

ရန်ကုန်မြို့တော်တွင် ပြေးဆွဲလျက်ရှိသော YBS ဘတ်စ်ကားလိုင်းများတွင် လေအေးပေးစက် (Aircon) ဝန်ဆောင်မှုမပေးနိုင်သည့် ယာဉ်လိုင်းများအနေဖြင့် ယာဉ်စီးခ ကျပ် ၁၀၀နှင့် ခရီးစဉ်ပိုင်းဖြတ်မှု နှုန်းထားအတိုင်း ကောက်ခံရမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

အဆိုပါ လေအေးပေးစက် မပါရှိသည့် ဘတ်စ်ကားလိုင်းများအနေဖြင့် ယခင်ပုံသေ ကျပ် ၂၀၀ ကောက်ခံနေမှုအစား ယာဉ်စီးခ ကျပ် ၁၀၀ နှင့် ခရီးစဉ်ပိုင်းဖြတ်မှုအလိုက်သာ ကောက်ခံရမည်ဖြစ်ပြီး ယင်းသို့ ကောက်ခံမှုကို မေ ၇ ရက်မှစတင်ကာ ကျင့်သုံးဆောင်ရွက်ရမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာ မောင်အောင်က ပြောသည်။

"လေအေးပေးစက်ပါတဲ့ ယာဉ်တွေ၊ ဝန်ဆောင်မှုပေးတဲ့ယာဉ်တွေအနေနဲ့ ပုံသေ ကျပ် ၂၀၀ ကောက်ခံမှာကို ခွင့်ပြုမှာဖြစ်ပါတယ်။ မပါတဲ့ယာဉ်တွေကတော့ ယာဉ်စီးခကို ကျပ် ၁၀၀နဲ့ ခရီးစဉ်ပိုင်းဖြတ်မှုအလိုက်ပဲ ကောက်ရမှာပါ။ အစိုးရအနေနဲ့ ဝယ်ယူထားတဲ့ ကားသစ်တွေ ရောက်လာတဲ့အခါလည်း ကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေ ပေးနိုင်အောင်ရယ်၊ ကတ်စနစ်ကျင့်သုံးနိုင်အောင်ရယ် ဆောင်ရွက်နေပါတယ်"ဟု ဒေါက်တာ မောင်အောင်က ပြောသည်။

ယင်းသို့ လေအေးပေးစက် ဝန်ဆောင်မှုပေးသော ဘတ်စ်ကားလိုင်းများ YBS ယာဉ်လိုင်းများတွင် ပြေးဆွဲမှုများရှိလာပြီး အချို့မှာ ဝိုင်ဖိုင် အင်တာနက်စနစ်ကိုပါ ဝန်ဆောင်မှုပေးလာကြောင်း သိရသည်။ ပုဂ္ဂလိက ယာဉ်လိုင်းကုမ္ပဏီအချို့မှလည်း ကားသစ်များ ထည့်သွင်းကာ အခြားယာဉ်လိုင်းများနှင့်အပြိုင် ဝန်ဆောင်မှုပေးလာမှုများလည်းရှိကြောင်း ဘတ်စ်ကားစီး ခရီးသည်များ၏ ပြောကြားချက်အရ သိရသည်။

"အဲကွန်းဖွင့်တဲ့ယာဉ်တွေလည်း ရှိတယ်။ မဖွင့်တာတွေလည်း ရှိတယ်။ အခုထိ စီးရတာ အဆင်မပြေတာတွေလည်း ရှိနေတာပဲ။ ကျပ်ညပ်ပြီး တစ်စီးနဲ့တစ်စီး အတော်စောင့်ရတယ်။ ချောင်ပြီး သက်သောင့်သက်သာဖြစ်တဲ့ ယာဉ်လိုင်းမျိုးတွေကျတော့ ကိုယ်သွားချင်တဲ့ဘက်ကို မရောက်ဘူး။ ကားသစ်တွေနဲ့ အဲကွန်းတွေနဲ့ ကားတွေအားလုံး တစ်ပုံစံတည်းဆိုရင်တော့ အတော်အဆင်ပြေမှာပါ"ဟု နေ့စဉ်လိုင်းကားစီး ခရီးသည်တစ်ဦးက ပြောသည်။

ရန်ကုန်မြို့တွင် ပြေးဆွဲနေသော YBS ယာဉ်လိုင်းပေါင်း ၈၂ လိုင်းရှိပြီး ၇၉ လိုင်း ပြေးဆွဲလျက်ရှိကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တရုတ်နိုင်ငံတို့ အစိုးရချင်း ချိတ်ဆက်မှုဖြင့် ဝယ်ယူထားသည့် ဘတ်စ်ကားသစ် အစီး ၁၀၀၀ မှာ မေလကုန်ပိုင်းတွင် ရောက်ရှိနိုင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

(ဝဝ၁)

---

# စိတ်ကြွဆေးများနှင့် တရားမဝင်ဆေးဝါးများ ရောင်းချမှုမရှိစေရေးစစ်ဆေး

**ရန်ကုန် မေ ၈**

သင်္ကြန်ကာလအတွင်း မှုခင်းဖြစ်ပွားမှုမရှိစေရေး ကာမရာဂစိတ်ကြွဆေးများနှင့် တရားမဝင်ဆေးဝါးများ ရောင်းချခြင်းမရှိစေရန်အတွက် ထန်းတပင်မြို့ပေါ် ရပ်ကွက်များအတွင်း ဆေးဆိုင်များကို မြို့နယ်ရဲတပ်ဖွဲ့၊ မြို့မစခန်းမှူး ဒု-ရဲမှူး အောင်သိန်း၊ မြို့နယ်ကုသရေးဦးစီးဌာန လက်ထောက်ဆရာဝန် ဒေါ်ဆုမွန်ဝေနှင့် ကျန်းမာရေးဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မေ ၄ ရက်က ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

(ဒွေးကြိုင်)

■

# ချစ်သောသင်္ကြန်၊ ကျွန်မတို့ရဲ့ အထွတ်အမြတ်သင်္ကြန်

## အမရာ (ရှုပ)

မြန်မာ့ရိုးရာသင်္ကြန်ဆိုတာ တနင်္ဂနွေဂြိုဟ် တစ်ရာသီက တစ်ရာသီသို့ ပြောင်းရွှေ့တာကိုခေါ်ပြီး အထူးသဖြင့် မိန်ရာသီကနေ မိဿရာသီကိုကူးပြောင်းရာက ဖြစ်လာတယ်လို့ ဆိုပါတယ်။ မြန်မာတို့ရဲ့အထွတ်အမြတ်နေ့ကြီးရက်ကြီးဖြစ်ပါတယ်။ သင်္ကြန်ဆိုတာ ခေါင်းလျှော်ခြင်း၊ ကူးပြောင်းခြင်းလို့ အဓိပ္ပာယ်ရပြီး မင်္ဂလာ ၁၂ ပါးမှာ တစ်ပါးအပါအဝင်လည်း ဖြစ်ပါတယ်။

နှစ်ဟောင်းကနေ နှစ်သစ်ကိုကူးပြောင်းတဲ့ မင်္ဂလာရှိတဲ့ အခါသမယမှာ မကောင်းတဲ့ စိတ်အညစ်အကြေးတွေကို နှစ်ဟောင်းမှာပဲထားခဲ့ဖို့ နှစ်သစ်ကို လူသစ်စိတ်သစ်နဲ့ ကူးပြောင်းဝင်ရောက်ဖို့ ရည်ရွယ်တဲ့အဓိပ္ပာယ်နဲ့ လူကြီးတွေကို ခေါင်းလျှော်၊ ခြေသည်း၊ လက်သည်းလှီး၊ ဘုရားဆင်းတုတော်များ၊ ရေသပ္ပာယ်ခြင်းတို့အပြင် ဥပုသ်စောင့်ခြင်း၊ ခေါင်းလျှော်ခြင်းတို့ ပြုလုပ်ကြပါတယ်။

ရှေးကတော့ဖလားထဲကရေကို သပြေခက်နဲ့ အသာအယာပက်ကြတာပေါ့။ တဖြည်းဖြည်းခေတ်ပြောင်းလာတာနဲ့အမျှ ရေပက်ပုံရေပက်နည်းတွေ ပြောင်းလဲလာပါတယ်။ ခေတ်မီရာကနေ ခေတ်လွန်လာပါတယ်။ ဒီလိုရာသီချိန်ခါမှာ ကျောင်းသားကျောင်းသူများ၊ ဝန်ထမ်းများ၊ အလုပ်သမားများမှာ ခံစားလာရတဲ့ စိတ်ဖိစီးမှုတွေ လွတ်ရာလွတ်ကြောင်း စိတ်ထွက်ပေါက်အနေနဲ့ ပျော်ချင်ပါးချင်ကြတာ။ Emotional Outlet ပေါ့လေ။ နိုင်ငံရပ်ခြားကို အကြောင်းအမျိုးမျိုးနဲ့ ရောက်နေသူတွေဟာ သင်္ကြန်ချိန်ခါမှာ အမိမြေကို ပြန်မလာနိုင်ခဲ့ရင် မျက်ရည်စို့မတတ်ဖြစ်ကာ သင်္ကြန်အလွမ်းကို ရင်တနင့်နင့်နဲ့ ခံစားကြရပါတယ်။

တချို့ဆိုလည်း သင်္ကြန်ချိန်ကိုရွေးပြီးမှ အမိမြေကို အလည်ပြန်တတ်ကြပါရဲ့။ တချို့ Tourist များတောင်မှ မြန်မာ့ရိုးရာသင်္ကြန်ကို ကြည့်ချင်မြင်ချင် ခံစားချင်တာနဲ့ Water Festival Tour ဆိုပြီး သက်သက်လာလည်ကြပါတယ်။ ထိုင်းမှာလည်း သင်္ကြန်ကျပါတယ်။ ဒါပေမယ့် မြန်မာပြည်လောက်မစည်ကားပါဘူး။ ချင်းမိုင်၊ ပတ္တရားကမ်းခြေလောက်ပဲ ဖြိုးဖြိုးဖြောက်ဖြောက်ရှိရာကနေ အခုနှစ်များဆီမှာ Tourist Attraction တစ်ခုအနေနဲ့ မြန်မာပြည်ကနေတောင် ပြန်နည်းနာယူလို့ နိုင်ငံခြားသားတွေလာအောင် ဆွဲဆောင်နေပါတယ်။

ထိုင်းထက် ရိုးရာသင်္ကြန်ပွဲ စဉ်ဆက်မပြတ် ပြုလုပ်ကျင်းပခဲ့တဲ့ ကျွန်မတို့က သူတို့ထက် ဧည့်သည်ပိုလာချင်အောင်လုပ်နိုင်မယ်ဆိုရင် Tourism Income ပိုလာမှာပါပဲ။

သင်္ကြန်လည်တဲ့အချိန်မှာ မိုးလင်းကမိုးချုပ်ရေစိုချမ်းခိုက်ခိုက်တုန်နေတာအကြောင်းပြုပြီး လူငယ်လူရွယ်တွေက အရက်သေစာ သောက်စားလာကြပါတယ်။ ခုခေတ်ကတော့ အရက်ဆိုင်၊ ဘီယာဆိုင်ဆိုတာက လက်ညှိုးထိုးမလွဲကိုး။ အရင်ခေတ်က BE ဆိုတဲ့ အစိုးရအရက်ဖြူဆိုင်ပဲရှိတာ။ အရက်သမားအစစ်တွေလောက် အရက်ဆိုင်သွားသောက်ပြီး အပျော်သောက်စရာ ဘီယာလိုဟာမျိုးကလည်း ရွှေထက်ရှားတော့ တော်ရုံတန်ရုံ မသောက်ဖြစ်ကြဘူးပေါ့လေ။

ဒီခေတ်ကျတော့ ကွမ်းယာဆိုင်၊ အရက်ဆိုင်ဆိုတာ လမ်းဘေးမှာခလုတ်တိုက်မတတ်ဖြစ်နေတာမို့ လွယ်လွယ်ရတော့ လွယ်လွယ်သောက်၊ မူးလာတော့ သွေးဆူတတ်တဲ့ လူတချို့ကြောင့် မြန်မာ့ရိုးရာသင်္ကြန်ပွဲအကျည်းတန်ခဲ့ရပါတယ်။

အရက်သောက်ချင်လို့ သင်္ကြန်ပွဲတော်လုပ်တာ မဟုတ်ဘဲ သင်္ကြန်လုပ်ရင်းအရက်သောက်ဖြစ်တာဆိုတော့ ကိုယ့်ရိုးရာလည်းမပျက်စေရအောင်၊ ရာဇဝတ်မှုတွေလည်း မထူပြောအောင် တာဝန်ရှိသူတွေက စေတနာအပြည့်နဲ့ စီစဉ်ပေးစေချင်ပါတယ်။ ဖိနပ်သေးနေလို့ ဖနောင့်မဖြတ်ရရင်တော့ အတိုင်းထက်အလွန်ပေါ့ရှင်။ သင်္ကြန်မှာ ရေတွေဖြုန်းရာမရောက်အောင် မီးသတ်ပိုက်များ၊ Pressure Hoses များ မသုံးဖို့လည်း ပညာပေးတားမြစ်နိုင်ပါတယ်။

သင်္ကြန်ကိုပြန်ကောက်ရရင် ဟိန္ဒူပြဟ္မဏများရဲ့ ဒက္ခာရီလေးကလည်း မမေ့သင့်ပါဘူး။ ဒက္ခာရီအရ နတ်တို့သနင်း သိကြားမင်းနဲ့ ပြဟ္မာကြီးတစ်ပါး ဗေဒင်ကိန်းခန်းနဲ့ ပတ်သက်ပြီး အငြင်းအခုံဖြစ်ကြပါသတဲ့။ နောက်ဆုံးရှုံးသူခေါင်းဖြတ်ကြေး အလောင်းစားလုပ်ပြီး ကဝိလမိုင်းအမည်ရှိပညာရှိကြီးဆီ သွားကြတော့ သိကြားမင်းကို အနိုင်ပေးလိုက်တဲ့အတွက် ပြဟ္မာကြီး ခေါင်းဖြတ်ခံရပါရော။ ပြဿနာကအခုမှစတာ။ ပြဟ္မာကြီး ဦးခေါင်းဆိုတော့ သိကြတဲ့အတိုင်း ဘယ်မှချထားပစ်ထားလို့ မရဘူးဆိုတာကိုး။ သိကြားမင်းခမျာ နောက်ဆုံးအကြံကုန်တော့ သူ့မိဖုရားနတ်သမီးတွေကို ပြဟ္မာကြီး ဦးခေါင်းကိုအလှည့်ကျကိုင်ထားခိုင်းရတာပေါ့။ တစ်လှည့်က လူတို့အချိန်ကာလနဲ့ဆို တစ်နှစ်ကြာပါတယ်။ ပြဟ္မာကြီးဦးခေါင်းကို လက်ပြောင်းတဲ့ခါ သင်္ကြန်ကျတယ် ဆိုပါတယ်။

သင်္ကြန်စာဆိုတာလည်း မြန်မာလူမျိုးတို့အတွက် အင်မတန်အရေးကြီးတဲ့ ရှေ့တစ်နှစ်စာ ဟောစာတမ်းပါ။ လူကြီးတွေက ဒီနှစ်သိကြားမင်းကြီး ဘာစီးဆင်းမယ်၊ လက်က ဘာကိုင်လာမယ်ဆိုတာ စိတ်ဝင်တစား ဆွေးနွေးကြပါတယ်။ တိုင်းပြည်ရဲ့ ကံကြမ္မာဟာ အဲဒါတွေနဲ့ သက်ဆိုင်မယ်လို့ ရိုးသားစွာယုံကြည်ကြပါတယ်။

ကလေးတွေအနေနဲ့ကတော့ သိကြားမင်းဆောင်ယူလာမယ့် ရွှေ၊ ငွေ၊ ကြေးနဲ့ ခွေးသားရေ ပုရပိုက်ကို ပိုစိတ်ဝင်စားတယ်။

သင်္ကြန်နားနီးရင် သိကြားမင်းက ခွေးသားရေပုရပိုက်ထဲမှတ်သွားမှာနော်လို့ အပြောခံရမှာကြောက်လို့ လိမ္မာနေလိုက်ရတာ အမောပါပဲ။ လူကြီးတွေ စိတ်သက်သာရာရတဲ့လဆိုရင်လည်း မမှားပါဘူး။

သင်္ကြန်တွင်းမှာ ကောင်းမှုကုသိုလ်တွေလုပ်ကြ၊ ငါးလွှတ်ကြ၊ သက်ကြီးရွယ်အိုဘိုးဘွားတွေကို ခေါင်းလျှော်ရေချိုး၊ ခြေသည်း၊ လက်သည်းလှီးပေး၊ နံ့သာတွေသွေးပေး၊ မုန့်လုံးရေပေါ်တွေလုပ်ဝေကြ၊ ရေတ်သီးခိုးထည့်လို့ စပ်သွားတာတွေ့ရင် ရယ်မောပျော်ရွှင်ကြ၊ အလစ်မှာ အိုးမဲသုတ်ကြ၊ နယ်မြို့တွေမှာဆို လူပျိုတွေက မြို့ခံအပျိုတွေအိမ် ရေဖလားပိုက်ပြီးရေပက်ခွင့် တောင်းကြ။ အိုသင်္ကြန်ဆိုတာ ကျွန်မတို့ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေရဲ့ ဘယ်သောအခါမှမရိုးနိုင်တဲ့ နှလုံးသည်းပွတ်နဲ့ တူပါလေသော ရိုးရာအစဉ်အလာပွဲလမ်းသဘင်တစ်ခု ဖြစ်ခဲ့၊ ဖြစ်ဆဲ၊ ဖြစ်နေဦးမှာ မလွဲပါဘူးရှင်။ ။




# မြန်မာနှင့် ဗီယက်နမ် အသေးစားငွေကြေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မည်

**ရန်ကုန် ဧပြီ ၈**

မြန်မာ့စီးပွားရေးလောက အရှိန်အဟုန်ဖြင့် တိုးတက်လာရန် ပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် အကျိုးတူလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အလားအလာကောင်းများ တွေ့မြင်နေရပြီဖြစ်သည်။ ယခုအခါလည်း ငွေကြေးဝန်ဆောင်မှု လုပ်ငန်းလိုအပ်သူများအတွက် မြန်မာနှင့်ဗီယက်နမ်နှစ်နိုင်ငံတို့ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရမည်ဖြစ်သည်။ မြန်မာနှင့်ဗီယက်နမ်တို့ ပူးပေါင်းဆောင်ရွက်မှုအဖြစ် Myanmar Ruby Hill Financial ကုမ္ပဏီနှင့် Dragon Capital ကုမ္ပဏီတို့ နှစ်ဦးသဘောတူ လတ်မှတ်ရေးထိုးပွဲကို ဗီယက်နမ်နိုင်ငံ ဟိုချီမင်းစီးတီးတွင်ကျင်းပခဲ့သည်။

အခမ်းအနားတွင် လွယ်ဟိန်းအုပ်စုကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းနှင့် Dragon Capital အုပ်စု ကုမ္ပဏီဥက္ကဋ္ဌ Mr. Dominic Scriven တို့က အမှာစကားပြောကြားပြီး ဖက်စပ်လုပ်ငန်း သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကာ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ယင်းကုမ္ပဏီနှစ်ခုသည် ကနဦးရင်းနှီးမြှုပ်နှံမှုအဖြစ် အမေရိကန်ဒေါ်လာငါးသန်းဖြင့် စတင်ဆောင်ရွက်မည်ဖြစ်ပြီး လုပ်ငန်းများကို ဧပြီ ၁၀ ရက်တွင် စတင်သွားမည်ဖြစ်သည်ဟု သိရှိရသည်။

(ဝင်းမြင့်)



# ရေယာဉ်နစ်မြုပ်မှုကြောင့် သေဆုံးသူများနှင့် ကယ်ဆယ်ရရှိသူများအား ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက အလှူငွေများထောက်ပံ့

**ပုသိမ် ဧပြီ ၈**

ဧပြီ ၇ ရက် ည ၇ နာရီခွဲခန့်တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကြက်တန်းကူးတို့ဆိပ် အောက်ဘက် ပုသိမ်ထီးအနီး ငဝန်မြစ်အတွင်း မင်္ဂလာဆောင်မှ ပြန်လာသည့် ငွေကြယ်ပွင့် ခရီးသည်တင်ရေယာဉ်နှင့် နဒီရွှေစင်ကျောက်သယ်သင်္ဘောတို့ မျက်နှာချင်းဆိုင် တိုက်မိမှုဖြစ်ပွားပြီး ငွေကြယ်ပွင့် ခရီးသည်တင် ရေယာဉ်နစ်မြုပ်မှုဖြစ်ပွားခဲ့သည်။ ငွေကြယ်ပွင့်ခရီးသည်တင်ရေယာဉ်တွင် လိုက်ပါလာသော ခရီးသည် ၂၀ သေဆုံးကာ ၃၀ အသက်ရှင်လျက် ကယ်ဆယ်ရရှိခဲ့သည်။

အဆိုပါ ရေယာဉ်နစ်မြုပ်မှုကြောင့် သေဆုံးခဲ့သူ ၂၀ အတွက် တစ်ဦးလျှင် ငွေကျပ်ငါးသိန်းစီနှင့် ပြန်လည်ကယ်ဆယ်ရရှိသူ ၃၀ အတွက် တစ်ဦးလျှင် ထောက်ပံ့လှူဒါန်းငွေကျပ် တစ်သိန်းစီကို ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း တာဝန်ရှိသူများက ကာယကံရှင်များထံသို့ ပုသိမ်မြို့ဆေးရုံကြီးတွင် သွားရောက် လှူဒါန်းခဲ့ကြောင်းသိရသည်။

(၀၁၀)

# ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဟော်ကီအသင်း ပူးတွဲလေ့ကျင့်မှု ပြုလုပ်ရန်ထွက်ခွာ

**ဗန်ကောက် ဧပြီ ၈**

မြန်မာ့လက်ရွေးစင်အမျိုးသမီး ဟော်ကီအားကစားအသင်းသည် ဆီးဂိမ်းပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ လေ့ကျင့်မှုများပြုလုပ်ရန် ယနေ့ညနေ ၅ နာရီ ၅၀ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးဝင်းထူးနှင့် အမှုဆောင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားမှူး ဦးရဲကျော်သူ၊ ဦးမင်းသူချစ်တို့က လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့သည်။

မြန်မာအမျိုးသမီး ဟော်ကီအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးနေထွန်း၊ လက်ထောက်အုပ်ချုပ်သူအဖြစ် ဒေါ်ခင်လေးမွန်၊ နည်းပြအဖြစ် ပါကစ္စတန်လူမျိုး Mr.Asif Maqsood၊ မြန်မာနည်းပြများအဖြစ် ဦးအောင်မှူး၊ ဦးသူရကျော်၊ ဦးစိုးလင်းအောင်နှင့် အားကစားသမား ၁၉ ဦးတို့ လိုက်ပါသွားကြသည်။ အဆိုပါအသင်းသည် ဧပြီ ၈ ရက်မှ မေ ၆ ရက်အထိ တစ်လကြာ နေထိုင်လေ့ကျင့်သွားမည်ဖြစ်ပြီး အမျိုးသမီးအသင်းနည်းပြတာဝန်ထမ်းဆောင်ရန် ပါကစ္စတန်လူမျိုးနည်းပြ Mr. Asif Maqsood အား ငှားရမ်းခဲ့ပြီး ဆီးဂိမ်းပြိုင်ပွဲအထိ လေ့ကျင့်မည်ဖြစ်သည်။ **သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်**



# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ရေးလုပ်ငန်းများအတွက် ကျွမ်းကျင်ဝန်ထမ်းများမွေးထုတ်




**ရန်ကုန် မေ ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စက်မှုတိုင်း(၁) စက်မှုလုပ်ငန်းခွင်သင်တန်းကျောင်း (ရန်ကုန်)မှ တည်ဆောက်ရေးလုပ်ငန်းများတွင် ကျွမ်းကျင်ဝန်ထမ်းများ ပေါ်ထွက်လာစေရန်ရည်ရွယ်ပြီး ကွန်ပျူတာစနစ်ပါဝင်သည့် Bulldozer Simulator နှင့် Hydraulic Excavator Simulator စက်များဖြင့် သင်တန်းများပို့ချသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

"ကွန်ပျူတာစနစ်ပါတဲ့စက်တွေနဲ့ နိုင်ငံခြားသား သင်တန်းနည်းပြတွေကသင်ပေးတယ်။ ဒီကနေသင်တန်းနည်းပြတွေကို မွေးထုတ်သွားမယ်။ သင်တန်းနည်းပြတွေ မွေးထုတ်ပြီးတာနဲ့ တည်ဆောက်ရေးလုပ်ငန်းတွေမှာ ကျွမ်းကျင်ဝန်ထမ်းတွေ ပေါ်ထွက်လာဖို့ ဒီစက်တွေနဲ့ သင်တန်းတွေ ဆက်လက်ပို့ချသင်ကြားပေးသွားမယ်"ဟု ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းထွဋ်ကဆိုသည်။

စက်မှုတိုင်း(၁) စက်မှုလုပ်ငန်းခွင်သင်တန်းကျောင်း (ရန်ကုန်)မှ ယခင်က သင်တန်းများကိုစက်ကြီးများဖြင့် သင်ကြားပို့ချခဲ့ပြီး ယခုအခါ နိုင်ငံတကာတွင်ပို့ချနေသည့် နည်းစနစ်အတိုင်း ကွန်ပျူတာစနစ်ပါသည့် ခေတ်မီစက်များဖြင့် ပို့ချလျက်ရှိရာ နေရာအခက်အခဲ၊ ကုန်ကျမှုစရိတ်၊ လုပ်ငန်းခွင်အန္တရာယ်များကို လျှော့ချနိုင်ခဲ့ကြောင်း သိရသည်။

"အရင်ကသင်တန်းတွေကို စက်ကြီးတွေနဲ့ သင်ကြားပေးတယ်။ ကွန်ပျူတာစနစ်ပါတဲ့စက်တွေနဲ့ သင်ကြားပေးရတော့ လုပ်ငန်းခွင်အန္တရာယ်လည်းကင်းတယ်။ ကျွမ်းကျင်မှုအရည်အချင်း အကဲဖြတ်တာကိုလည်း ကွန်ပျူတာအမှတ်ပေးစနစ်နဲ့ပဲ အကဲဖြတ်တယ်"ဟု ညွှန်ကြားရေးမှူး ဦးဝင်းထွဋ်ကပြောသည်။

ယခုသင်ကြားပေးလျက်ရှိသည့် ကွန်ပျူတာစနစ်ပါဝင်သည့် Bulldozer Simulator နှင့် Hydraulic Excavator Simulator စက်များသည် ကနေဒါနိုင်ငံထုတ်စက်များဖြစ်ပြီး UMG ကုမ္ပဏီက တင်ဒါအောင်ကာ တင်သွင်းလာသည့်စက်များဖြစ်ကြောင်း၊ ဆရာဖြစ်သင်တန်းနည်းပြသင်တန်းကို မေ ၄ ရက်မှ ၆ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ကျွမ်းကျင်ဝန်ထမ်းများ မွေးထုတ်ရန် သင်တန်းကို တစ်နှစ်လျှင် လေးကြိမ်ဖွင့်လှစ်သွားမည်ဖြစ်ပြီး တစ်ကြိမ်လျှင် သင်တန်းကာလ တစ်လခန့်သတ်မှတ်ထားကြောင်း အဆိုပါသင်တန်းကျောင်းမှ သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တည်ဆောက်ရေးလုပ်ငန်းများဖြစ်သည့် ဆည်တမံ၊ ရေပိုလွှဲ၊ တူးမြောင်းတည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းများအတွက် ကျွမ်းကျင်ဝန်ထမ်းများကို မွေးထုတ်ပေးနိုင်ရန် စက်မှုတိုင်း(၁) စက်မှုလုပ်ငန်းခွင်သင်တန်းကျောင်း (ရန်ကုန်)မှ အင်ဂျင်နီယာစွမ်းဆောင်ရည်သင်တန်းများ၊ စက်မောင်းစက်ပြင်သင်တန်းများကို ပို့ချလျက်ရှိသည်။

ယခုကဲ့သို့ ခေတ်မီစက်များဖြင့် သင်တန်းများပို့ချပေးခြင်းဖြင့် နိုင်ငံတော်တည်ဆောက်ရေးနှင့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းသုံးစက်ယန္တရားများကို စနစ်တကျထိရောက်အကျိုးရှိ ကျွမ်းကျင်မောင်းနှင်နိုင်မည့် စက်မောင်းများ၊ နိုင်ငံ့ဝန်ထမ်းကောင်းများ ထပ်မံပေါ်ထွက်လာတော့မည်ဖြစ်ကြောင်း စက်မှုလုပ်ငန်းခွင်သင်တန်းကျောင်း (ရန်ကုန်)မှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-မင်းသစ်(MNA)**

# လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သစ်အခြေခံပရိဘောဂ အခမဲ့သင်တန်း ပို့ချပြီးစီး



**သင်တန်းသားများထုတ်လုပ်ထားသော သစ်အခြေခံပရိဘောဂပစ္စည်းများအား တွေ့ရစဉ်။**

**ရန်ကုန် မေ ၈**

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သစ်အခြေခံပရိဘောဂ လုပ်ငန်းရှင်များအသင်းမှ ဦးစီးပြုလုပ်သော သစ်အခြေခံပရိဘောဂသင်တန်း အမှတ်စဉ် (၁/၂၀၁၇) ပို့ချပြီးစီးပြီဖြစ်၍ သင်တန်းဆင်းပွဲကို မြောက်ဒဂုံမြို့နယ် ပင်လုံလမ်းမကြီးပေါ်ရှိ သစ်အခြေခံစက်မှုနည်းပညာသင်တန်းဌာန၌ မေ ၆ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ ကျင်းပခဲ့သည်။

အဆိုပါသင်တန်း၌ သစ်၏အခြေခံသဘောတရားများ ဖြစ်သော သစ်ကုန်ကြမ်း သဘောတရားပုံစံများ၊ ကုန်ကြမ်းများအား လက်မနှင့် မီလီမီတာတိုင်းထွာခြင်းပုံစံများ၊ သစ်ဖြတ်တောက် သဘောတရားပုံစံများ၊ ဖြတ်တောက်ပြီးနောက် တစ်ခုနှင့်တစ်ခု ဆက်စပ်ရမည့်ပုံစံများ၊ ထိုမှတစ်ဆင့် ကာလာသွင်းနည်းပုံစံများနှင့် နောက်ဆုံးအချောထည် ဆောင်ရွက်ရာ၌ ပေါလစ်တိုက်ပုံနည်းများအဆင့်ထိ သင်တန်းသား ၂၅ ဦးအား သင်တန်းဆရာ ရှစ်ဦးမှ ပို့ချပေးခဲ့ခြင်းဖြစ်ပြီး သစ်အခြေခံပရိဘောဂပစ္စည်းများဖြစ်သော သစ်ဖွဲ့စည်းပုံများ၊ ကော်ဖီတင်စားပွဲငယ်များ၊ ခုတင်များ၊ ခုတင်နှင့် ဆက်စပ်သည့် ဗီရိုအသေးပုံးများနှင့် မှန်ဘောင်များအား စာတွေ့၊ လက်တွေ့ အခမဲ့ပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း သိရကာ သင်တန်းသားများ၏ နေထိုင်စားသောက်ရေးနှင့် တစ်နေ့တာ အသုံးစရိတ်အား သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်းမှ တာဝန်ယူဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနေလင်းအောင်က "ဒီသင်တန်းတက်ရောက်လိုက်တဲ့အတွက် သင်တန်းသားတွေအနေနဲ့ ပရိဘောဂပစ္စည်းတစ်ခုခုကို မြင်ရင် ဝေဖန်နိုင်တဲ့ အရည်အချင်းကိုရရှိစေမှာဖြစ်ပါတယ်။ ပြီးတော့ သစ်ပစ္စည်းရှုထောင့်အမြင်ကို ရရှိစေမယ့် အသိပညာကိုလည်း သင်ကြားပေးထားပါတယ်။ သင်တန်းသားတွေအနေနဲ့ အကြိမ်ကြိမ်အဖန်ဖန် ဆက်လက်လုပ်ဆောင်ကြိုးစားရမှာဖြစ်သလို သစ်ပစ္စည်းတစ်ခုကို ပြီးမြောက်အောင် ထုတ်လုပ်နိုင်တဲ့အဆင့်အထိ ကျွန်တော်တို့အနေနဲ့ သင်ကြား ပို့ချပေးလိုက်တာဖြစ်ပါတယ်။ နောက်ပိုင်းပို့ချမယ့်သင်တန်းတွေမှာလည်း အချိန်အခါနဲ့ လူဦးရေအရေအတွက်ကိုကြည့်ပြီး ရွေးချယ်အခမဲ့ ပို့ချပေးသွားမှာဖြစ်သလို သင်တန်းသားဟောင်းများလည်း မွမ်းမံသင်တန်းထပ်မံတက်ရောက်လို့ရပါတယ်။ ဒီအပြင် ကျွန်တော်တို့အသင်းအနေနဲ့ နိုင်ငံခြားနဲ့ ဆက်သွယ်ပြီး ပရိဘောဂသင်တန်းများကို စေလွှတ်ပို့ချပေးသွားဖို့စီစဉ်ထားပါတယ်"ဟု ပြောသည်။

တောင်ဒဂုံမြို့နယ် (၅၆) ရပ်ကွက်တွင်နေထိုင်သော သစ်အခြေခံပရိဘောဂသင်တန်းမှ ပထမဆုရ သင်တန်းသား ကိုဇော်ဝင်းက "ဒီသင်တန်းကို သတင်းစာကြော်ငြာမှာ တွေ့ပြီး စိတ်ဝင်စားမှုရှိလို့ တက်ဖြစ်ခဲ့တာပါ။ အရင်ကလည်း သစ်စက်ရုံမှာ အလုပ်လုပ်ခဲ့ဖူးပါတယ်။ ဒီသင်တန်းမှာ စာတွေ့အပြင် လက်တွေ့ပိုင်းကို ပိုစိတ်ဝင်စားလို့ ကျွန်တော်က လက်တွေ့အပိုင်းကို ပိုဦးစားပေးလေ့လာသင်ယူပါတယ်။ ခုလိုမမျှော်လင့်ထားတဲ့ ပထမဆုကိုရရှိခဲ့လို့ အလွန်ပျော်မိပါတယ်။ ပြီးတော့ သင်တန်းဆရာတွေကလည်း သူတို့တတ်မြောက်ထားတဲ့ သစ်ပညာရပ်တွေကို သင်တန်းသားများကို မထိန်မချန် သင်ကြားပို့ချပေးခဲ့တဲ့အတွက် ဆရာများကို အလွန်ကျေးဇူးတင်ပါတယ်။ နောက်အပတ်စဉ်သင်တန်းတွေမှာလည်း သင်ယူဖို့ ဆုံးဖြတ်ထားသလို ဒီပရိဘောဂပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုလုပ်ဖို့ဆုံးဖြတ်ထားပါတယ်"ဟု ပီတိစကားဆိုသည်။

အဆိုပါ သစ်အခြေခံပရိဘောဂသင်တန်းအား သင်တန်းသားများအတွက် ဇန်နဝါရီ ၂၉ ရက်မှ မေ ၆ ရက်ထိ ပို့ချပေးခဲ့ခြင်းဖြစ်ပြီး သင်တန်းသား ၂၅ ဦးမှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ဖြစ်ကြောင်း၊ မေ ၆ ရက် နံနက်ပိုင်းက ကျင်းပခဲ့သော သစ်အခြေခံပရိဘောဂ လုပ်ငန်းရှင်များအသင်းမှ ပြုလုပ်သည့် သစ်အခြေခံ ပရိဘောဂသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲ အခမ်းအနား၌ ထူးချွန်ဆုရသင်တန်းသားများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆု သုံးဆုကို ပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းသားအားလုံးကို တာဝန်ရှိသူများမှ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း၊ ထို့အပြင် လာမည့် မေ ၂ ရက်မှစတင်၍ သုံးလတာကာလ အခမဲ့ပို့ချမည့် သစ်အခြေခံပရိဘောဂ သင်တန်းသို့ အမှန်တကယ် တက်ရောက်လိုသူများ အနေဖြင့် သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်း၏ ဖုန်းနံပါတ်ဖြစ်သော ၀၉-၅၀၆၆၆၀၇ နှင့် ၀၉-၇၆၁၀၀၃၉၆၀ တို့သို့ ဆက်သွယ်စာရင်းပေးသွင်း စုံစမ်းနိုင်ကြောင်း သစ်အခြေခံ ပရိဘောဂလုပ်ငန်းရှင်များအသင်းမှ သိရသည်။

**စိုးဝင်း (MLA)**

## ✱ ကျောဖုံးမှ

လက်ရှိ မြေနေရာဖော်ထုတ်နေတာက အိမ်ခြေ ၂၈၀ အတွက်ပါ။ အိမ်ထောင်စုစာရင်းရှိတာ ၂၅၅ စုပါ။ အိမ်ထောင်စုမရှိတဲ့သူတွေကို ထည့်စဉ်းစားပေးတဲ့အနေနဲ့ အစိုးရက အိမ်ခြေ ၂၈၀ အထိ ဖော်ထုတ်တာပါ။ တော်တော်လေးပြီးနေပါပြီ။ မေ ၁၁ ရက်လောက်မှာ နေရာချထားပေးဖို့ခန့်မှန်းပါတယ်"ဟု ပြောသည်။

အိမ်ထောင်စု တစ်စုလျှင် ပေ ၄၀ × ပေ ၆၀ မြေကွက်များ ပြန်လည်ချထားပေးရန် မြေယာဖော်ထုတ်ခြင်းဖြစ်ပြီး အဝင်အထွက် လမ်း၊ ရေစီးရေလာကောင်းစေရန် ရေမြောင်းစနစ်တို့ ပါဝင်ကြောင်း သိရသည်။

ဦးဇော်ဖြိုးထွန်းက "စနစ်ကျတဲ့ စံပြပုံစံ ရွာတည်ဆောက်မှာပါ။ အရင်ကဆို ဟိုဘက်စုစု၊ ဒီဘက်စုစုနဲ့။ မီးဘေးအန္တရာယ်ကြုံလာပြီဆို မီးသတ်ကားဝင်ဖို့ ထွက်ဖို့ အခက်အခဲရှိပါတယ်။ အခုဆို ဝင်လမ်းထွက်လမ်းရှိလာမယ်။ ရေသွားရေလာကောင်းမယ်။ လိုအပ်ရင် ထပ်မံဖော်ထုတ်ပေးသွားမယ်လို့ ကျွန်တော်သိထားပါတယ်"ဟု ပြောသည်။

"မြေနေရာတွေ စနစ်တကျဖော်ထုတ်လို့ ပြန်လည်ပေးအပ်ပြီးရင်တော့ နေအိမ်တွေ ပြန်လည်ဆောက်လုပ်နိုင်ဖို့ အစိုးရအနေနဲ့ ထောက်ပံ့ကြေးတွေလည်းပေးမှာပါ။ လက်ရှိမှာတော့ ထောက်ပံ့မှုအနေနဲ့ ကျီးကန်းပြင်အလယ်ရွာနဲ့ ဝါးပိတ်ကျေးရွာတွေကိုတော့ WFP (ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်)က ဆန်၊ ဆီနဲ့ ပဲကို လစဉ်ထောက်ပံ့ပါတယ်။ တိုင်ရင်းသားရွာနှစ်ရွာမှာတော့ ဆင်းရဲနွမ်းပါးတဲ့သူတွေကို ရွေးချယ်ထောက်ပံ့ပေးပါတယ်။ အကုန်လုံးကို ထောက်ပံ့တာမျိုးတော့ မရှိပါဘူး"ဟု ကျီးကန်းပြင်အုပ်ချုပ်ရေးမှူးက ဆိုသည်။

၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်း မောင်တောခရိုင် အုပ်ချုပ်ရေးမှူးရုံးမှ ကောက်ယူထားသည့် စာရင်းများအရ မောင်တောမြို့နယ်အတွင်း အောက်တိုဘာလ အကြမ်းဖက်ဖြစ်စဉ်နောက်ပိုင်း ရွာပေါင်း ၁၂ ရွာတွင် မီးလောင်မှုဖြစ်ပွားပြီး စုစုပေါင်းအိမ်ခြေ ၁၁၅၂ လုံးအထိ ပျက်စီးဆုံးရှုံးမှုများရှိခဲ့သဖြင့် အမြန်ဆုံးဖော်ထုတ်၍ ပြန်လည်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

## ○ ထိပ်ဆုံးမှ

ထောင့်ကန်ဘောအား တိုက်ရိုက်ကန်သွင်းပြီး ရရှိသည့် ဒုတိယဂိုးဖြစ်လာခဲ့သည်။ မိနစ် ၂၀ တွင် ဇွန်မိုးအောင်၏ ဖန်တီးပေးမှုမှတစ်ဆင့် အီမီကာက ရန်ကုန်အတွက် ဒုတိယဂိုးသွင်းခဲ့ပြီး ၃၄ မိနစ်တွင် ကူဖိုက ပင်နယ်တီမှတစ်ဆင့် ချင်းအတွက် ချေပဂိုးတစ်ဂိုးပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင်လည်း နှစ်သင်းစလုံး အပြန်အလှန်ထိုးဖောက်နိုင်ခဲ့ပြီး မိနစ် ၆၀ တွင် ကျော်ကိုကိုက တတိယဂိုးသွင်းယူခဲ့သည်။ ၆၈ မိနစ်တွင် ဘီဘီက ချင်းယူနိုက်တက်အတွက် ဒုတိယချေပဂိုးပြန်သွင်းခဲ့သော်လည်း ရန်ကုန်အသင်းက အနိုင်ရလဒ်ကို ပွဲအပြီးထိ ထိန်းကစားသွားခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် GFA အသင်းက မကွေးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ GFA အတွက် ဂိုးများကို ၄၅ မိနစ်တွင် မတ်ခ်၊ ၆၂ မိနစ်တွင် အီမန်နျူရယ်တို့က သွင်းယူခဲ့ပြီး မကွေးအတွက် ချေပဂိုးတစ်ဂိုးကို ၈၅ မိနစ်တွင် ချိုထွန်းက သွင်းယူခဲ့သည်။ မော်လမြိုင်ကွင်း၌ ကျင်းပသောပွဲတွင် Southern နှင့် ဇွဲကပင်အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ၅၈ မိနစ်တွင် ဒိုနယ်က ဇွဲကပင်အတွက် ဂိုးစတင်သွင်းယူခဲ့ပြီး ပွဲပြီးခါနီးတွင် ဆီမြွန်က Southern အတွက် ချေပဂိုးပြန်သွင်းခဲ့သည်။

ပွဲစဉ် (၁၁) နောက်ဆုံးနေ့အဖြစ် မေ ၉ ရက်တွင် ဝဏ္ဏသိဒ္ဓိကွင်း၌ နေပြည်တော်နှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**



# နေပြည်တော်ရဲတပ်ဖွဲ့ ရဲတပ်သားသစ်သင်တန်းဆင်း

**နေပြည်တော် မေ ၈**
နေပြည်တော်ရဲတပ်ဖွဲ့ အစီအစဉ်ဖြင့် ဖွင့်လှစ်သော ရဲတပ်သားသစ် သင်တန်း အမှတ်စဉ် (၂၂၀/၂၀၁၇) သင်တန်းဆင်းပွဲနှင့် နေ့လယ်စာ စားပွဲကို မေ ၇ ရက်က နေပြည်တော်ရှိ ရဲတပ်ရင်း(၂၀)၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်က သင်တန်းဆင်းမိန့်ခွန်းပြောကြားပြီး သင်တန်းဆင်းတပ်ခွဲကို စစ်ဆေးကာ ဆုရသင်တန်းသားများအား ဆုများချီးမြှင့်ခဲ့သည်။ ထို့နောက် နံနက် ၁၀ နာရီခွဲတွင် ဆုရ သင်တန်းသားများ၊ သင်တန်းသား မိဘများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်စကား ပြောကြားကာ တက်ရောက်လာသော ဧည့်သည်တော်များ၊ သင်တန်းသားများနှင့် မိဘများအား သင်တန်းကျောင်း စားရိပ်သာခန်းမ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့သည်။

သင်တန်းဆင်း အခမ်းအနားသို့ နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်၊ ရကခ(၂)မှူး ရဲမှူးကြီး မိုးသန်းအောင်၊ နေပြည်တော်ရဲတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး ယာယီ ရဲမှူးကြီး လေးစိုး၊ အမှတ်(၁)ရဲလေ့ကျင့်ရေး သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး၊ ဒုတိယရဲမှူးကြီး ကျော်မိုး၊ အမှတ်(၂၀) လုံခြုံရေးရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(၁၀၇)**

# ဘူးသီးတောင်မြို့နယ်၌ ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဆင်း

**ဘူးသီးတောင် မေ ၈**
ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဆင်းပွဲ အခမ်းအနားကို ဘူးသီးတောင်မြို့နယ် မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

အခမ်းအနားတွင် ကဲရ်မြန်မာအဖွဲ့ ကိုယ်စားလှယ် ဦးအောင်ခန့်ကျော်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယမြို့နယ် မီးသတ်ဦးစီးမှူး ဦးအောင်မင်းထိုက်က သင်တန်းတွင် ပို့ချခဲ့သည့် ရှာဖွေကယ်ဆယ်ရေး ပညာရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကြက်ခြေနီ ဒုတိယတပ်ရင်းမှူး ဦးကျော်မြင့်ဝေက ရှေးဦးပြုစုခြင်း ပညာရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားကာ ဝတ်စုံနှင့် ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ စာအုပ်စာစောင်များအား တာဝန်ရှိသူများက သင်တန်းသားများထံ ပေးအပ်သည်။

အဆိုပါသင်တန်းကို ငါးရက်ကြာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ဘူးသီးတောင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ၁၂ဦး၊ မြို့နယ်ကြက်ခြေနီအသင်းမှ ၁၄ဦး စုစုပေါင်း ၂၆ ဦးတို့ တက်ရောက်ခဲ့ကြကာ ဘေးအန္တရာယ်များ ကျရောက်လာပါက အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ထိထိရောက်ရောက် လုပ်ဆောင်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**ရာမည၊ တင်စိုး**




# ရေးမြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာများတွင် မူခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြော

**မော်လမြိုင် မေ ၈**
မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၊ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်စိုးတို့၏ ကြီးကြပ်စီစဉ်မှုဖြင့် မွန်ပြည်နယ် ရေးမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သော် ဦးဆောင်သောတပ်ဖွဲ့ဝင်များ၊ မွန်ပြည်နယ် ရဲအကူတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူး ကိုကိုလတ်၊ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့ရုံးမှ ရဲအုပ် တင်မောင်ဆွေ၊ အမှတ် (၃၉)မူးယစ်တပ်ဖွဲ့စု(ရေး)မှ ဒုတိယရဲမှူး နိုင်အောင်ခိုင်တို့ ဦးစီးသော တပ်ဖွဲ့ဝင်များသည် မေ ၆ ရက် နံနက်က ရေးမြို့နယ် အဘော်ကျေးရွာ ပတ္တမြားကျားတန်းရပ်ကွက်တွင်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ရေးမြို့နယ် အဏ္ဏဝါရပ်ကွက် အဝေးပြေး ကားဝင်းရှေ့တွင်လည်းကောင်း မူခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ရဲမှူးမြင့်သော်က မူခင်းကျဆင်းရေးနှင့်ပတ်သက်၍ လည်းကောင်း၊ အမှတ်(၃၉)မူးယစ်တပ်ဖွဲ့စု(ရေး)မှ ဒုတိယရဲမှူး နိုင်အောင်ခိုင်က မူးယစ်ဆေးဝါး သုံးစွဲသူများနှင့် ရောင်းချသူများ ပပျောက်ရေးအကြောင်းကို လည်းကောင်း အသိပညာပေးဟောပြောခဲ့ရာ ကျေးရွာ/ရပ်ကွက်နေ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများ စုစုပေါင်းအင်အား ၁၄၀ ခန့် တက်ရောက်ကြပြီး တက်ရောက်လာသူများအား မူခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(၁၀၇)**

# ဘူးသီးတောင်မြို့နယ်၌ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ဘူးသီးတောင် မေ ၈**
ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်၌ မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာ့ရိုးရာ အတာသင်္ကြန် ပွဲတော်ကျင်းပရေးဦးစီးကော်မတီမှ သိရသည်။

ထိုသို့ကျင်းပရာတွင် ဗဟိုမဏ္ဍပ်၊ ရခိုင်ရိုးရာမဏ္ဍပ်၊ တပ်မမဏ္ဍပ်နှင့် အခြေချ စစ်ဗျူဟာမဏ္ဍပ်တို့၌ ရခိုင်ရိုးရာ သင်္ကြန်ပွဲကျင်းပခြင်း၊ ဌာနဆိုင်ရာယိမ်းအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုများအပါအဝင် သင်္ကြန်ယိမ်းအက အလှများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ စင်တင်တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်ခြင်းတို့ကို သင်္ကြန်အကြိုနေ့မှ အတက်နေ့အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ဇီဝတဒါနငါးလွှတ်ခြင်းနှင့် သက်ကြီးပူဇော်ပွဲကျင်းပခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အတာသင်္ကြန်ပွဲတော် ကျင်းပနေစဉ်ကာလအတွင်း ပြည်သူများ စိတ်အေးချမ်းသာစွာ ရေပက်ကစားနိုင်ရန်နှင့် ဘေးကင်းလုံခြုံမှုရှိစေရန်အတွက် လုံခြုံရေးအစီအမံများကို ကြိုတင်စီမံဆောင်ရွက်ထားကြောင်း ဘူးသီးတောင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်း၏ ပြောကြားချက်အရ သိရသည်။

**ရာမည၊ တင်စိုး**

# ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်

**ရန်ကုန် မေ ၈**
ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပ မြို့နယ် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းတွင် Triangle Links Engineering Co.,Ltd.က ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ ကျင်းပကြောင်း သိရသည်။

အဆိုပါကျောင်းသည် အလျား ပေ ၁၀၀ နှင့် အနံ ပေ ၃၀ ရှိ သံထည်နှင့် အုတ်ညှပ်၍ ဆောက်လုပ်ထားသော တစ်ထပ်စာသင်ဆောင်ဖြစ်သည်။ ထို့အပြင် Apronu နှင့် Landascaper ထိုင်ခုံများ၊ White Board နှင့် Stage လျှပ်စစ်မီးသွယ်တန်းခြင်းတို့ကို လှူဒါန်းထားပြီး စုစုပေါင်းကုန်ကျငွေ သိန်း ၈၄၀ ရှိကြောင်း သိရသည်။



ယနေ့လှူဒါန်းပွဲအခမ်းအနားသို့ ခရိုင်ပညာရေးမှူး ဦးမောင်ကြယ်နှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီးပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ Triangle Links Engineering Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးထင်လင်းနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

**သတင်း- ဇာနည်မောင်**
**ဓာတ်ပုံ- ခင်မောင်ဝင်း(ကြေးမုံ)**

# ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲများ ကျင်းပမည်

**ရန်ကုန် မေ ၈**
မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၈ ရက်က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် မြို့တော်စည်ပင် အားကစားစခန်းရှိ လေ့ကျင့်ရေးရုံး၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မေ ၂၁ ရက်မှ ၂၄ ရက်ထိ ထိုင်းနိုင်ငံ ကိုရတ်မြို့၌ ကျင်းပမည့် (၁၄)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ရန် အမျိုးသားကာယဗလအားကစားသမား တပ်မတော်(ရေ)မှ မိုးဆွေနှင့် မောင်မောင်မြင့်၊ တာချီလိတ်မြို့မှ မျိုးမင်းအေးတို့အားလည်းကောင်း၊ အမျိုးသမီးအားကစားသမားများအဖြစ် မန္တလေးတိုင်းဒေသကြီးမှ နှင်းနှင်းအေးနှင့် နေခြည်တင့်ဝေတို့အားလည်းကောင်း ရွေးချယ်ခဲ့သည်။ ယင်းကစားသမားများကို ဇန်နဝါရီလက ကျင်းပခဲ့သော ကလပ်ပေါင်းစုံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲမှ စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ဇွန်လတွင် အိုလံပစ်နေ့ အထိမ်းအမှတ်ပြိုင်ပွဲကို အဖွဲ့ချုပ်က ကျင်းပရန်ရှိပြီး ယင်းပြိုင်ပွဲတွင် သက်ကြီးတန်း၊ သက်ငယ်တန်းနှင့် အလွတ်တန်းကာယဗလမောင် ပြိုင်ပွဲများအပြင် အမျိုးသား Sport Physique ပြိုင်ပွဲကိုလည်းကောင်း၊ အမျိုးသမီးများအတွက် ယခင်နှစ်များကကဲ့သို့ Model Physique ပြိုင်ပွဲအပြင် Athletic Physique ပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပရန်ရှိကြောင်း သိရသည်။

ယင်းအတွက် လေ့ကျင့်နေကြသည့် အားကစားသမားများအနေဖြင့် ပြည်တွင်းပြိုင်ပွဲများတွင် မပျက်မကွက်ပါဝင်ယှဉ်ပြိုင်နိုင်ရန်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့နယ်များ အနေဖြင့် ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားဆိုင်ရာ နည်းပြ၊ ဒိုင်များ၊ သင်တန်းနှင့် အကြံပြုချက်များလိုအပ်ပါက အဖွဲ့ချုပ်တွဲဖက်အတွင်းရေးမှူး ဦးကျော်စိန်သန်း ဖုန်း- ၀၉-၄၅၀၀၂၅၈၆၈ နှင့် ဒေါ်ရီရီဝင်း ဖုန်း- ၀၉-၄၃၁၃၀၈၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

# ငဝန်မြစ်အတွင်း စက်လှေနစ်မြုပ်မှုတွင်ပါဝင်သူများအား ကူညီထောက်ပံ့မှုများဆောင်ရွက်



**ပုသိမ် ဧပြီ ၈**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ငဝန်မြစ်အတွင်း စက်လှေနစ်မြုပ်မှုဖြစ်ပွားခဲ့ရာ အဆိုပါစက်လှေနစ်မြုပ်ရာမှ အသက်ရှင်လျက်ရှိသူများနှင့် သေဆုံးသူ ၂၀ ၏မိသားစုများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကျားလုံချည်၊ မလုံချည်၊ တီရှပ်၊ စောင်နှင့် ထောက်ပံ့ငွေတို့ကို ယနေ့နံနက်ပိုင်းက ကူညီထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ငဝန်မြစ်အတွင်း ဧပြီ ၇ ရက် ညနေ ၆ နာရီ ၁၀ မိနစ်ခန့်တွင် ပုသိမ်မြို့မှ ငပုတောမြို့သို့ မင်္ဂလာဆောင်အပြန် လူဦးရေ ၅၀ ကျော် တင်ဆောင်လာသော ငွေကြယ်ပွင့်စက်လှေသည် ဥမ္မာဒန္တီ ဆိပ်ခံတံတားအနီးတွင် နဒီရွှေစင်ကျောက်တင်သင်္ဘောနှင့် တိုက်မိခဲ့ရာ ငွေကြယ်ပွင့် စက်လှေနစ်မြုပ်ခဲ့ပြီး အမျိုးသား လေးဦး၊ အမျိုးသမီး ၁၆ ဦး စုစုပေါင်း ၂၀ ၏ ရုပ်အလောင်းများအား ဆယ်ယူနိုင်ခဲ့ကြောင်း၊ အမျိုးသား အမျိုးသမီး ၃၀ အား အသက်ရှင်လျက် ကူညီကယ်ဆယ်နိုင်ခဲ့ ပြီး ပုသိမ်ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း၊ အဆိုပါအသက်ရှင်ကျန်သူများအတွက် လတ်တလောလိုအပ်သည့် အမျိုးသားလုံချည်၊ အမျိုးသမီးလုံချည်၊ တီရှပ်နှင့် စောင်တို့ကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ချက်ချင်းသွားရောက် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

အဆိုပါစက်လှေနစ်မြုပ်မှုတွင် သေဆုံးသူ ၂၀ ၏ မိသားစုများအား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေကျပ် ၆၀၀၀၀၀၀၊ ဆေးရုံတက်လူနာ ၃၀ အတွက် တစ်ဦးလျှင် ၅၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေကျပ် ၁၅၀၀၀၀၀ စုစုပေါင်းထောက်ပံ့မှု ငွေကျပ် ၇၅၀၀၀၀၀အား ယနေ့ နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## ကျောင်းဆောင်သစ်ပေးအပ်ပွဲ ကျင်းပ

**ဒိုက်ဦး ဧပြီ ၈**
ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကမာဖရုံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကမာဖရုံသို့ မြန်မာ့သြဘာလုပ်ငန်းစုကုမ္ပဏီက ဆောက်လုပ်လှူဒါန်းသည့် ငွေကျပ် ၁၆၇ သိန်းတန် ပေ ၆၀ × ပေ ၃၀ ကျောင်းဆောင်သစ်ပေးအပ်လှူဒါန်းပွဲကို ဧပြီ ၇ ရက် နံနက် ၉ နာရီက ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင်၊ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးသူရဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်ညီနှင့် ဌာနဆိုင်ရာများ၊ မြန်မာ့သြဘာလုပ်ငန်းစုကုမ္ပဏီ ပဲခူးတိုင်းဒေသကြီး မန်နေဂျာ ဦးခင်မောင်ဝင်းနှင့် ဝန်ထမ်းများ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

အဆိုပါကျောင်းဆောင်သစ်အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဒုတိယမြို့နယ်ပညာရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ကမာဖရုံကျေးရွာ အခြေခံပညာကျောင်း(ခွဲ) ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်လွင်အေးနှင့် ကျေးရွာကိုယ်စား ကမာဖရုံကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ဟန်တို့က ကျေးဇူးတင်စကားပြောကြားကြသည်။

**ကျော်ကျော်(IPRD)**

## ရေးမြို့နယ်အတွင်း သောက်သုံးရေဝေငှ

**မော်လမြိုင် ဧပြီ ၈**
မွန်ပြည်နယ် ရေးမြို့နယ် ရွှေပြည်သာကျေးရွာရှိ အိမ်ခြေ ၃၀၀၊ အိမ်ထောင်စု ၂၅၀ သောက်သုံးရေအခက်အခဲရှိ၍ ရေးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သော် ဦးစီးတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းထိုက် ဦးစီးတပ်ဖွဲ့ဝင်များသည် ဧပြီ ၆ ရက်က မီးသတ်ယာဉ်တစ်စီး၊ ရေကား နှစ်စီးဖြင့် သောက်သုံးရေဂါလန် ၄၀၀၀ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

ရေးမြို့နယ်အတွင်းရှိ ကျေးရွာ၊ ရပ်ကွက်များတွင် ရေရှားပါးသည့်ဒေသများမှ ရေလှူဒါန်းသည့်အဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များထံ ဆက်သွယ်ရယူနိုင်ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**



## တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိရေးနှင့် ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၈**
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ ရရှိရေးနှင့် ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းအနေဖြင့် စုစုပေါင်းငွေကျပ် ၁၄ ဒသမ ၄၁၄ ဘီလီယံ အကုန်အကျခံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း အနေဖြင့် လျှပ်စစ်ဓာတ်အား မရရှိသေးသော ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အတိုးမဲ့(သို့မဟုတ်)အတိုးနှုန်းသက်သာသော နှစ်ရှည်ချေးငွေများ ချေးယူ၍လည်းကောင်း၊ ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရဘတ်ဂျက်များဖြင့် လည်းကောင်း ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ နှစ်အလိုက် စီမံချက်များရေးဆွဲ၍ ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစီအစဉ်ဖြင့် ဆောင်ရွက်မပေးနိုင်မီကာလအတွင်း စောင့်ဆိုင်းနိုင်ခြင်းမရှိသောကျေးရွာများမှ ကိုယ့်အားကိုယ်ကိုးအစီအစဉ်ဖြင့် ဆောင်ရွက်ရန် လျှောက်ထားတင်ပြလာမှုများကိုလည်း ခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။

ကျေးရွာမီးလင်းရေးများတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းကျဆင်းရေး၊ တရားမဝင်ဓာတ်အားသုံးစွဲမှုမရှိစေရေး၊ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိရေး၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းပြီး စဉ်ဆက်မပြတ်ဓာတ်အား ရရှိစေရေး၊ ကျေးရွာဘဏ္ဍာရေးကိစ္စများတွင် စနစ်တကျဆောင်ရွက်စေရေး စသည့် မီးလင်းရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မီးလင်းရေးကော်မတီများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ မိမိဌာနတာဝန်ရှိသူအဆင့်ဆင့်မှ လမ်းညွှန်ရှင်းပြခြင်း၊ မိမိဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နိုင်စေရေး ဆောင်ရွက်လျက်ရှိသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း အနေဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ၆၆ ကေဗွီ ခွဲရုံ ၁၃ ရုံနှင့် ၃၃ ကေဗွီ ခွဲရုံ ၁၆ ရုံတို့အား အင်အားတိုးချဲ့ခြင်း၊ ၆၆ ကေဗွီလိုင်း သုည ဒသမ ၂ မိုင် ပြုပြင်တည်ဆောက်ခြင်း၊ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၃၂ မိုင်၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၄ ဒသမ ၁၂ မိုင်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၄ ဒသမ ၅၃ မိုင်အား တိုင်၊ ကြိုး၊ ကြွေသီးများ အစားထိုးပြုပြင်လဲလှယ်တည်ဆောက်ခြင်း၊ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၂၈၉ ဒသမ ၇၁ မိုင်၏ ကာလကြာ၍ အရည်အသွေးကျဆင်းနေပြီဖြစ်သော ဓာတ်အားလိုင်းကြွေသီးများ လဲလှယ်ခြင်းလုပ်ငန်းများအား စုစုပေါင်းငွေကျပ် ၁၄ ဒသမ ၄၁၄ ဘီလီယံခန့်အကုန်အကျခံ၍ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်မှုများကြောင့် ဘဏ္ဍာနှစ်အလိုက် မီးလင်းပြီးကျေးရွာများ တိုးတက်လာခဲ့ပြီး တစ်နိုင်ငံလုံးအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဓာတ်အားစနစ်ဖြင့် မီးလင်းပြီး ကျေးရွာစုစုပေါင်း ၈၈၇၂ ရွာ၊ ရာခိုင်နှုန်းအားဖြင့် ၁၃ ဒသမ ၉ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မီးလင်းပြီးကျေးရွာ စုစုပေါင်း ၁၀၇၀၀၊ ရာခိုင်နှုန်းအားဖြင့် ၁၆ ဒသမ ၈ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း သိရသည်။

ထို့ပြင် ဓာတ်အားသုံးစွဲသူဦးရေလည်း တိုးတက်လာခဲ့ပြီး တစ်နိုင်ငံလုံး စုစုပေါင်း အိမ်ထောင်စု ၁၀ ဒသမ ၈၇၇ သန်း ရှိသည့် အနက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် မီးလင်းပြီးအိမ်ထောင်စု အရေအတွက် ၂၄၂၀၅၈၂ စု(ရာခိုင်နှုန်းအားဖြင့် ၂၂ ရာခိုင်နှုန်း)အားလည်းကောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် မီးလင်းပြီး အိမ်ထောင်စုအရေအတွက် ၂၆၂၆၈၆၀ (ရာခိုင်နှုန်းအားဖြင့် ၂၄ ရာခိုင်နှုန်း)အားလည်းကောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မီးလင်းပြီးအိမ်ထောင်စု အရေအတွက် ၂၉၀၆၄၉၃ စု (ရာခိုင်နှုန်းအားဖြင့် ၂၇ ရာခိုင်နှုန်း)အားလည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မီးလင်းပြီး အိမ်ထောင်စုအရေအတွက် ၃၂၅၇၂၇၀ (ရာခိုင်နှုန်းအားဖြင့် ၃၀ ရာခိုင်နှုန်း) အားလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မီးလင်းပြီးအိမ်ထောင်စု အရေအတွက် ၃၆၉၈၂၁၉ စု(ရာခိုင်နှုန်းအားဖြင့် ၃၄ ရာခိုင်နှုန်း)အားလည်းကောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မီးလင်းပြီးအိမ်ထောင်စုအရေအတွက် ၄၀၇၉၂၈၅ စု(ရာခိုင်နှုန်းအားဖြင့် ၃၇ ဒသမ ၅ ရာခိုင်နှုန်း)အားလည်းကောင်း မီးလင်းပြီးဖြစ်ကြောင်း သိရသည်။ **(နိုင်လင်းကြည်)**

## ရေရှားပါးသောကျေးရွာများအား ရေပြတ်လပ်မှုမရှိစေရေး သောက်သုံးရေများဖြန့်ဝေ

**ကျိုက်ထို ဧပြီ ၈**
ကျိုက်ထိုမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် နွေရာသီ၌ ရေရှားပါးမှုမရှိစေရန်နှင့် ရေရှားပါးမှု ကြုံတွေ့ပါက စနစ်တကျ စီမံကွပ်ကဲဆောင်ရွက်နိုင်ရန် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းဖွဲ့စည်းပြီး ဧပြီလပထမပတ်မှ စတင်ကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်ဦးဆောင်၍ ရေရှားပါးသောရပ်ကွက်များသို့ သွားရောက်၍ အိမ်ခြေ ၁၇၈၇ လုံးရှိ လူဦးရေ ၈၈၇၀ အတွက် ရေဂါလန် ၁၉၈၀၀ ကို ဖြန့်ဝေပေးခဲ့သည်။

အလားတူ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်းဦး ကွပ်ကဲသောတပ်ဖွဲ့ဝင်များကလည်း သောက်သုံးရေဂါလန် ၂၀၇၂၀ ကို ဖြန့်ဝေပေးခဲ့ကြသည်။ အဆိုပါသောက်သုံးရေများကို နေ့စဉ် နံနက် တစ်ကြိမ်၊ ညနေ တစ်ကြိမ် ဧပြီလမှ မေလကုန်အထိ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဝန်းကျင်သန့်ရှင်းသာယာရေး၊ အလေ့ကျင့်ကောင်းများ မွေးမြူပေး

## ပြည်တွင်းရေးရာ

# ဧပြီလဆန်းပိုင်းအထိ ရန်ကုန်သင်္ကြန်အတွက် မဏ္ဍပ်ပေါင်း ၈၂ ခု ခွင့်ပြုထား

**ရန်ကုန် ဧပြီ ၈**

၁၃၇၉ ခုနှစ် မဟာသင်္ကြန်ပွဲတော်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဧပြီလဆန်းပိုင်းအထိ မဏ္ဍပ်ပေါင်း ၈၂ ခု ခွင့်ပြုပေးထားပြီးဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

မဟာသင်္ကြန်ပွဲတော်အတွက် ဧပြီ ၃ ရက်က ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ် နေရာချထားရေးနှင့် ကြံ့ခိုင်မှုစစ်ဆေးရေးလုပ်ငန်း ကော်မတီအစည်းအဝေးအရ ခွင့်ပြုထားသောမဏ္ဍပ်အရေအတွက်မှာ မဏ္ဍပ်အကြီး ၁၆ ခု၊ မဏ္ဍပ် အလတ် ၁၅ ခု၊ မဏ္ဍပ်အသေး ၅၁ ခု စုစုပေါင်း ၈၂ ခု ဖြစ်ကြောင်း သိရသည်။

အဆိုပါ ခွင့်ပြုချထားပေးသောမဏ္ဍပ်များကို မဏ္ဍပ်နေရာချထားရေးနှင့် ကြံ့ခိုင်မှုစစ်ဆေးရေးလုပ်ငန်းကော်မတီဝင်များက စစ်ဆေးမှုများ ဆောင်ရွက်မည်ဖြစ်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်အတူ သက်ဆိုင်ရာဌာနများဖြစ်သည့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ YESC၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့တို့က ပူးတွဲပါဝင်မည်ဟု သိရသည်။

ယခုနှစ်တွင် ယခင်နှစ်ကထက် မဏ္ဍပ်အရေအတွက် လျော့နည်းသွားသည်ဟုသိရပြီး စီးပွားဖြစ်မဏ္ဍပ်များကို အများပြည်သူဧရိယာအတွင်း ခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။ ခွင့်ပြုချက်ရရှိထားသော မဏ္ဍပ်များအနေဖြင့် သတ်မှတ်စည်းမျဉ်းများအတိုင်း တစ်သဝေမတိမ်းလိုက်နာဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပြီး သရုပ်ပျက်မှုများ၊ အရက်သေစာရောင်းချမှုများကို စိစစ်ကြပ်မတ်သွားမည်ဖြစ်သည်။

ယင်းအပြင် မဏ္ဍပ်အသေးများ ဆောက်လုပ်ရန် လျာထားသည့် သုဝဏ္ဏအားကစားကွင်း၊ ရခိုင်ရိုးရာ မဏ္ဍပ်ဆောက်လုပ်မှုများအတွက် သက်ဆိုင်ရာအားကစားကွင်း၏ ထောက်ခံချက်ကိုရယူရန် ညွှန်ကြားထားသည်။

မဏ္ဍပ်ဆောက်လုပ်ခွင့်ရရှိသူများအနေဖြင့် မဏ္ဍပ်များ ဆောက်လုပ်ခွင့်အာမခံစပေါ်ငွေ၊ မြေအသုံးပြုခ၊ သန့်ရှင်းရေးဆောင်ရွက်ခ၊ မြို့တော်စည်ပင်ကော်မတီပိုင် ပိုက်ရေသုံးစွဲမှုနှင့် ကန်တော်ကြီး၊ အင်းလျားကန်ရေသုံးစွဲမှုတို့အတွက် ရေဆက်သွယ်ဆောင်ရွက်ခတို့ကို သက်ဆိုင်ရာဌာနများအလိုက် သတ်မှတ်နှုန်းထားများအတိုင်း ကောက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

**(ဆုနှင်းလှဲ)**

# မဟာသင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်၍ ပြည်သူများသတိပြုရန် နှိုးဆော်ချက်

၁။ ရေပက်ခံကားယာဉ်မောင်းသူများ အရက်သေစာသောက်စားထားမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေး တားမြစ်ကြပါရန်။

၂။ မူးယစ်ဆေးဝါးများ၊ စိတ်ပြောင်းဆေးဝါးများ၊ ထိန်းချုပ်ဆေးဝါးများနှင့် တံဆိပ်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် တရားမဝင်ရောက်ရှိလာသည့် ကာမဆန္ဒနိုးဆွစေသောဆေးဝါးများအား မိမိကိုယ်တိုင်သောက်သုံးခြင်းမှ ရှောင်ကြဉ်ကြပါရန်နှင့် မြူဆွယ်တိုက်ကျွေး၍ အန္တရာယ်ပေးနိုင်သည်ကိုလည်း သတိပြုဆင်ခြင်ကြပါရန်။

၃။ တာဝန်သိပြည်သူတစ်ယောက်ချင်းအနေဖြင့် မိမိတို့နိုင်ငံ၊ လူမျိုးတို့အမြတ်တနိုးတန်ဖိုးထားသည့် အတာသင်္ကြန်ပွဲတော် မည်စ်နွမ်းစေရန် မိမိပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးနှင့် အခြားအန္တရာယ်ရှိသောဆေးဝါးများ၊ ကာမဆိုင်ရာဆေးဝါး သုံးစွဲရောင်းဝယ်မှုများ တွေ့ရှိပါက အနီးဆုံးလုံခြုံရေးအဖွဲ့အစည်းများထံ သတင်းပေးပို့တိုင်ကြားကြပါရန်။

၄။ အတာသင်္ကြန်ကာလအတွင်း လူငယ်များသည် ရိုးရာသင်္ကြန်ကို အရိုးရှင်းဆုံးပုံစံဖြင့် ပျော်ရွှင်စွာဆင်နွှဲကြပါရန်၊ အရက်မှအစပြု၍ မူးယစ်ဆေးဝါးအပါအဝင် အဆန်းထွင်သုံးစွဲအပျော်လွန်ကျူးလျှင် ဘေးအန္တရာယ်များနှင့်ကြုံတွေ့ရမည်ကို သတိပြုကြပါရန်။

၅။ မြန်မာ့ရိုးရာ အတာသင်္ကြန်ကာလအတွင်း လူသစ်စိတ်သစ်ဖြင့် နှစ်သစ်ကူးကာလကို ဘေးကင်းစွာနှင့် ပျော်ရွှင်စွာဖြတ်သန်းနိုင်ကြစေရန်အတွက် ရပ်မိရပ်ဖများ၊ မိဘအုပ်ထိန်းသူများနှင့် မဏ္ဍပ်တာဝန်ခံများ ဝိုင်းဝန်းထိန်းသိမ်း၍ ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီဝင်များ၊ UN /INGOs အဖွဲ့များတွေ့ဆုံ

**စစ်တွေ ဧပြီ ၈**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီဝင်များ၊UN/INGOs အဖွဲ့များ တွေ့ဆုံပွဲအခမ်းအနားကို ရခိုင်ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ(၁)၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားချင်းစာနာထောက်ထားရေး အထောက်ပံ့များ၊ ဖွံ့ဖြိုးတိုးတက်ရေး အကူအညီများ ဆောင်ရွက်ပေးနေသည့် နိုင်ငံတကာအဖွဲ့အစည်းများအား ကျေးဇူးတင်ပါကြောင်း၊ ကူညီထောက်ပံ့မှုများဆောင်ရွက်ရာတွင် ပြည်နယ်အစိုးရနှင့်အတူ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်စေလိုကြောင်း၊ ပြည်ထောင်စုအစိုးရမှ လိုအပ်သလို ညွှန်ကြားလာသည့်အချိန်တွင်လည်း မိမိတို့ပြည်နယ်အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း၊ ကူညီထောက်ပံ့မှုများ လုပ်ဆောင်ရာတွင် ပြည်နယ်အတွင်းရှိ ပြည်သူများအတွက် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုအတွက် အပြုသဘောဆောင်သည့် ကူညီမှုမျိုးဖြစ်အောင် လုပ်ဆောင်ပေးမည်ဆိုလျှင် ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်းက ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၏ ပြည်နယ်အတွင်း ဆောင်ရွက်နေသော လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကုလသမဂ္ဂအဖွဲ့ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ်ရုံး (ရခိုင်ပြည်နယ်တာဝန်ခံ) Mr.Chris CarterrS UN/INGOs များ၏ ရခိုင်ပြည်နယ်အတွင်း ကူညီထောက်ပံ့မှုများဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးများမှ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများရေးဆွဲဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် အားရကျေနပ်မှုရှိကြောင်းနှင့် ယနေ့ဆွေးနွေးချက်များသည် လူသားအားလုံးအတွက် အကျိုးရှိမည်ဖြစ်ကြောင်း နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**တင်ထွန်း(ပြန်/ဆက်)**



# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးခုတွင် စနစ်ကျလယ်ယာမြေ ဧက ၅၀၀ ဖော်ထုတ်ပေး

**မုံရွာ ဧပြီ ၈**

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် မြို့နယ် လေးခုတွင် စနစ်ကျလယ်ယာမြေဧက ၅၀၀ ကို ဖော်ထုတ်ပေးခဲ့ကြောင်း သိရသည်။

လက်ရှိ သမားရိုးကျစိုက်ပျိုးလျက်ရှိသော လယ်ယာမြေများကို ပြုပြင်ပြောင်းလဲ၍လယ်ယာသုံးစက်ကိရိယာများဖြင့် စွမ်းအားပြည့်အသုံးပြုပြီး အထွက်နှုန်းကောင်းမွန်သည့် သိပ္ပံနည်းကျစိုက်ပျိုးရေးနည်းစနစ်များဖြင့် စိုက်ပျိုးကာ မျိုးကောင်းမျိုးသန့်စပါးမျိုးများ ထုတ်လုပ်နိုင်ပြီး ဝင်ငွေများ ပိုမိုရရှိစေရန် ဖော်ထုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

စနစ်ကျလယ်ယာမြေဖော်ထုတ်လုပ်ကိုင်ခြင်းကို ကသာမြို့နယ် မင်းလယ်ကျေးရွာတွင် ဧက ၁၀၀ ကိုလည်းကောင်း၊ ကန့်ဘလူမြို့နယ် ခါးတောက်ရင်းကျေးရွာနှင့် ညောင်ပင်ကြီးကျေးရွာတို့တွင် ဧက ၂၀၀ ကိုလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ဆင်တပ်ကျေးရွာတွင် ဧက ၁၀၀ ကိုလည်းကောင်း၊ ပုလဲမြို့နယ် လက်တောင်းကြီးကျေးရွာတွင် ဧက ၁၀၀ ကိုလည်းကောင်း စုစုပေါင်းဧက ၅၀၀ ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေကျပ် ၂၅၁ သန်းဖြင့် ဖော်ထုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ယခင်ကျော်ကြားခဲ့ဖူးသော ဘိုကလေးမီးသွေးအဖြစ် မကျော်ကြားချင်တော့ပါ

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်သည် တစ်ချိန်က သစ်မျိုးစုံနှင့် ရေသယံဇာတ လွန်စွာပေါများစွာထွက်သော မြို့တစ်မြို့အဖြစ် ထင်ရှားခဲ့သည်။

အိမ်တိုင်းအိမ်တိုင်း မရှိမဖြစ်သုံးစွဲရသောထင်းနှင့် မီးသွေးကို ဘိုကလေးအပိုင် မိန်းမလှကျွန်းနှင့် ကဒုံကနိသစ်တောတို့မှ မြောက်မြားစွာထွက်ရှိခဲ့သည်။ ရန်ကုန်ဆိပ်ကမ်းတွင် ကနစို၊ မြင်းက၊ မဓမ သစ်တို့မှ မီးဖုတ်၍ ရရှိသော(သစ်မာ ဘိုကလေး မီးသွေး)အဖြစ် ထင်ရှားခဲ့သည်။ ယင်းအချိန်က သစ်တောကြီးများရှိခဲ့၍ မုန်တိုင်းကျရောက်လျှင် ဒီရေလွန်စွာတက်ခြင်း မဖြစ်ပေါ်ခဲ့ပေ။ တိရစ္ဆာန်နှင့် လူအသေအပျောက်ပျက်စီးမှု လွန်စွာရှားပါးခဲ့သည်။

ဘိုကလေးဌေးနိုင်



ယခုနောက်ပိုင်း ထင်း၊ မီးသွေး လောင်စာအဖြစ် လွန်ကဲစွာထုတ်လုပ်ခဲ့၍ ယခုဆိုလျှင် ထင်း၊ မီးသွေးများကို တိုင်းဒေသကြီး၊ မြို့ကြီးများမှ ဝယ်ယူသုံးစွဲလာခဲ့တာ ဆယ်စုနှစ် နှစ်ခုကျော်လာခဲ့ပြီဖြစ်သည်။ မိန်းမလှကျွန်းတွင်လည်း သစ်ကြီးများနည်းပါးခဲ့ပြီး ၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့ တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းကြောင့်လည်း သစ်ပင်ကြီးများလဲပြိုခဲ့၍ အပင်လတ်နှင့် အပင်ငယ်များသာ ကျန်ခဲ့တော့သည်။ လူပေါင်း ၁၄၀၀၀၀ ကျော် သေဆုံးခဲ့ပြီး တိရစ္ဆာန်များ သိန်းချီ၍ ပျက်စီးခဲ့သည်။

နာဂစ်နောက်ပိုင်း မုန်တိုင်းသတိ အသိဉာဏ်ရှိခဲ့၍ သစ်ပင်သစ်တောမရှိလျှင် ဒီရေတက်နိုင်ခြင်း၊ အပူရှိန်မြင့်မားနိုင်ခြင်း၊ သဘာဝဘေးအန္တရာယ်များဖြစ်လျှင် ဆုံးရှုံးမှုများဖြစ်ပေါ်နိုင်ခြင်း အသိကြောင့် သစ်ပင်သစ်တောများကို ဂရုပြုစိုက်ပျိုးရမည်ဆိုသည်ကို အသိများဖြစ်ပေါ်လာပြီး တစ်ဦးတစ်ယောက်မှသည် တစ်စု၊ တစ်ဖွဲ့ပေါင်းပြီး သစ်ပင်စိုက်ပျိုးပွဲများ နှစ်စဉ်ဂရုပြု၍ စိုက်ပျိုးလာခဲ့ကြသည်။

ကိုရီးယားနိုင်ငံ ကြက်ခြေနီအဖွဲ့ကလည်း ကဒုံကားလမ်း ဝဲ၊ ယာတစ်လျှောက် သစ်ပင်များ နှစ်နှစ်ဆက်တိုက် စိုက်ပျိုးပေးခဲ့ကြသည်။

ဂျပန်နိုင်ငံမှ (ဂျက်ကာ)အဖွဲ့အစည်း အလှူရှင်များအဖွဲ့မှ မိန်းမလှကျွန်းတွင် ဒီရေတောသစ်ပင်များအဖြစ် ကနစို၊ မဓမ၊ ပြူး၊ ကြံ့နာ၊ လမု၊ သမဲ့ ပုံ့သကာနှင့် အခြားသစ်ပင် ပျိုးပင်ပေါက်များကို ငါးနှစ်တိုင်တိုင် စိုက်ပျိုးပေးခဲ့သည်။

မိန်းမလှကျွန်းကို အာဆီယံအမွေအနှစ် သဘာဝဘေးမဲ့တောအဖြစ် သတ်မှတ်ပြီး ထိန်းသိမ်းခဲ့ပြီးဖြစ်သည်။ နောင်နှစ်ပေါင်း ၂၀ ကြာတဲ့အခါ ယင်းအခြေအနေမျိုးမရောက်တောင်မှ သုံးပုံတစ်ပုံရောက်ပြီဆိုရင်ပဲ သစ်တောသစ်ပင်များနှင့် ဖုံးလွှမ်းနေသော ကျွန်းကြီးအဖြစ်မြင်တွေ့ရမည်မှာ မလွဲမသွေဖြစ်မည်အမှန်ပင်။ ယင်းအခြေအနေတွင် ယခင်ကျော်ကြားခဲ့ဖူးသော ဘိုကလေးမီးသွေးအဖြစ် မကျော်ကြားချင်တော့ပါကြောင်း ဆုတောင်းရင်း . . . . ။

**သစ်တောနှင့် သစ်ပင် --- ချစ်ခင်တဲ့လူမျိုး၊**
**သစ်ပင်ကို နှစ်စဉ်စိုက် --- ရွှေတိုက်ကိုစိုး။**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၂၉ စီး၊ သွင်းကုန် ၈၀၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၈၃ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်လျက်ရှိရာ ဧပြီ ၇ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၀ မှု (ခန့်မှန်းတန်ဖိုးကျပ် ၂၀ ဒသမ ၆၂၀၄ သန်း)ခန့်နှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၄ ဒသမ ၂၉၇၆ သန်း)ခန့် စုစုပေါင်း ၁၂ မှု (ခန့်မှန်းတန်ဖိုးကျပ် ၂၄ ဒသမ ၉၁၈၀ သန်း) ခန့် သိမ်းဆည်းရမိကြောင်း သိရသည်။

ထူးခြားသိမ်းဆည်းမှုအနေဖြင့် ဧပြီ ၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၁၉၅) အနီးတွင် Pajero နှင့် Toyota Surf



ယာဉ်နှစ်စီး မသင်္ကာဖွယ် ရပ်တန့်ထားကြောင်း သတင်းရရှိ၍ ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်/တမလန်းခားရွေသစ် ၇၅ တုံး (၂ ဒသမ ၂၀၆၈ တန်)ခန့်နှင့် သယ်ဆောင်သည့် ယာဉ်သုံးစီးစုစုပေါင်း (ခန့်မှန်းတန်ဖိုးကျပ် ၁၆ ဒသမ ၆၂၀၄ သန်း) ခန့်ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# သောက်သုံးရေအခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ထန်းတပင်မြို့နယ် ရွှေနတ်တောင်ကျေးရွာသို့ သောက်သုံးရေသွားရောက်လှူဒါန်း

**ထန်းတပင် ဧပြီ ၈**

တောင်ငူခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်ရှိန်နှင့် ဝန်ထမ်းများသည် ဧပြီ ၆ ရက် နံနက်ပိုင်းက ထန်းတပင်မြို့နယ်အတွင်း သောက်သုံးရေအခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ရွှေဈေးကျေးရွာအုပ်စု ရွှေနတ်တောင်ကျေးရွာရှိ ဒေသခံပြည်သူများ သောက်သုံးရေရရှိနိုင်ရန် ရေဂါလန် ၈၀၀၀ ကို သွားရောက်လှူဒါန်းခဲ့သည်။



အဆိုပါ ရေလှူဒါန်းရာသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းရွှေတို့က ရေပေးဝေနေမှု အခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# ပျဉ်းမနားအချုပ်ထောင်မှ အချုပ်သားနှစ်ဦး ထွက်ပြေး

**နေပြည်တော် ဧပြီ ၈**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့မရဲစခန်းအနီးရှိ ပျဉ်းမနားအချုပ်ထောင်မှ အချုပ်သားထွက်ပြေးလွတ်မြောက်မှု ယနေ့နံနက်က ဖြစ်ပွားခဲ့ကြောင်း ပျဉ်းမနားမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ အချုပ်ထောင်အတွင်း သန့်ရှင်းရေးလုပ်ရန် အချုပ်ခန်းအမှတ်(၇)မှ တရားခံငွေသိန်း(ခ)ညီညီနှင့် ဝင်းထိုက်ကျော်၊ အချုပ်ခန်းအမှတ်(၈)မှ တရားခံပြည့်ဖြိုးအောင်နှင့် မြင့်လွင်တို့အား သန့်ရှင်းရေးလုပ်ခိုင်းပြီး အချုပ်ခန်းအမှတ် (၈)မှ တရားခံများအား အချုပ်ခန်းအတွင်းပြန်ထည့်ခဲ့ပြီး အချုပ်ခန်းအမှတ်(၇)မှ တရားခံနှစ်ဦးအား ပြန်ထည့်မည်လုပ်စဉ် မတွေ့ရှိသဖြင့် ပြန်လည်စစ်ဆေးရာ တရားခံငွေသိန်း(ခ)ညီညီနှင့် ဝင်းထိုက်ကျော်တို့နှစ်ဦး ပျောက်ဆုံးကြောင်းသိရသဖြင့် လိုက်လံရှာဖွေရာ ၎င်းတို့နှစ်ဦးမှာ ဆောက်လုပ်ဆဲအချုပ်ခန်း အုတ်နံရံမှတစ်ဆင့် အချုပ်ထောင်အဟောင်း ခေါင်မိုးပေါ်သို့ တက်ရောက်ထွက်ပြေးခဲ့ကြောင်း သိရသည်။

အဆိုပါ ထွက်ပြေးလွတ်မြောက်သူ အချုပ်သားနှစ်ဦးအား ပြန်လည်ဖမ်းဆီးရမိရေးအတွက် ပိတ်ဆို့ချိတ်ဆက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

**သူရိန်ထွန်း(ပဲခူး)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# ညောင်လေးပင်မြို့အထွက်၌ ခြောက်ဘီးယာဉ်တစ်စီး ဂျိုင်းပြုတ်၍ လမ်းဘေးထိုးကျတိမ်းမှောက်

**ညောင်လေးပင် ဧပြီ ၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့မှ မန္တလေးဘက်သို့အထွက် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၁၀၁/၃)လေပျဉ်ဆိတ်ကွေ့၌ ယနေ့နံနက် ၉ နာရီခွဲက ခြောက်ဘီးယာဉ်တစ်စီး ဂျိုင်းပြုတ်၍ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပျော်ဘွယ်မြို့မှညောင်လေးပင်မြို့၊ ဒိုက်ဦးမြို့များသို့ပို့ရန် ကြက်သွန်များတင်ဆောင်လာသော ပျော်ဘွယ်မြို့နေ ယာဉ်မောင်း သူလှ (၃၀)နှစ် မောင်းနှင်ပြီး ယာဉ်နောက်လိုက်မျိုးကိုကို လိုက်ပါလာသည့် ယာဉ်အမှတ် 5G\---အဖြူရောင်ခြောက်ဘီးယာဉ်သည် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၁၀၁/၃ လေပျဉ်ဆိတ်ကွေ့အရောက် မန္တလေးဘက်မှ ရန်ကုန်ဘက်လမ်း ညာဘက်ခြမ်းသို့ ဂျိုင်းပြုတ်၍အရှိန်မထိန်းနိုင်ဘဲ ထိုးကျတိမ်းမှောက်သွားရာ လူများထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းသူလှအား ညောင်လေးပင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူနိုင်ရန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



# ကလောမြို့နယ်တွင် ငွေကျပ်သိန်းပေါင်း ၁၁၀၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၈**

မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၇ ရက်က ကလောမြို့နယ် ရေယားကျေးရွာအနီး ကလော-သာစည်သွား ကားလမ်းမပေါ်တွင် မောင်မောင်မြင့် မောင်းနှင်ပြီး ပြည့်ဖြိုးဝင်းလိုက်ပါလာသည့် ALPHARD အမျိုးအစား ခဲရောင်မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁ သိန်း (ယင်းဒေသတန်ဖိုး ငွေကျပ် သိန်း ၁၁၀၀၀) သိမ်းဆည်းရမိသည်။



မောင်မောင်မြင့်နှင့် ပြည့်ဖြိုးဝင်းတို့ကို သိမ်းဆည်းရမိမူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အလားတူ မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်-မန္တလေးသွားကားလမ်း နောင်ချိုမြို့အဝင်တွင် သက်ခိုင် မောင်းနှင်ပြီး ရဲပိုင်လိုက်ပါလာသည့် HILUX VIGO အမျိုးအစား မော်တော်ယာဉ်ကို ရှာဖွေရာ ဘိန်းဖြူ ဆပ်ပြာခွက် ၁၁၀ (အလေးချိန် ၁ ဒသမ ၅၈၉ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ နှင့် မြန်မာငွေကျပ် ၂၃ သိန်း တို့ကိုလည်းကောင်း၊ ဆက်လက်၍ ရွှေလိပ်ပြာ ခရီးသည်တင်ယာဉ်ငယ်အသင်းမှ NISSAN AD VAN အမျိုးအစား မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၄၆ ပြားကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# ဆိုင်ကယ်နှင့် ခြောက်ဘီးယာဉ်တိုက်မိရာမှ နှစ်ဦးသေဆုံး

**အင်းတော် ဧပြီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မဲဇာဒေသ စက်တောကုန်းကျေးရွာအနီး မန္တလေး-မြစ်ကြီးနားဗျူဟာကားလမ်းတွင် ဧပြီ ၆ ရက် ည ၉ နာရီခန့်က ဆိုင်ကယ်နှင့်ခြောက်ဘီးယာဉ်တိုက်မှုကြောင့် လူနှစ်ဦးသေဆုံးပြီး ယာဉ်မောင်းမှာ ထွက်ပြေးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ မဲဇာဘက်မှ စက်တောကုန်းကျေးရွာနေ ဦးကျော်မြင့်နှင့် ဦးမြင့်ဆွေတို့ မောင်းနှင်လိုက်ပါလာသော 125 ဆိုင်ကယ်နှင့် မန္တလေးဘက်မှ မောင်းနှင်လာသော ခြောက်ဘီးယာဉ်တို့သည် စက်တောကုန်းရွာအလွန်တွင် တိုက်မိကြရာ ဦးမြင့်ဆွေမှာ နေရာတွင်ပင် သေဆုံးခဲ့ပြီး ဦးကျော်မြင့်မှာ သတိလစ်မေ့မြောနေရာ အင်းတော်မြို့ဒါနသုခ လူမှုကူညီ စောင့်ရှောက်ရေးအသင်းက သယ်ဆောင်လာရာ အင်းတော်ဆေးရုံအရောက်တွင် သေဆုံးသွားခဲ့သည်။ ယာဉ်မောင်းမှာ ထွက်ပြေးနေသဖြင့် အင်းတော်မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်နေကြောင်း သိရသည်။ **ကိုမင်း(အင်းတော်)**

# ၂၀၁၇ ခုနှစ်အတွင်း ပေါင်သန်း ၄၀၀နီးပါး ဖီဖာ ဆုံးရှုံးဖွယ်ရှိနေ

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)သည် ၂၀၁၆ ခုနှစ်အတွင်း ပေါင်သန်း ၃၀၀ခန့် ဆုံးရှုံးခဲ့ပြီးဖြစ်သလို ၂၀၁၇ ခုနှစ် အချိန်စာရင်းအရ ပေါင်သန်း ၄၀၀နီးပါး ဆုံးရှုံးရန် ရှိနေကြောင်း ဘီဘီစီ သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။ အဂတိလိုက်စားမှု အရှုပ်တော်ပုံနှင့် ဆက်စပ်သည့် တရားရေးကိစ္စများအပြင် ယခင်ရင်းနှီးမြှုပ်နှံမှုများမအောင်မမြင်ဖြစ်ခဲ့ရခြင်းများက အခုကဲ့သို့ ဆုံးရှုံးမှုများကိုဖြစ်ပေါ်စေခြင်းဖြစ်သည်။ နောက်ဆုံးထွက်ပေါ်ခဲ့သည့် ဘဏ္ဍာရေးစာရင်းများအရ ၂၀၁၅ ခုနှစ်အတွင်း ပေါင်သန်း၁၀၀နီးပါး၊၂၀၁၆ ခုနှစ် ပေါင်သန်း ၃၀၀ ဆုံးရှုံးခဲ့ပြီးဖြစ်သလို ၂၀၁၇ ခုနှစ်တွင်လည်း ပေါင်သန်း ၄၀၀ခန့် ဆုံးရှုံးနိုင်မည်ဟု ခန့်မှန်းထားခြင်းဖြစ်သည်။

၂၀၁၄ ကမ္ဘာ့ဖလားတွင် ပေါင်သန်း ၈၀ အကျိုးအမြတ် ရရှိခဲ့သဖြင့် ၂၀၁၈ ခုနှစ်ရုရှားကမ္ဘာ့ဖလားတွင် ဘဏ္ဍာရေးအင်အား ပြန်လည်ဖြည့်စွက်နိုင်မည်ဟု မျှော်မှန်းထားကြောင်း ဖီဖာတာဝန်ရှိသူများကပြောကြားခဲ့သည်။ ဖီဖာသည် လက်ရှိအချိန်ထိ ဆွစ်ဇာလန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့တွင် ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးခံနေရဆဲဖြစ်ပြီး ပြီးခဲ့သည့်နှစ်ကလည်း ဥပဒေပညာရှင်များအတွက် ပေါင်သန်း၅၀ ကျခံခဲ့ရသည်။ ယခင်ဖီဖာဥက္ကဋ္ဌ ဟောင်းဆပ်ဘလတ္တာ ရင်းနှီးမြှုပ်နှံခဲ့သည့် ဇူးရစ်ရှိ ဘောလုံးပြတိုက်နှင့် ဟိုတယ်လုပ်ငန်းတို့ မအောင်မမြင်ဖြစ်ခဲ့ခြင်းက ဖီဖာ၏ လုပ်ငန်းများကို ပြန်လည်သုံးသပ်ရန် လိုအပ်နေသည်ကို ညွှန်းဆိုနေသည့် အချက်များပင်ဖြစ်နေသည်။






## မန်ယူကို ပြောင်းရွှေ့ချင်ကြောင်း ရီးယဲလ်မက်ဒရစ်တာဝန်ရှိသူများကို ဂျိမ်းစ်ရိုဒရီဂွက်ဇ်ပြောကြား

ရီးယဲလ်မက်ဒရစ်ကွင်းလယ်လူ ဂျိမ်းစ်ရိုဒရီဂွက်ဇ်က သူ့အနေနဲ့ မန်ယူကိုသာ ပြောင်းရွှေ့လိုတယ်လို့ ဆိုခဲ့တာကြောင့် ဂျိမ်းစ်ကို အလိုရှိနေသော မန်ယူရဲ့ ပရီမီယာလိဂ်ပြိုင်ဘက်များဖြစ်သည့် ချယ်လ်ဆီးနှင့် လီဗာပူးတို့အတွက် ကြီးမားသည့် ထိုးနှက်ချက်ဖြစ်လာခဲ့ပြီဖြစ်သည်။ ဂျိမ်းစ်ကို နည်းပြ အန်စလော့တီက ၂၀၁၄ ခုနှစ်တွင် ပေါင် ၆၃ သန်း အသုံးပြုခေါ်ယူခဲ့ပေမယ့် နည်းပြဇီဒန်းလက်ထက်တွင် ပုံမှန်ပွဲထွက်ခွင့် ပျောက်ဆုံးခဲ့တာကြောင့် ယခုနှစ်နွေ ရီးယဲလ်က ထွက်ခွာမယ့် ကစားသမားအဖြစ် ထိပ်ဆုံးကရေပန်းစားနေသူဖြစ်သည်။

ဂျိမ်းစ်မှာ နည်းပြ မော်ရင်ဟိုကို လေးစားသူဖြစ်သည့်အတွက် မန်ယူကိုသာ ရွေးချယ်လိုကြောင်း ရီးယဲလ်တာဝန်ရှိသူများနှင့် ဆွေးနွေးမှုတွင် ပြောကြားခဲ့သည်ဟု စပိန်အားကစားစာစောင် ဒွန်ဘလွန်က ဖော်ပြခဲ့သည်။ ဂျိမ်းစ်ကို ဘိုင်ယန်မြူးနစ် အသင်းကလည်း စိတ်ဝင်စားနေသော်လည်း နည်းပြ အန်စလော့တီက ပထမပွဲထွက်စာရင်းအတွက် အာမခံချက်မပေးခဲ့ဟု သိရသည်။

ဂျိမ်းစ်သည် လီဂါနက်စ်နှင့် ပွဲစဉ်တွင် သူ့ကို လူစားလဲခဲ့သည့် နည်းပြဇီဒန်းကို ဆဲခဲ့သလို နည်းပြအဖွဲ့ဝင်တစ်ဦးကိုလည်း မချေမငံ တုံ့ပြန်ခဲ့သည့်အတွက် ဘာနေဗျူးတွင် သူ၏ အနာဂတ် ကုန်ဆုံးချိန် ပိုမိုနီးကပ်လာပြီဖြစ်သည်။ ချယ်လ်ဆီးနှင့် လီဗာပူး အသင်းတို့သည် ဂျိမ်းစ်ကို ဟိုးယခင်နှစ်များကတည်းက စိတ်ဝင်တစား ချိတ်ဆက်ခဲ့သည့် အသင်းများဖြစ်ရာ ဂျိမ်းစ်၏ ယခုလို ပြောကြားချက်က ၎င်းတို့ နှစ်သင်းလုံးအတွက် ကြီးမားသည့် ထိုးနှက်ချက် ဖြစ်လာခဲ့သည်။

## အာဆင်နယ်မှ ထွက်ခွာနိုင်ကြောင်း ဆန်းချက်ဇ် အရိပ်အမြွက်ဆို

အာဆင်နယ်တိုက်စစ်မှူး ဆန်းချက်ဇ်က စိတ်အားထက်သန်မှုကသာ သူ့အနေနဲ့ အောင်မြင်ရေးကို ဖော်ဆောင်နိုင်တယ်ဆိုတာကို သဘောပေါက်ထားတယ်လို့ ဆိုခဲ့တာကြောင့် ဒီစကားအရ အာဆင်နယ်ကနေ သူထွက်ချင်တယ်ဆိုတာကို အရိပ်အမြွက်ထပ်မံ ပြဆိုလိုက်ခြင်းဖြစ်ကြောင်း The Sun သတင်းဌာနရဲ့ ဖော်ပြချက်အရ သိရသည်။ဆန်းချက်ဇ်က သူ၏ကစားသမားဘဝတစ်လျှောက်တွင် အောင်မြင်မှုတွေကို ပြန်သုံးသပ်ရင်း စိတ်အားထက်သန်မှုကသာ အောင်မြင်မှုအားလုံး၏ အခြေခံဖြစ်တယ်ဆိုတာကို အဖြေထုတ်နိုင်ခဲ့ကြောင်း ဆိုခဲ့သည်။ ဆန်းချက်ဇ်နှင့် အာဆင်နယ်တို့ကြား လတ်တလော စာချုပ်သက်တမ်း ၁၄ လသာ ကျန်ရှိချိန်အထိ စာချုပ်သစ်ကိစ္စညှိနှိုင်းမရသေးဘဲ လာမယ့်နွေ ဆန်းချက်ဇ် အာဆင်နယ်က ခွာတော့မယ်ဟု အစာပိုင်းကတည်းက သတင်းထွက်နေခဲ့ခြင်းဖြစ်သည်။ နည်းပြ ဝင်းဂါးက လာမယ့်နွေရာသီတွင် ဆန်းချက်ဇ်နှင့် အိုဇေးလ် နှစ်ဦးစလုံး စာချုပ်သက်တမ်းတိုးရေးကို ပြန်လည်ဆွေးနွေးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားထားပြီးဖြစ်သည်။ ဝင်းဂါးက ပရိသတ်များ အဘယ်ကြောင့် ဆန်းချက်ဇ် အာဆင်နယ်ကနေ ထွက်ခွာတော့မယ်လို့ အလွယ်တကူ ကောက်ချက်ချ အဖြေထုတ်နေရသလဲဆိုသည်ကို စဉ်းစား၍ပင် မရနိုင်ကြောင်း တုံ့ပြန်ထားပြီးဖြစ်သည်။

ဆန်းချက်ဇ်သည် ချီလီအသင်းအတွက် နိုင်ငံတကာ ပွဲစဉ်များသွားရောက်ယှဉ်ပြိုင်နေသည့် ကာလအတွင်းကလည်း လန်ဒန်မြို့လူနေမှုဘဝကို နှစ်သက်သော်လည်း ချန်ပီယံဆု စိန်ခေါ်နိုင်မယ့် အသင်းအတွက်သာ ကစားချင်ကြောင်းဆိုခဲ့ရာ ချယ်လ်ဆီးကို ပြောင်းရွှေ့သော ဆန်းချက်ဇ် စကားခေါ်နေခြင်းဖြစ်ကြောင်း ယူဆမှုများထွက်လာခဲ့သည်။ သို့သော် ချယ်လ်ဆီးနည်းပြ ကွန်တီကမူ ပြိုင်ဘက် ကစားသမား တစ်ဦးကို ချိတ်ဆက်နေသည်ဟူသော သတင်းက ပြိုင်ဘက်အသင်းနှင့် ကာယကံရှင် နှစ်ဦးစလုံးပေါ်တွင် လေးစားမှုလျော့နည်းလွန်းခြင်းကြောင့် ပြောဆိုခြင်းမပြုရန်တားမြစ်ခဲ့သည်။

ဆန်းချက်ဇ်က ကွန်တီမှာ ဆုဖလားရရှိရေး ဦးဆောင်ပေးနိုင်တဲ့ နည်းပြအဖြစ် ယုံကြည်ထားသလို ကွန်တီကလည်း အပြောင်းအရွှေ့သတင်းများမထွက်ပေါ်မီကပင် ဆန်းချက်ဇ်ကို“ ထိပ်တန်းကစားသမား” ဟု အမည်တပ်ခဲ့ဖူးသည်။ သို့သော် ဆန်းချက်ဇ်မှာ သူ့ကို ထောက်ခံမှုပြုနေသည့် ပရိသတ်များ၏ မျက်နှာကို ငဲ့ကွက်သောအားဖြင့် စာချုပ်သက်တမ်း ကုန်ဆုံးသည်အထိ အာဆင်နယ်တွင် ဆက်နေမယ်ဆိုသောဖော်ပြမှုများကို တွေ့နေရပြီး ဆန်းချက်ဇ် အပြောင်းအရွှေ့ကိစ္စရပ်မှာ ရှုပ်ရှုပ်ထွေးထွေးဖြစ်နေသည်။ ချယ်လ်ဆီးအသင်းကလည်း ဆန်းချက်ဇ် ရရှိရေး ကြိုးပမ်းနေသလို အက်သလက်တီကို၊ ဂျူဗင်တပ်၊ ပီအက်စ်ဂျီနှင့် တရုတ်စူပါလိဂ်အသင်းများကလည်း ချိတ်ဆက်နေကြောင်း သိရသည်။

## မန်ယူတွင်သာ ဟာနန်ဒက်ဇ် ဆက်ရှိနေပါက တစ်ရာသီ ဂိုး၂၀ အလွယ်လေး သွင်းယူနိုင်မည်ဟု မော်ရင်ဟို ယုံကြည်

မန်ယူတွင် တိုက်စစ်မှူး ဟာနန်ဒက်ဇ် ဆက်ရှိနေပါက တစ်ရာသီ ဂိုး၂၀ ကို အလွယ်တကူ သွင်းယူနိုင်မည်ဖြစ်ကြောင်း မန်ယူနည်းပြ မော်ရင်ဟိုက ဆိုခဲ့သည်။ ဟာနန်ဒက်ဇ်သည် ၂၀၁၅ ခုနှစ်တွင် မန်ယူမှ လေဗာကူဆင်အသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၇ ဒသမ ၃ သန်းဖြင့် ပြောင်းရွှေ့သွားခဲ့ပြီးနောက် ၅၁ ပွဲတွင် သွင်းဂိုး၂၇ ဂိုးအထိ သွင်းယူနိုင်ခဲ့သည်။

နည်းပြ ဗန်ဟားလ်လက်ထက်တွင် တိုက်စစ်ကစားသမားများဖြစ်သည့် ဟာနန်ဒက်ဇ်၊ ဗန်ပါစီ၊ ဒီမာရီယာ၊ ဝဲလ်ဘတ်တို့ကို ထွက်ခွာခွင့်ပေးခဲ့ပြီး ဒီပိုင်း၊မာရှယ်လ်တို့ကို ဝယ်ယူခဲ့ရာ နောက်ဆက်တွဲအကျိုးဆက်အဖြစ် မန်ယူအသင်းတိုက်စစ်ပိုင်း ပြဿနာတောက်လျှောက် ကြုံတွေ့နေရခြင်းဖြစ်သည်။

နည်းပြ မော်ရင်ဟို ရောက်ရှိလာပြီးနောက် ကမ္ဘာ့အဆင့်တိုက်စစ်မှူးများစွာကို ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရရှိဘဲ အသက်(၃၅) နှစ်အရွယ် တိုက်စစ်မှူး အီဗရာဟီမိုဗစ်တစ်ဦးကိုသာ မန်ယူအတွက် အားဖြည့်ခေါ်ယူနိုင်ခဲ့သည်။ ထို့ကြောင့် မန်ယူတိုက်စစ်ပိုင်းတွင် မည်သူပုံမှန်ဂိုးသွင်းပေးနိုင်မလဲဆိုသည်မှာ အဓိက ပြဿနာ ဖြစ်နေပြီး အီဗရာဟီမိုဗစ် ခြေစွမ်းမပြနိုင်ပါက မန်ယူအသင်းဂိုးရရှိရန် ခက်ခဲကာ ရလဒ်ပိုင်းဆိုးရွားတတ်သည်ကို တွေ့ရသည်။

မော်ရင်ဟိုက မန်ယူအသင်းတွင် ဂိုးဖန်တီးမှု အားကောင်းသည့် ကစားသမားအမြောက်အမြားရှိခြင်းကြောင့် ဟာနန်ဒက်ဇ် အရန်ခုံမှထလာပြီး မိနစ်



၂၀ လောက် ဝင်ရောက်ကစားလျှင်ပင် တစ်ရာသီ ဂိုး၂၀ လောက် အလွယ်တကူ သွင်းယူနိုင်မည်ဟု ဆိုခဲ့ခြင်းဖြစ်သည်။ မန်ယူအသင်းသည် အက်သလက်တီကို တိုက်စစ်မှူး ဂရစ်ဇ်မန်းကို ပြောင်းရွှေ့ကြေးပေါင် ၈၉ သန်းဖြင့် ခေါ်ယူရန် ကြိုးပမ်းနေသော်လည်း မန်ယူသာ ရာသီကုန် ချန်ပီယံလိဂ် ဝင်ခွင့်မရပါက မန်ယူကို ဂရစ်ဇ်မန်း လာမည်မဟုတ်ကြောင်း စပိန်မှလာသော သတင်းရင်းမြစ်များက ဖော်ပြသည်။

**မေလှဲ့သင်း-ရေးသားသည်**

## ၂၀၁၆-၂၀၁၇ ဘောလုံးရာသီအတွင်း အေးဂျင့်များကို ပေးချေရသည့် စရိတ် ၃၈ ရာခိုင်နှုန်းအထိ တက်လာခဲ့တဲ့ အင်္ဂလန် ကလပ်အသင်းများ

အင်္ဂလန်ကလပ်အသင်းများအနေဖြင့် ကစားသမားများ၏ အေးဂျင့်များကို ပေးချေရသည့် ငွေသားပမာဏမှာ ပေါင်သန်း ၁၆၀မှ ပေါင်သန်း၂၂၀အထိ တိုးတက်လာခဲ့ခြင်းကြောင့် ပြီးခဲ့သည့်နှစ်ဘောလုံးရာသီထက် ၃၈ ရာခိုင်နှုန်း ပိုမိုကုန်ကျခဲ့ကြောင်း သိရသည်။ ပရီမီယာလိဂ်ကလပ်အသင်းများသည်ယခင် ပေါင်သန်း ၁၃၀ မှ ယခုနှစ် ပေါင် ၁၇၄ သန်းအထိ ကျခံသုံးစွဲခဲ့ပြီး မန်စီးတီးအသင်းက ပေါင် ၂၆ ဒသမ ၃ သန်းဖြင့် အများဆုံးကျခံခဲ့သည့် အသင်းအဖြစ် ရပ်တည်နေကာ ချယ်လ်ဆီးက ၂၅ ဒသမ ၁ သန်း၊ မန်ယူက ၁၉ သန်းတို့ဖြင့် ဒုတိယနှင့် တတိယနေရာတို့တွင် ရှိနေသည်။ အင်္ဂလန်ဒုတိယတန်းစားလိဂ်အဖြစ် သတ်မှတ်ထားသည့် ချန်ပီယံရှစ်မှာပင် အေးဂျင့်များအတွက် ကုန်ကျစရိတ် ပေါင် ၄၂ ဒသမ ၄ အထိ ရှိခဲ့ရာ ၆၂ ရာခိုင်နှုန်းအထိ တက်လာခဲ့ခြင်းဖြစ်သည်။ အက်ဖ်အေ(အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်)သည် အဆိုပါစာရင်းကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၁၇ ဇန်နဝါရီအထိ ကာလအတွင်း တွက်ချက်ထားခြင်းဖြစ်သည်။

ပရီမီယာလိဂ်အပြောင်းအရွှေ့တစ်ရပ်လုံး အသုံးစရိတ်သည် ယခုနှစ်ဘောလုံးရာသီတွင် စံချိန်သစ်အဖြစ် ပေါင် ၁ဒသမ၃ဧဘီလီယံအထိ တက်လာခဲ့ပြီး လွန်ခဲ့သည့်နှစ်ရာသီအသုံးစရိတ်ထက် ၄၆ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ ယခင်နှစ်များက အေးဂျင့်များအတွက် အများဆုံး ကျခံသုံးစွဲခဲ့သည့် အသင်းမှာ လီဗာပူးဖြစ်သော်လည်း ယခုနှစ်တွင် မန်စီးတီးက ပေါင်၂၆ ဒသမ ၃ သန်းအထိ သုံးစွဲကာ အေးဂျင့်စရိတ်အပေးချေရဆုံးအသင်းဖြစ်ခဲ့သည်။ ချယ်လ်ဆီးသည်လည်း ပြီးခဲ့သည့် နှစ်က ပေါင် ၁၂ သန်းမှ ယခုနှစ်တွင် ပေါင်၂၅ ဒသမ ၁ သန်းအထိ နှစ်ဆတိုးတက်သုံးစွဲခဲ့ရသည်။

## မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်အကြိုသင်္ကြန်မောင်မယ်ရွေးပွဲနှင့် ယိမ်းအကအလှပြိုင်ပွဲ၊ ဈေးရောင်းပွဲတော်ကျင်းပ

**မန္တလေး ဧပြီ ၈**

တတိယအကြိမ် မင်္ဂလာမန္တလေးမြန်မာ့ရိုးရာသင်္ကြန်ပွဲတော်အကြို ခေတ်အဆက်ဆက်သင်္ကြန်သရုပ်ပြပွဲ၊ ယိမ်းအကအလှပြိုင်ပွဲ၊ မောင်သင်္ကြန်မယ်သင်္ကြန်ရွေးချယ်ပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ဧပြီ ၇ ရက် ညနေ ၆ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၇၃ လမ်း သဇင်လမ်းနှင့် ငုရွှေဝါလမ်းကြား မင်္ဂလာမန္တလေးရှိ ပရိမိုးရှင်းဧရိယာတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးမြို့တော်ဝန်စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာရဲလွင်၊ တရားသူကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇော၊ ဒုတိယမြို့တော်ဝန်ဦးရဲမွန်နှင့် စည်ပင်သာယာရေးကော်မတီဝင်များ တက်ရောက်ကြသည်။

ယင်းနောက် မန္တလေးမြို့ဂုဏ်ဆောင် မြို့မတူရိယာအသင်းနှင့်အတူ အလင်းသစ်ယဉ်ကျေးမှုအဖွဲ့၏ခေတ်အဆက်ဆက်မြန်မာ့ရိုးရာသင်္ကြန်တေးသရုပ်ဖော် ကပြတင်ဆက်ခြင်း၊ PROJECT KDance Crew အဖွဲ့က ဖျော်ဖြေတင်ဆက်သည်။

ဆက်လက်၍ မောင်သင်္ကြန်၊ မယ်သင်္ကြန်စိတ်ကြိုက်မြန်မာဝတ်စုံ၊ မြန်မာ့ရိုးရာသင်္ကြန်ဝတ်စုံဖြင့် ပထမအဆင့်ယှဉ်ပြိုင်ခြင်းတို့ကိုကျင်းပရာ တက္ကသိုလ်ကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် ယိမ်းအကအလှပြိုင်ပွဲကျင်းပရာ အနုပညာရှင်များက အကဲဖြတ်အမှတ်ပေးကြသည်။ မင်္ဂလာမန္တလေးမြန်မာ့ရိုးရာသင်္ကြန်အကြို ယိမ်းအကအလှပြိုင်ပွဲ၊ မောင်-မယ်သင်္ကြန်ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော်ကို ဧပြီ ၇ ရက်မှ ၉ ရက်အထိ နံနက် ၉ နာရီမှ ည ၉ နာရီအတွင်း ကျင်းပလျက်ရှိပြီး ညနေ ၄ နာရီတွင် လာရောက်ကြည့်ရှုအားပေးသူများအား စတုဒိသာကျွေးမွေးကြောင်း သိရသည်။

**မောင်ပြည်သူ**

## သင်္ကြန်မဏ္ဍပ်များတွင် အကာအကွယ်များပါသောအခန်းများ မထားရှိရေး၊ CCTV ကင်မရာများတပ်ဆင်ထားရှိရေး မှာကြား

**မန္တလေး ဧပြီ ၈**

မန္တလေးမဟာသင်္ကြန်ပွဲတော်စီမံခန့်ခွဲရေး လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းအောင်သည် ကော်မတီဝင်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်နိုင်၊ ခရိုင်နှင့်မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ မြို့တော်စည်ပင်မှတာဝန်ရှိသူများနှင့်အတူ ဧပြီ ၇ ရက် နံနက် ၉ နာရီက ကျုံးပတ်လည် သင်္ကြန်မဏ္ဍပ်များတည်ဆောက်ပြီးစီးမှု၊ ကြံ့ခိုင်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။



သင်္ကြန်မဏ္ဍပ်များစစ်ဆေးစဉ် တိုင်းဒေသကြီးလုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက မဏ္ဍပ်များတွင် တံခါး၊ လိုက်ကာ ခန်းဆီးအကာအကွယ်များပါသော အခန်းများ မထားရှိရန်၊ မဏ္ဍပ်လုံခြုံရေးအတွက် CCTV ကင်မရာများတပ်ဆင်ထားရှိရန်၊ မဏ္ဍပ်များတွင် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရေးအတွက် လုံခြုံရေးအဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မဏ္ဍပ်တာဝန်ခံများညှိနှိုင်းဆောင်ရွက်ရန်နှင့် မြန်မာ့ယဉ်ကျေးမှုနှင့်အညီကျင်းပနိုင်ရေး ဆွေးနွေးပြောကြားခဲ့သည်။

မန္တလေးကျုံးပတ်လည်နှင့် မြို့တွင်းတွင် Star Family၊ 9Plus ကြံ့နှစ်ကောင်၊ The Rave၊ အိုးအိမ်ဦးစီးဌာန၊ MBA၊ ဟိုတယ်(မန္တလေး)၊ ဆေးတက္ကသိုလ်(မန္တလေး)၊ ဆောက်လုပ်ရေး၊ နန်းမြို့သူအလှပြမဏ္ဍပ်၊ ချမ်းအေးမန္တလာစသည့်မဏ္ဍပ် ၂၉ ခုတည်ဆောက်လျက်ရှိကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## မြို့နယ်အတွင်းရှိဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

**ညောင်ဦး ဧပြီ ၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ထီးပုကျေးရွာအုပ်စုကောင်းညိုကျေးရွာ လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၇ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ရာ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့သည်။



ရှေးဦးစွာအခမ်းအနားကို လွှတ်တော်ကိုယ်စားလှယ်များနှင့် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်ခလုပ်နှိပ်၍လျှပ်စစ်မီးဖွင့်လှစ်ပေးပြီး မော်ကွန်းကျောက်စာတိုင်အား အမွှေးနံ့သာရည်များ ပက်ဖြန်းပေးသည်။

အဆိုပါကောင်းညိုကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် တိုင်းဒေသကြီးတင်ဒါပိုလျှံငွေကျပ် ၅၇ ဒသမ ၅ သန်း၊ ကျေးရွာလူထုထည့်ဝင်ငွေကျပ် ၅၅ သန်းတို့ဖြင့် ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝါခင်းကြီးကျေးရွာအုပ်စု ဝါခင်းကြီးကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ ဝါခင်းကြီးကျေးရွာ လျှပ်စစ်မီးလင်းနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေကျပ် ၄၆ ဒသမ ၂၆ သန်း၊ ကျေးရွာလူထုထည့်ဝင်ငွေကျပ် ၂၇ သန်းတို့ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညောင်ဦး-ကျောက်ပန်းတောင်းသွား နှစ်လမ်းသွားကားလမ်း လမ်းလယ်ကျွန်းတွင် နှစ်ဖက်မီးလင်းတိုင်များစိုက်ထူနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ စူဠာမဏိဘုရားအရှေ့ဘက်ရှိ ညောင်လက်တစ်ဖက်ကန်ဘောင်တွင် ပုဂံဒေသ ရှုခင်းကြည့်ရှုနိုင်ရန်တောင်ကုန်းဆောင်ရွက်နေမှုအခြေအနေအားသွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဧရာဝတီမြစ်ရေမြင့်တက်ချိန်တွင် နှစ်စဉ်ရေကြီးနှစ်မြုပ်မှုဒဏ်ခံရသည့် ဆယ်လံမြစ်လယ်ကျွန်းကျေးရွာအား ညောင်ဦးမြို့နယ် မြေနဲလေးကျေးရွာ ညောင်ချောက်ကွင်းသို့ ရွာလုံးကျွတ်ပြောင်းရွှေ့ဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုခဲ့ပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံအားပေးခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

## မဟာသင်္ကြန်ပွဲတော်တွင် သင်္ကြန်သံချပ်ပြိုင်ပွဲ ထည့်သွင်းကျင်းပမည်

**မုံရွာ ဧပြီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် သင်္ကြန်ယိမ်းအကပြိုင်ပွဲများ၊ အလှပြယာဉ်များနှင့်အတူ သံချပ်ပြိုင်ပွဲအား ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း မုံရွာသင်္ကြန်ကျင်းပရေးဦးစီးကော်မတီမှ သိရသည်။

သင်္ကြန်သံချပ်ပြိုင်ပွဲတွင် ပါဝင်လိုသူများအနေဖြင့် တီးဝိုင်းပါ ၁၂ ဦးပါဝင်ခွင့်ရှိမည်ဖြစ်ပြီး တစ်ဖွဲ့လျှင် ပြိုင်ပွဲဝင်ချိန် ၁၅ မိနစ်ရရှိမည်ဖြစ်ကြောင်း၊ တားမြစ်ချက်များအနေဖြင့် ရိုင်းစိုင်းသော စကားလုံးအသုံးအနှုန်းများမသုံးရန်၊ အမျိုးသားရင်ကြားစေ့ရေးကိုထိခိုက်မည့် စာသားများမပါဝင်ရန်၊ လူပုဂ္ဂိုလ်နှင့်ဘာသာရေးကို ထိခိုက်မှုမရှိစေရန်စသည့်အချက်များကို ထည့်သွင်းထားကြောင်း သိရသည်။

“ပြီးခဲ့တဲ့နှစ်တွေမှာတော့ အလှပြယာဉ်တွေပြိုင်တာပဲရှိတယ်။ သံချပ်ပြိုင်ပွဲကို မလုပ်ခဲ့ပါဘူး။ သံချပ်ပြိုင်ပွဲအနေနဲ့ကတော့ ဒီနှစ်မှာစပြီးထည့်သွင်းကျင်းပတာပါ။ သံချပ်မှာလည်းရှောင်ရန်၊ ထည့်သွင်းနိုင်တဲ့အချက်တွေကို ထည့်သွင်းပေးထားပါတယ်။ ပြိုင်ပွဲဝင်ဦးရေ၊ ပြိုင်ပွဲဝင်လိုသူတွေအနေနဲ့ကတော့ ဧပြီ ၉ ရက် နောက်ဆုံးထားပြီး မုံရွာသင်္ကြန်ကျင်းပရေးဦးစီးကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ အမည်စာရင်းနှင့် စာသားများပေးပို့ရပါမယ်”ဟု မုံရွာသင်္ကြန်ကျင်းပရေးဦးစီးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ဝင်းဦး(ဓေယျာတိုင်း)**

## ရန်ကုန်မျက်မမြင်ကျောင်း ငြိမ်းချမ်းရေးတွဲလက်များအဖွဲ့ ငြိမ်းချမ်းရေးအတွက်လမ်းလျှောက်

**လားရှိုး ဧပြီ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ဧပြီ ၈ ရက် နံနက် ၉ နာရီက ရန်ကုန်မျက်မမြင်ကျောင်း ငြိမ်းချမ်းရေးတွဲလက်များအဖွဲ့မှ ငြိမ်းချမ်းရေးအတွက် လမ်းလျှောက်ခြင်းကို ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

လားရှိုးမြို့ နားမခေါ်အဝေးပြေးယာဉ်ရပ်နားစခန်းမှ စတင်ကာ တည်းခိုရာ ကမ္ဘောဇရိပ်သာအထိ စုပေါင်းလမ်းလျှောက်ဆန္ဒပြခဲ့ကြပြီး လားရှိုးမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လားရှိုးယာဉ်ထိန်းရဲတပ်ဖွဲ့၊ နာရေးကူညီမှုအသင်းများ၊ လူမှုရေးကူညီမှုအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ လားရှိုးမိဘမဲ့ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက စုပေါင်းကြိုဆိုကြပြီး ငြိမ်းချမ်းရေးအတွက် ငြိမ်းချမ်းရေးတွဲလက်များ(မျက်မမြင်)အဖွဲ့တို့နှင့်အတူ စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။

ရန်ကုန်မျက်မမြင်ကျောင်း၊ ငြိမ်းချမ်းရေးတွဲလက်များအဖွဲ့မှ ၂၅ ဦး တို့သည် ဧပြီ ၉ ရက် ည ၇ နာရီမှစတင်၍ လားရှိုးမြို့ မြို့တော်ခန်းမ၌ ငြိမ်းချမ်းရေးအတွက်တွဲလက်များအစီအစဉ်မှ ဖျော်ဖြေရေးများဖြင့် သီဆိုဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

**ဟန်ငွေး(လားရှိုး)**



## အမျိုးသား အမျိုးသမီးများအကြား အခွင့်အရေးတန်းတူညီမျှရရှိလာစေရန်သင်တန်းဖွင့်


**နေပြည်တော် ဧပြီ ၈**


ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်း၍ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြုစီမံကိန်း ( Community Driven Development CDD) မှ စီမံကိန်းဝန်ထမ်းများအား ကျားမရေးရာမွမ်းမံသင်တန်း ( Gender Refresher Traning) ကို ဧပြီ ၅ ရက်က တပ်ကုန်းမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံး၌ ဖွင့်လှစ်သည်။

(Communication, Social Accountability, Grievances & Gender) အကြံပေး ဒေါ်စုစုငွေက သင်တန်းနည်းပြအဖြစ်ဆောင်ရွက်ပြီး သင်တန်းသား ၁၆ ဦး၊ သင်တန်းသူ ၃၄ ဦး စုစုပေါင်း ၅၀ တို့အား နှစ်ရက်ကြာ သင်ကြားပို့ချကြောင်း သိရသည်။


အဆိုပါ ကျားမရေးရာမွမ်းမံသင်တန်းဖွင့်လှစ်ရခြင်းမှာ ကျားမရေးရာ (Gender) သဘောတရားများကို နားလည်သဘောပေါက်စေရန်၊ စီမံကိန်းအတွင်း ကျားမရေးရာတန်းတူညီမျှမှုရရှိရေး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်တတ်စေရန်၊ အမျိုးသား၊ အမျိုးသမီးများအကြား အခွင့်အရေးတန်းတူညီမျှရရှိလာစေရန်နှင့် အတူတကွပူးပေါင်းဆောင်ရွက်မှုရှိစေရန်အတွက် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။


**သူရိန်ထွန်း**




သုဒဿနလမ်း






ATM



# နွေးနွေးထွေးထွေး အေးအေးဆေးဆေး ကမ္ဘာ့ဆက်ဆံရေး

ကိုရင်ညြ

နိုင်ငံတကာနှင့်ကုန်သွယ်ရာတွင် အမေရိကန်ဘက်မှ ကုန်သွယ်ရေးလိုငွေပြမှု အကြီးအကျယ် ဖြစ်ပေါ်နေခြင်းကို ပြန်လည်သုံးသပ်ရန် သမ္မတဒေါ်နယ်ထရန့်က အမိန့်ထုတ်ပြန်လိုက်ခြင်းသည် တရုတ်နိုင်ငံကို ရည်ရွယ်ပုံရသည်ဟု စီးပွားရေးအကဲခတ်သူများက ဆိုခဲ့ကြပြီးနောက် ဧပြီ ၆ ရက်တွင် အမေရိကန်ခရီးစဉ်စတင်လိုက်သူ ရှီကျင့်ဖျင်သည် ဒေါ်နယ်ထရန့်နှင့် နှစ်ရက်ကြာ ထိပ်သီးဆွေးနွေးပွဲ ကျင်းပခဲ့လေသည်။

**ကုန်သွယ်ရေး ချိန်ခွင်လျှာ**

သမ္မတရှီ၏ ခရီးစဉ်အကြိုနေ့ရက်များမှာပင် နိုင်ငံတကာကုန်သွယ်ရေး မမျှမတဖြစ်နေမှုများကို ပြန်လည်ထိန်းညှိရန် အမေရိကန်အစိုးရအဖွဲ့က ခြေလှမ်းပြင်လိုက်ခြင်းသည် တရုတ်အစိုးရအဖွဲ့အတွက် စနိုးစနောင့်ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

ပစ္စက္ခကာလ၌ အမေရိကန်ပြည်ထောင်စုသည် နိုင်ငံပေါင်း ၁၆ နိုင်ငံနှင့် ကုန်သွယ်ရာတွင် နှစ်စဉ်ကုန်သွယ်ရေး လိုငွေ ဒေါ်လာ ၅၀၀ ဘီလီယံအထိရှိနေသည်။ ယင်းနိုင်ငံများတွင် တရုတ်နှင့် ဂျပန်နိုင်ငံတို့က ရှေ့တန်းမှ ပါဝင်နေကြ၏။

အမေရိကန်ပြည်ထောင်စုအတွင်းသို့ ဈေးချိုသောကုန်ပစ္စည်းများ အောတိုက်သွင်းမှုတိုက်ဖျက်ရေးဥပဒေများ အတိအကျ တစ်သဝေမတိမ်း အာဏာသက်ဝင်လာစေရေးအတွက် ဆောင်ရွက်ရန် ညွှန်ကြားသည့် အမိန့်တစ်ရပ်ကိုလည်း ထရန့်က မတ် ၃၁ ရက်တွင် တစ်ပါတည်း လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သည်။

အမေရိကန်ဈေးကွက်အတွင်း ဈေးနှုန်းချိုသာသောကုန်ပစ္စည်းများအား အောတိုက်ရောင်းချနေခြင်းကို အဆုံးသတ်ရန် နိုင်ငံခြားသွင်းကုန်များအပေါ် အခွန်အတုပ်များ ထိထိရောက်ရောက် ကောက်ယူသွားရန် ထရန့်က ညွှန်ကြားခဲ့သည်။ သွင်းကုန်ဆိုင်ရာအခွန်ရှောင်မှုကို တိုက်ဖျက်ရန်ရည်ရွယ်သည်။

ကလိမ်စေ့ငြမ်းဆင်သည့် ကုန်သွယ်မှုမျိုးကို အလိုမရှိဟု ထရန့်က တစ်တစ်ခွခွ ပြောကြားခဲ့သည်။ တရားမျှတသော ကုန်သွယ်မှုကိုသာ သူ ငံ့လင့်သည်ဟုဆိုသည်။

မည်သည့်နိုင်ငံမဆို ကုန်သွယ်ရေးအရ မျှတစွာလုပ်ကိုင်သင့်ကြသည်ဟု ထရန့်၏ အမိန့်ကိုရည်ညွှန်းလျက် အမေရိကန်တာဝန်ရှိသူများက ပွဲတင်ရိုက်ဟည်း ပြောဆိုကြကုန်သည်။ သို့ရာတွင် အမေရိကန်နှင့် တရုတ်ခေါင်းဆောင်တို့၏ ထိပ်သီးဆွေးနွေးပွဲနီးခါမှ သိုးကာသီကာပေါ်ထွက်လာသော အမိန့်ဖြစ်သဖြင့် တရုတ်နိုင်ငံကို အဓိကဦးတည်နေသလောဟု ထင်ယောင်ဝိုးတဝါး တွေးဆမှုများ ရှိကြကုန်သည်ဖြစ်ရာ၏။

ကုန်သွယ်ရေး လိုငွေပြမှု ဖြစ်ပေါ်စေသော အကြောင်းခြင်းရာများကို လေ့လာသုံးသပ်ရန် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်ရုံးတို့ အခွင့်အာဏာအပ်နှင်းခံရပြီး ရက်ပေါင်း ၉၀ အတွင်း သမ္မတထရန့်ထံ အစီရင်ခံစာတင်သွင်းရပေမည်။

ကုန်သွယ်ရေးအရ မမျှမတဖြစ်ရခြင်းသည် မရိုးမဖြောင့်မှုကြောင့်ဖြစ်ရပြီး ဥပဒေချိုးဖောက်မှုများအတွက် ပြန်လည်ပေးဆပ်ရလိမ့်မည်ဟု ထရန့်က မည်သည့်နိုင်ငံကိုမျှ အမည်နာမမတပ်ဘဲ သတိပေးခဲ့သည်။


ဓာတ်ပုံ - ft.com

အမေရိကန်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဝီလီဘာရို့စ် ဦးဆောင်သောအဖွဲ့က ကုန်သွယ်ရေးလိုငွေပြမှုများနှင့်ပတ်သက်၍ သုံးသပ်လေ့လာမည်ဖြစ်သည်။ အဘယ်ကြောင့် ကုန်သွယ်ရေးလိုငွေပြမှုဖြစ်ရသည်၊ ကုန်သွယ်ရေးဆိုင်ရာဥပဒေစည်းမျဉ်းများအား မည်သို့မည်ပုံချိုးဖောက်နေကြသည် စသည်ဖြင့် သုံးသပ်လေ့လာပေလိမ့်မည်။

"ကျုပ်က အမေရိကန်အလုပ်သမားတွေဘက်က ရပ်တည်ပြီး သမ္မတလုပ်နေတာဗျ။ ကျုပ်အလုပ် ကျုပ်လုပ်သွားမယ်။ နိုင်ငံရေးဒါမှမဟုတ် ဘဏ္ဍာရေးအကျိုးစီးပွားတစ်ရပ် ကျုပ်ရဖို့အတွက် ကျုပ်လုပ်နေတာမဟုတ်ဘူးဗျ။ အမေရိကန်အလုပ်သမားတွေရဲ့ဘဝ တိုးတက်မြင့်မားဖို့ကိုပဲ ကျုပ်လိုလားတယ်" ဟူ၍ ထရန့်က အမိန့်လွှာများ လက်မှတ်ရေးထိုးပွဲတွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

အမေရိကန်ဈေးကွက်အတွင်းသို့ ပြည်ပမှ ဈေးချိုသည့်ကုန်ပစ္စည်းများ အလုံးအရင်းဖြင့် ဝင်ရောက်လာခြင်းသည် မိမိတို့၏ ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို ထိခိုက်စေသည်ဟု အိမ်ဖြူတော် ပြန်ကြားရေး အတွင်းဝန် ရှောင်စပိုက်ဆာက ဆိုသည်။

**ကုန်စည်များ အောတိုက်ဝင်ရောက်မှု**

ပြည်ပအစိုးရအဖွဲ့များသည် အမေရိကန်ဈေးကွက်အတွင်းသို့ ကုန်ပစ္စည်းများအား အောတိုက်တင်ပို့နိုင်ရေးအတွက် ကုန်ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအား ရန်ပုံငွေထောက်ပံ့ပေးသည့် နည်းလမ်းကို ကျင့်သုံးနေကြောင်း၊ ကုန်စည်များ အောတိုက်ဝင်ရောက်လာမှုကို ရပ်တန့်နိုင်ရေးအတွက် အမေရိကန်အကောက်ခွန်နှင့် နယ်စပ်ဒေသကာကွယ်စောင့်ရှောက်ရေးအေဂျင်စီက ထိထိရောက်ရောက် တားဆီးသွားရမည်ဖြစ်ကြောင်း၊ မိမိကသာစေ အမေရိကန်ကနာစေဟူသော မလိုတမာ (မစ္ဆေရ) စိတ်ဖြင့် လုပ်နေသူများသည် ဘဏ္ဍာရေးအရ ပြစ်ဒဏ်ခတ်မှုကို တွေ့ကြုံခံစားကြရလိမ့်မည်ဖြစ်ကြောင်း စပိုက်ဆာက ထပ်မံရှင်းပြခဲ့သည်။

၂၀၀၁ ခုနှစ်နောက်ပိုင်း အမေရိကန်အကောက်ခွန်နှင့် နယ်စပ်ကကွယ်စောင့်ရှောက်ရေးအေဂျင်စီက သွင်းကုန်ခွန်များအပေါ် အပြည့်အဝကောက်ခံနိုင်ခဲ့ခြင်းမရှိဟုဆိုသည်။

"ပြည်ပမှာရှိတဲ့ အစိုးရပိုင်၊ ဒါမှမဟုတ် အစိုးရရဲ့အထောက်အပံ့ကိုရယူတဲ့ ကုမ္ပဏီတစ်ခုဟာ အမေရိကန်ဈေးကွက်ထဲသို့ ကုန်ပစ္စည်းတွေ အောတိုက်သွင်းနေကြတာပါ။ ဥပမာတစ်ခုပြောရရင် ပြည်ပကနေ သံမဏိကို ဈေးချိုချိုနဲ့သွင်းလာမယ်ဆိုရင် ပြည်တွင်းသံမဏိလုပ်ငန်း ထိခိုက်ရပုံမျိုးပေ့ါ"ဟု စပိုက်ဆာက ဖွင့်ဆိုရှင်းပြသည်။

အမေရိကန်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဟန့်တားနေသောစိန်ခေါ်မှုများကို အလေးထားကိုင်တွယ်မည်၊ ကာလရှည် ကုန်သွယ်ရေးလိုငွေပြမှုသည် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများကို နည်းပါးစေသည်ဟု ထရန့်၏အစိုးရအဖွဲ့က ရှုမြင်သည်။

ဥပဒေကဲ့သို့ အာဏာတည်စေသော အမိန့်များသည် တရုတ်နိုင်ငံတစ်နိုင်ငံတည်းကို ရည်ညွှန်းသည်မဟုတ်ဟု ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ရို့စ်က အိမ်ဖြူတော်သတင်းထောက်များနှင့်တွေ့ဆုံရာတွင် ဝိတ္ထာရ ချဲ့ခဲ့ပြန်သည်။

ကုန်သွယ်ရေးအရ မမျှမတအနေအထားတွင်ရှိနေသော နိုင်ငံပေါင်းမှာ ၁၆ နိုင်ငံရှိနေသည်ဟု ရို့စ်က ထောက်ပြသည်။ ကွန်မြူနစ်နိုင်ငံကြီးသည် အမေရိကန်ကုန်သွယ်ရေးလိုငွေပြမှု၏ အရင်းအမြစ်တစ်ခုဖြစ်ကြောင်း၊ အိန္ဒိယနှင့်ကုန်သွယ်ရာတွင် အမေရိကန်ဘက်မှ ကုန်သွယ်ရေးလိုငွေ ဒေါ်လာ ၂၄ ဘီလီယံရှိကြောင်း ရို့စ်က ပြောသည်။

နိုင်ငံတကာကုန်သွယ်ရေး၌ တရုတ်နှင့်ကုန်သွယ်မှုတွင် ဒေါ်လာ ၃၄၇ ဘီလီယံ၊ ဂျပန်နှင့်ကုန်သွယ်မှုတွင် ဒေါ်လာ ၆၈ ဒသမ ၉ ဘီလီယံ၊ မက္ကဆီကိုနှင့်ကုန်သွယ်မှုတွင် ဒေါ်လာ ၆၃ ဒသမ ၂ ဘီလီယံ၊ အိုင်ယာလန်နှင့်ကုန်သွယ်မှုတွင်ဒေါ်လာ ၃၅ ဒသမ ၉ ဘီလီယံနှင့် ဗီယက်နမ်နှင့် ကုန်သွယ်မှုတွင် ဒေါ်လာ ၃၂ ဘီလီယံ အသီးသီးရှိသည်ဟု အမေရိကန်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းအင်းကိန်းဂဏန်းများအရ သိရသည်။

ကုန်သွယ်ရေးလိုငွေပြမှုရှိနေသော ၁၆ နိုင်ငံစာရင်းတွင် အီတလီ၊ တောင်ကိုရီးယား၊ မလေးရှား၊ ထိုင်း၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ တရုတ်ထိုင်ပေ၊ အင်ဒိုနီးရှားနှင့် ကနေဒါတို့ ပါဝင်သည်။

ကုန်သွယ်ရေးလိုငွေပြမှုကို ဖြစ်ပေါ်စေသောနိုင်ငံအချို့ကို တုံ့ပြန်အရေးယူမည်မဟုတ်ဟု ဝန်ကြီးရို့စ်က ဆိုသည်။

"ရေနံအမြောက်အမြားတင်သွင်းရလို့ ကုန်သွယ်ရေး လိုငွေပြတာမျိုးလည်း ရှိတယ်။ ပြည်တွင်းမှာမဖူလုံလို့ ပြည်ပကနေ ရေနံတင်သွင်းနေရတယ်။ ဒါကတော့ ကုန်သွယ်ရေးအရ နစ်နာအောင်လုပ်တာမဟုတ်ဘူး။ ဒါကြောင့် တုံ့ပြန်အရေးယူစရာ မလိုဘူး" ဟု သူကရှင်းပြသည်။

ထုတ်ကုန်ပစ္စည်းများကို အမြောက်အမြားထုတ်လုပ်ကာ ဈေးချိုချိုဖြင့် အောတိုက်တင်သွင်းမှုကြောင့် အမေရိကန်စက်ရုံများ ထိခိုက်နေရမှုကိုမူ တုံ့ပြန်သွားမည်ဟုဆိုသည်။

**ထိပ်သီးဆွေးနွေးပွဲ**

သမ္မတနှစ်ဦးတို့၏ ပထမဆုံးသော ထိပ်သီးဆွေးနွေးပွဲအဖြစ် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် တရုတ်သမ္မတရှီကျင့်ဖျင်အား ဖလော်ရီဒါပြည်နယ် ပမ်းဘိချ်မြို့ရှိ ၎င်း၏ အပန်းဖြေစံအိမ်တော်ကြီးတွင် ဧပြီ ၆ ရက်က ကြိုဆိုနှုတ်ခွန်းဆက်ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဧပြီ ၆ ရက်ညက မာရာလာဂိုအပန်းဖြေစံအိမ်တော်ကြီး၌ သမ္မတထရန့်က သမ္မတရှီကျင့်ဖျင်အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ ခေါင်းဆောင်နှစ်ဦးတို့၏ နှစ်ရက်ကြာ ထိပ်သီးဆွေးနွေးပွဲတွင် မူဝါဒရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးကြရန် စီစဉ်ထားသည်။

သမ္မတနှစ်ဦးအတွက် ပထမဆုံးသော တွေ့ဆုံပွဲဖြစ်သော်လည်း အကဲဆတ်မခံသည့် လုံခြုံရေးရာ ပြဿနာများနှင့် နှစ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အဖုအထစ်များနှင့်ပတ်သက်၍ ဆွေးနွေးကြမည်ဟု မျှော်လင့်ရသည်။

လုံခြုံရေးကဏ္ဍတွင် သမ္မတထရန့်က တရုတ်ခေါင်းဆောင်အား မြောက်ကိုရီးယားနိုင်ငံကို ပိုမိုထိန်းကျောင်းပေးရန် တိုက်တွန်းဖွယ်ရှိသည်။ နျူကလီးယားရည်မှန်းချက်များ ချမှတ်ထားသော မြောက်ကိုရီးယားအား တရုတ်နိုင်ငံက ဩဇာလွှမ်းမိုးမှုရှိသဖြင့် အရှေ့အာရှဒေသ တည်ငြိမ်အေးချမ်းရေးအတွက် တရုတ်ခေါင်းဆောင်ပိုင်းက စည်းရုံးဖြောင်းဖြပေးရန် ထရန့်က လိုလားခြင်းဖြစ်သည်။

နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်စေရေးအတွက် ကြိုးပမ်းသွားကြရန်လည်းကောင်း၊ အပြန်အလှန် ရင်းနှီးမြှုပ်နှံရေး သဘောတူညီချက်တစ်ရပ်ရရှိလာရေးအတွက် ဆွေးနွေးမှုများပြုလုပ်သွားရန်လည်းကောင်း သမ္မတရှီက တိုက်တွန်းခဲ့သည်။

တရုတ်နှင့် အမေရိကန်ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန် လိုအပ်သည့် အခြေခံအကြောင်းတရား တစ်ထောင်ခန့်ရှိပြီး တစ်စုံတစ်ရာသော အကြောင်းတရားကြောင့် နှစ်နိုင်ငံဆက်ဆံရေး ထိခိုက်မှု မဖြစ်သင့်ကြောင်း ရှီက ပြောကြားခဲ့သည်။

တရုတ်ခေါင်းဆောင် အမေရိကန်သို့ ရောက်ရှိ၍ မင်းခမ်းမင်းနားဖြင့် ဂုဏ်ပြုကြိုဆိုမှုများ ပြုလုပ်နေချိန်အတွင်း နိုင်ငံခြားရေးမူဝါဒဆိုင်ရာ မီးပွားတစ်ခုအဖြစ် အမေရိကန်တပ်ဖွဲ့က ဆီးရီးယားရှိလေတပ်စခန်းတစ်ခုကို ခရုဇ်ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်ဖြစ်ရပ် ဧပြီ ၇ ရက်က ဖြစ်ပွားခဲ့သည်။ ဆီးရီးယားနိုင်ငံအတွင်း မကြာမီက ဓာတုလက်နက်အသုံးပြု၍ တိုက်ခိုက်မှုပြုလုပ်ခဲ့သည့် အစိုးရတပ်ဖွဲ့ကို ဒဏ်ခတ်သည့်အနေဖြင့် အမေရိကန်တပ်ဖွဲ့က လက်တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။

**နွေးနွေးထွေးထွေး**

အမေရိကန်နှင့် တရုတ်နိုင်ငံတို့သည် အနောက်ကမ္ဘာနှင့် အရှေ့ကမ္ဘာတို့၏ ယှက်နွယ်မှုကို ပီပီပြင်ပြင် ပြသနိုင်သော နိုင်ငံကြီးများဖြစ်ကြသည်။ နှစ်နိုင်ငံအကြား စီးပွားရေးဆက်ဆံမှုမှသည် နိုင်ငံရေးနှင့် လူမှုရေးဆက်ဆံမှုများအထိ ဆက်ဆံရေးအရပ်ရပ် တိုးတက်ကောင်းမွန်လာခြင်းဖြင့် အေးချမ်းသာယာလှပသော ကမ္ဘာကြီးကို တည်ဆောက်နိုင်မည်ဟု ရှုမြင်ရသည်။ အရှေ့တိုင်းနှင့်အနောက်တိုင်းတို့အကြား နွေးထွေးစွာနှင့် တည်ငြိမ်အေးချမ်းစွာ ထိတွေ့ဆက်ဆံမှုများ ပြုလုပ်နိုင်ကြခြင်းဖြင့် ကမ္ဘာလောကကြီးတစ်ခုလုံး အေးချမ်းသာယာမှု လွှမ်းခြုံနိုင်ပေလိမ့်မည်။

ကမ္ဘာ့နိုင်ငံများအချင်းချင်း ခွဲခြားဆက်ဆံမှုမရှိ သာတူညီမျှမှုဖြင့် သဟဇာတရှိရှိ အတူယှဉ်တွဲ နေထိုင်ကြမည်ဆိုပါလျှင် ကမ္ဘာသားအားလုံး ကောင်းကျိုးများရရှိနိုင်သည်ဟု တွေးတောမိရင်း "နွေးနွေးထွေးထွေး အေးအေးဆေးဆေး ကမ္ဘာ့ဆက်ဆံရေး" ဟူ၍ ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။

- References -

(1) Trump threatening 16 conntries including India and China for trade deficit

(2) China's Xi urges trade cooperation in first meeting with Trump

❑

# ကောလာဟလတွေကြားက ဟောလိဝုဒ်ကြယ်ပွင့်များ

**ယခုသီတင်းပတ်အတွင်း ပေါ်ထွက်ခဲ့တဲ့ ဟောလိဝုဒ်ကြယ်ပွင့်တွေရဲ့ ကောလာဟလတွေထဲက စိတ်ဝင်စားစရာ အကောင်းဆုံးသတင်းတွေကို ကြေးမုံပရိသတ်တွေအတွက် ရွေးချယ်ဖော်ပြလိုက်ပါတယ်။**

## အပြီးသတ်နှုတ်ဆက်လိုက်ပါပြီ



ဗစ်တိုးရီးယားစီးကရက်ထ်မော်ဒယ် ဘယ်လာဟစ်ဒီက လတ်တလောမှာတော့ တစ်ချိန်ကချစ်သူဟောင်း အာရန်ဘီတေးသံရှင် သယ်ဝိခ်ကန်းဒ် အပေါ်မှာထားခဲ့တဲ့ သူ့ရဲ့နောက်ဆုံး လက်ကျန်သံယောဇဉ်တွေကိုပါဖျက်ပစ်လိုက်ကာ နှစ်ဦးအကြားက ရှိခဲ့တဲ့ သံယောဇဉ်တွေကို အပြီးသတ်လိုက်ပြီဖြစ်ကြောင်း သိရပါတယ်။

တစ်နှစ်ခွဲခန့်ကြာခဲ့တဲ့ ချစ်သူသက်တမ်းအတွင်း လမ်းခွဲလိုက်ပြန်ပေါင်းလိုက်နဲ့ အချစ်ရေးကို ရှေ့တိုးနောက်ဆုတ်ရှေ့ဆက်လာခဲ့ကြတဲ့ သယ်ဝိခ်ကန်းဒ်နဲ့ ဘယ်လာဟစ်ဒီတို့ဟာ ယခုနှစ် နှစ်စပိုင်းမှာ သယ်ဝိခ်ကန်းဒ်ရဲ့ အချစ်သစ်ပေါ်ထွက်လာချိန်မှာတော့ အပြီးတိုင်လမ်းခွဲလိုက်ဖို့ ဖြစ်လာခဲ့ပါတယ်။ ချစ်သူရဲ့ အချစ်သစ်အပေါ် အစပိုင်းမှာ မနာလိုစိတ်တွေကြောင့် လူမှုကွန်ရက် မီဒီယာပေါ်ကနေ တစ်ဆင့် တုံ့ပြန်ခဲ့ပေမယ့် လတ်တလောမှာတော့ ဘယ်လာဟစ်ဒီက သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်က သယ်ဝိခ်ကန်းဒ်ရဲ့ စာမျက်နှာကို ဖျက်ပစ်ခဲ့ကာ ဇာတ်လမ်းကို အပြီးတိုင်အဆုံးသတ်ခဲ့ပြီဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဧပြီ ၆ ရက်မှာ ဘယ်လာဟစ်ဒီက သယ်ဝိခ်ကန်းဒ်ကို လူမှုကွန်ရက်မီဒီယာပေါ်က တိတ်တဆိတ်ဖျက်ခဲ့တာဖြစ်ပြီး သူတို့ရဲ့အတိတ်က ဇာတ်လမ်းတွေနဲ့ပတ်သက်ပြီး လူအများရဲ့ စိတ်ဝင်စားမှုနည်းသွားမယ့် အချိန်ကို စောင့်ဆိုင်းကာ ယခုလိုပြုလုပ်ခဲ့တာဖြစ်နိုင်ပေမယ့် ပရိသတ်တွေက ဘယ်လာရဲ့အပြုအမူကို ချက်ချင်းရိပ်မိသွားကာ လူမှုကွန်ရက် မီဒီယာတွေပေါ်မှာ ဝေဖန်ရေးသားမှုတွေပြုလာခဲ့ပါတယ်။

ဒါ့အပြင် ဒီလိုလုပ်ရတဲ့အခြားသော အကြောင်းအရင်းတစ်ရပ်လည်း ရှိနေခဲ့တာဖြစ်ပါတယ်။ သယ်ဝိခ်ကန်းနဲ့ သူ့ရဲ့ချစ်သူသစ်လေးဖြစ်တဲ့ ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ဆယ်လီနာဂိုမက်ဇ်တို့နှစ်ဦးဟာ ပြီးခဲ့တဲ့ မတ် ၂၃ ရက်မှာ သူတို့နှစ်ဦးရဲ့ လူမှုကွန်ရက်မီဒီယာတွေ ဖြစ်ကြတဲ့ အင်စတာဂရမ်စာမျက်နှာတွေပေါ်က ဘယ်လာကို ဦးစွာဖျက်ပစ်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီလိုလူမှုကွန်ရက်မီဒီယာတွေပေါ်မှာ တစ်ဦးကိုတစ်ဦး ပယ်ဖျက်တာတွေကို ဒီသုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းအတွင်း ပထမဆုံး စတင်ခဲ့သူဟာလည်း ဘယ်လာဟစ်ဒီပဲ ဖြစ်ပါတယ်။ ဘယ်လာက သယ်ဝိခ်ကန်းဒ်နဲ့ ဆယ်လီနာဂိုမက်ဇ်တို့နှစ်ဦးနမ်းနေတဲ့ ဓာတ်ပုံတွေပေါ်ထွက်လာခဲ့ပြီးနောက် မကြာမီမှာ သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာရှိနေတဲ့ ဆယ်လီနာဂိုမက်ဇ်ရဲ့ စာမျက်နှာကို ဖျက်ပစ်ခဲ့တာဖြစ်ပါတယ်။ အဲဒီနောက် ဘယ်လာဟစ်ဒီက ဆယ်လီနာဂိုမက်ဇ်နဲ့ သယ်ဝိခ်ကန်းဒ်တို့ကို ရည်ရွယ်တယ်လို့ယူဆရတဲ့စာသားတွေနဲ့ သူ့ရဲ့စွဲဆောင်မှုပြင်းလွန်းတဲ့ ဓာတ်ပုံတွေကို အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ပြီးတဲ့နောက်ပိုင်း သီတင်းပတ်အနည်းငယ်အကြာမှာတော့ ဂီတကြယ်ပွင့်စုံတွဲက ဘယ်လာကို လူမှုကွန်ရက်မီဒီယာပေါ်က အပြီးတိုင်ဖျက်ပစ်ခဲ့တာဖြစ်ကြောင်း သိရပါတယ်။

လက်တွေ့ဘဝမှာသာမက လူမှုကွန်ရက်မီဒီယာပေါ်မှာပါ ပတ်သက်မြင်တွေ့စရာမလိုလောက်အောင် ဘယ်လာက သုံးပွင့်ဆိုင်ဇာတ်လမ်းကို လတ်တလောမှာ ယခုလိုအဆုံးသတ်လိုက်တာဖြစ်တယ်လို့လည်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

**အေးပြည့်**

**စုစည်းသည်**

## ဟယ်ရီစတိုင်ရဲ့ တေးသီချင်းသစ်စတင်ထုတ်လွှင့် ကြီးမားတဲ့ အောင်မြင်မှုတွေကို ယူဆောင်လာခဲ့

ဗြိတိန်အမျိုးသားတေးဂီတအဖွဲ့ "One Direction"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဟယ်ရီစတိုင်ဟာ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးဖြစ်လာခဲ့ပြီဖြစ်ပါတယ်။ သူ့ရဲ့ ပထမဆုံးသောတစ်ကိုယ်တော်တေးသီချင်း "Sign of the Times" ကို ပြီးခဲ့တဲ့ ဧပြီ ၇ ရက်မှာ စတင်ထုတ်လွှင့်လိုက်ပြီဖြစ်ကာ စတင်ထုတ်လွှင့်ခဲ့ပြီးနောက် မကြာခင်မှာပဲ အွန်လိုင်းမီဒီယာတွေနဲ့ လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ပရိသတ်တွေက တေးသီချင်းသစ်နဲ့ပတ်သက်ပြီး ချီးကျူးသံတွေကို ရေးသားဖော်ပြခဲ့ကြကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပထမဆုံးသောတစ်ကိုယ်တော်တေးသီချင်းကို စတင်ထုတ်လွှင့်ရမှာဖြစ်တဲ့အတွက် အားပေးသူမရှိမှာကို စိုးရိမ်နေတဲ့ ဟယ်ရီအတွက်တော့ တေးသီချင်းထုတ်လွှင့်ပြီးနောက် ရရှိလာတဲ့ ရလဒ်တွေဟာ သူ့ရဲ့စိုးရိမ်စိတ်ကို ပြေပျောက်သွားစေခဲ့ပြီဖြစ်ပါတယ်။ ပရိသတ်အချို့က တေးသီချင်းထုတ်လွှင့်ခဲ့တဲ့ ဧပြီ ၇ ရက် ညပိုင်းဟာ ဟယ်ရီစတိုင်ရဲ့ညလို့ ချီးမွမ်းပြောဆိုခဲ့သည်အထိ အွန်လိုင်းမီဒီယာတွေနဲ့ လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ဟယ်ရီစတိုင်ရဲ့ တေးသီချင်းသစ်နဲ့ပတ်သက်တဲ့ စကားသံတွေဟာ ပလူပျံ့အောင်ထွက်ပေါ်နေခဲ့တာကြောင့် တေးသီချင်းသစ်ဟာ ဟယ်ရီအတွက် ကြီးမားတဲ့ အောင်မြင်မှုတွေကိုပါ ယူဆောင်ပေးခဲ့တာလို့ ဆိုနိုင်ဖြစ်ပါတယ်။

လတ်တလောမှာ ထုတ်လွှင့်ခဲ့တဲ့ တေးဦးချင်း " Sign of the Times " ဟာ ခြောက်မိနစ်ခန့်ကြာမြင့်တဲ့ စတူရီယိုတေးသီချင်းတစ်ပုဒ်ဖြစ်ပြီး ပြီးခဲ့တဲ့ ၁၉၇၀ပြည့်နှစ်တွေအတွင်း ထွက်ရှိခဲ့တဲ့ တေးသံရှင် ဒေးဗစ်ဘိုဝီနဲ့ ပရင့်စ်တို့ရဲ့ တေးသီချင်းတွေနဲ့ အနည်းငယ်တူနေတာကို တွေ့ရကြောင်းလည်း သိရပါတယ်။ ဟယ်ရီကိုယ်တိုင်က ဒေးဗစ်ဘိုဝီနဲ့ ပရင့်စ်တို့ရဲ့ ပင်တိုင်ပရိသတ်တစ်ဦးဖြစ်တာကြောင့် သူ့ရဲ့ပထမဆုံးသော တစ်ကိုယ်တော်တေးသီချင်းဟာ ယခင်က ထွက်ရှိခဲ့တဲ့ "One Direction"ရဲ့ တေးသီချင်းတွေနဲ့မတူဘဲ သူနှစ်သက်အားကျရတဲ့ တေးသံရှင်တွေရဲ့ တေးသီချင်းပုံစံနဲ့ နီးစပ်နေတာဖြစ်ပါတယ်။

" Sign of the Times "တေးသီချင်းဟာ မကြာမီထွက်ရှိတော့မယ့် ဟယ်ရီစတိုင်ရဲ့ တေးအယ်လ်ဘမ်မှာ ပါဝင်မယ့် တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး ယခင်က ဟယ်ရီရဲ့ တေးအယ်လ်ဘမ်သစ်အမည်နဲ့ပတ်သက်ပြီး "bullet" လို့ ဝေဖန်သံတွေပေါ်ထွက်နေခဲ့ပေမယ့် လတ်တလောမှာထုတ်လွှင့်ခဲ့တဲ့ တေးသီချင်းကို နားဆင်လိုက်ရတဲ့အချိန်မှာတော့ "bullet"ဟာ တေးသီချင်းထဲမှာ ပါဝင်နေတဲ့ စာသားတစ်ခုသာဖြစ်ကြောင်း သိခဲ့ရပါတယ်။ "Sign of theTime"ရဲ့ တေးဗီဒီယိုကို စကော့တလန်နိုင်ငံမှာ သွားရောက်ရိုက်ကူးကာ ယင်းတေးဗီဒီယိုမှာ ဟယ်ရီစတိုင်ဟာ စမ်းချောင်းလေးတွေထဲကို ခုန်ချတာတွေ၊ အချို့သောတောင်ကြားတွေမှာ မြင်စီးသွားဟန်တွေကိုပါ ထည့်သွင်းရိုက်ကူးခဲ့ကြောင်းလည်း သိရပါတယ်။

ဒါ့အပြင် " Sign of the Times "အတွက် ပထမဆုံးသော ရုပ်သံဖျော်ဖြေမှုကိုလည်း လာမယ့် ဧပြီ ၁၅ ရက်မှာ ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ "Saturday Night Light"မှာ ဟယ်ရီကိုယ်တိုင်တိုက်ရိုက်ဖျော်ဖြေတင်ဆက်သွားမှာဖြစ်ပြီး အစီအစဉ်တင်ဆက်သူ ဂျင်မီဖောလန်းက ဟယ်ရီရဲ့ဖျော်ဖြေမှုကို ကြည့်ရှုရဖို့အတွက် သူကိုယ်တိုင်ပင်အထူးစိတ်လှုပ်ရှားမိနေကြောင်း သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။ ဒါ့အပြင် ဧပြီ ၁၅ ရက်မှာ ရုပ်သံမှာပြသသွားမယ့် ဟယ်ရီရဲ့တေးသီချင်းဖျော်ဖြေမှုဟာ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း "One Direction"ရဲ့ တေးဂီတလောကမှ ခေတ္တအနားယူတော့မှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးတဲ့နောက်ပိုင်း အဖွဲ့ဝင်တွေရဲ့ပထမဆုံးသော တေးသီချင်းသစ်နဲ့ ဖျော်ဖြေခဲ့တဲ့ရုပ်သံဖျော်ဖြေမှုဖြစ်လာမှာ ဖြစ်ပါတယ်။

## ဇနီးဟောင်းဆီမှာ အကူအညီတောင်းသတဲ့လား

ယခုနှစ် နှစ်စပိုင်းမှာ တရားဝင်ကွာရှင်းပြတ်စဲကြဖို့ ဖြစ်လာခဲ့တဲ့ ဟောလိဝုဒ်ရဲ့ နာမည်ကျော်ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ဘရက်ပစ်နဲ့ အန်ဂျလီနာဂျိုလီတို့ဟာ လတ်တလောမှာ သီးခြားစီနေထိုင်လျက်ရှိပါတယ်။ အန်ဂျလီနာဂျိုလီက သူတို့နှစ်ဦးစလုံးရဲ့ ရင်သွေးလေးတွေကို သူနဲ့အတူခေါ်ဆောင်နေထိုင်ခဲ့တာကြောင့် တစ်ကိုယ်တည်းသမား ဘရက်ပစ်ဟာ အထီးကျန်ဝေဒနာကိုခံစားနေရပါတယ်။ ဘရက်ပစ်ရဲ့ ခက်ခဲတဲ့အခိုက်အတန့်ကို ကျော်လွှားနိုင်ဖို့အတွက် ဘရက်ပစ်ရဲ့ မိခင်ဖြစ်သူက တစ်ချိန်က ဘရက်ပစ်ရဲ့ ဇနီးသည်ဖြစ်ခဲ့သူ မင်းသမီး ဂျနီဖာအန်နစ်စတန်ထံ ဖုန်းဆက်ကာ အကူအညီတောင်းခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဘရက်ပစ်ရဲ့မိခင်ဖြစ်သူ ဂျိမ်းစ်ပစ်က မကြာသေးမီက ဂျနီဖာအန်နစ်စတန်ထံ ဖုန်းဆက်ကာ သားဖြစ်သူရဲ့ ကွာရှင်းမှုဆောင်ရွက်နေစဉ်ကာလနဲ့ ကလေးတွေကို စောင့်ရှောက်ခွင့်ရဖို့အတွက် တရားရင်ဆိုင်နေရတဲ့ ကာလတွေအတွင်း အဆက်အသွယ်ပြုလုပ်ကာ အားပေးဖေးမစေလိုကြောင်း အကူအညီတောင်းခဲ့တယ်လို့ သိရပါတယ်။

ဘရက်ပစ်အနေနဲ့ အန်ဂျလီနာဂျိုလီနဲ့ တရားဝင်လက်တွဲခြင်းမပြုမီက ဂျနီဖာအန်နစ်စတန်နဲ့ လက်ထပ်ခဲ့တာဖြစ်ပါတယ်။ အန်ဂျလီနာဂျိုလီအပေါ် တိမ်းညွှတ်မိခဲ့တဲ့ ဘရက်ပစ်က ဂျနီဖာကို ကွာရှင်းခဲ့ကာ ချစ်သူသစ်နဲ့ ပျော်ရွှင်နေခဲ့တာဖြစ်ပါတယ်။ ဒီလိုချစ်သူတွေအဖြစ် လက်တွဲခဲ့တာ ဆယ်စုနှစ်တစ်စုအကျော်မှာတော့ ဘရက်ပစ်နဲ့ အန်ဂျလီနာဂျိုလီတို့ရဲ့ ဇာတ်သိမ်းခန်းဟာ ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။ ဒီလိုလမ်းခွဲရတဲ့အတွက် နာကျင်ခံစားနေရတဲ့ ဘရက်ပစ်အတွက် နှစ်သိမ့်မှုရစေဖို့ ဘရက်ပစ်ရဲ့မိခင်က ဂျနီဖာအန်နစ်စတန်ကို အကူအညီတောင်းခဲ့တာဖြစ်ပါတယ်။ ဂျနီဖာအန်နစ်စတန်ဟာ လက်ရှိမှာ အိမ်ထောင်ရှိသူတစ်ဦးဖြစ်ပြီး ခင်ပွန်းသည်ကတော့ သရုပ်ဆောင်မင်းသား ဂျက်စတင်သယ်ရိုဇ်ဖြစ်ပါတယ်။ ဂျနီဖာအန်နစ်စတန်ဟာ အိမ်ထောင်သစ်ကို ထူထောင်ခဲ့ပေမယ့် ဘရက်ပစ်ရဲ့ မိခင်ဖြစ်သူကတော့ သူ့ကို ယခုအချိန်အထိ သမီးတစ်ယောက်လိုချစ်ခင်နေဆဲဖြစ်ကာ သူတို့နှစ်ဦးကိုလည်း ပြန်လည်ပေါင်းသင်းစေလိုတဲ့ဆန္ဒတွေလည်း ရှိနေကြောင်း သိရပါတယ်။



## စာအောင်သံဃာတော်များအားဆက်ကပ်



**မင်္ဂလာတောင်ညွန့် မေ ၈**
မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌မေ ၇ ရက် ညနေ ၃ နာရီက ၃၄ ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပသည်။
၂၀၁၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲတွင် ဖြေဆိုအောင်မြင်ခဲ့သော နိကယ်တစ်ပါး၊ ဓမ္မစရိယ ငါးပါး၊ ပထမကြီးတန်း ၂၂ ပါး၊ ပထမလတ်တန်း ၁၃ ပါး၊ ပထမငယ်တန်း ၁၉ပါး စုစုပေါင်း အပါး ၆၀ တို့အား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ကျော်စိုးမိုး**

## လမ်းမတော်မြို့နယ်သို့မှုခင်းပညာပေးယာဉ်ရောက်ရှိ

**လမ်းမတော် မေ ၈**
ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ မှုခင်းအသိပညာပေးယာဉ်သည် မေ ၇ ရက် နံနက် ၉ နာရီက လမ်းမတော်မြို့နယ် အမှတ် ၉ ရပ်ကွက် မင်းရဲကျော်စွာလမ်းခုတင် (၅၀၀) ဆေးရုံရှေ့သို့ ရောက်ရှိလာရာ လမ်းမတော်မြို့မရဲစခန်းမှူး ဒု-ရဲမှူးမျိုးသက်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့စု ၄၉ မှ ဒု-ရဲမှူးမင်းသူ၊ မူးယစ်တပ်ဖွဲ့စု ၄၃ မှ ရဲအုပ်နေခြည်လင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု-၆ မှ ရဲအုပ်သိန်းဌေးတို့က မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပညာပေးဟောပြောကြသည်။
ယင်းနောက် လမ်းမတော်မြို့နယ်၊ အမှတ်-၉ ရပ်ကွက်မှ ပြည်သူများ၊ လမ်းမတော်မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်မိသားစုများ၊ ခရီးသွားပြည်သူများ၊ စုစုပေါင်းအင်အား ၂၅၀ တို့မှ မှုခင်းပညာပေးယာဉ်ပေါ်သို့ တက်ရောက်ကြည့်ရှုကြကြောင်း သိရသည်။ **တင်မောင်ဦး(အလုံ)**



## သောက်သုံးရေအခက်အခဲရှိနေသော အိမ်ထောင်စု ၃၀၀ အား သောက်သုံးရေလှူဒါန်း

**ဒလ မေ ၈**
အမှတ် (၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ်မြဝင်း၏ညွှန်ကြားမှုဖြင့် အမှတ် (၃) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲမှူးကြီးကျော်ကျော်မင်းက အနီးကပ်ကြီးကြပ်၍ အမှတ် (၇) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးကျော်ဇင်ဦးဆောင်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက မေ ၇ ရက် နံနက် ၈ နာရီက သောက်သုံးရေအခက်အခဲရှိသော ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကျန်စစ်သားရပ်ကွက်နေ အိမ်ထောင်စု ၃၀၀ အား water cannon ရေကားသုံးစီးဖြင့် ရေဂါလန် ၆၀၀၀ ကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **မြဇေ**

## သန်လျင်၌အဆင့်မြင့်စက်မှုစနစ်တကျလယ်ယာမြေဧက ၃၀၀ ကျော်ဖော်ထုတ်

**သန်လျင် မေ ၈**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ပုဂံတောင်ကျေးရွာနှင့် ဘယက်ကျေးရွာတို့တွင် အဆင့်မြင့်စက်မှုစနစ်တကျလယ်ယာမြေ ဧက ၃၀၀ကျော် ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။
လယ်ယာကဏ္ဍ အဆင့်မြင့်လာစေရန် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီးအတွင်း အဆင့်မြင့်စက်မှုစနစ်တကျလယ်ယာမြေများ ဖော်ထုတ်လျက်ရှိရာ သန်လျင်မြို့နယ် ပုဂံတောင်ကျေးရွာနှင့် ဘယက်ကျေးရွာတို့တွင် အဆင့်မြင့်စက်မှုစနစ်တကျလယ်ယာမြေ ဧက ၃၀၀ကျော်အား ကုမ္ပဏီသုံးခုမှ စက်ယန္တရားများအသုံးပြု၍ မတ်လဆန်းပိုင်းမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး မေလကုန်နှင့် မေလဆန်းပိုင်းအတွင်း အဆင့်မြင့်စက်မှုစနစ်တကျလယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သန်လျင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်မန်နေဂျာ ဦးစောအောင်၏ပြောပြချက်အရ သိရသည်။ **သက်ခိုင်(သန်လျင်)**

# ပြည်ထောင်စုဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီးအစိုးရအကြား ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ရမည့်ကိစ္စရပ်များရှင်းလင်း



**ထားဝယ် မေ ၈**
ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရအကြား ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် လုပ်ထုံးလုပ်နည်းများ လွယ်ကူရှင်းလင်းမှုရှိစေရေး ရှင်းလင်းပွဲအခမ်းအနားကို မေ ၇ ရက် နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။
အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ဝင်းက ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရအကြား ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် လုပ်ထုံးလုပ်နည်းများအကြောင်း ရှင်းလင်းဆွေးနွေးသည်။
ယင်းနောက် တက်ရောက်လာသည့်ဌာနဆိုင်ရာများက ပြည်ထောင်စုနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေး၍ တိုင်းဒေသကြီးဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးကြသည်။
အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ဝင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါ်ခင်စန်းဦး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယအမြဲတမ်းအတွင်းဝန် ဒေါက်တာသီသီမြင့်၊ စီမံကိန်းနှင့်အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးလင်းဟန်နှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းနိုင်ထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ပြည်သူများနှင့်တွေ့ဆုံ

**ကျုံပျော် မေ ၈**
ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမန်းဂျော်နီသည် ကျုံပျော်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်နှင့် ကျေးရွာများရှိ ပါတီဝင်များ၊ ပြည်သူများနှင့်တွေ့ဆုံပွဲကို မြို့နယ်ဧရာမင်းခန်းမ၌ မေ ၇ ရက် မွန်းလွဲ ၁၂ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။
ရှေးဦးစွာ တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂျိမိုးမြတ်မြတ်သူက လက်ရှိအစိုးရအဖွဲ့၏ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကိုလည်းကောင်း၊ တိုင်းပြည်တိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို တိုင်းရင်းသားလူမျိုးမခွဲခြားဘဲ ဆောင်ရွက်သွားကြရန်ကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။
ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တိုင်းပြည်တိုးတက်ရေးတည်ဆောက်ရာတွင် ပြည်သူများမှပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်၊ မမှန်ကန်မှုများရှိပါက တိတိကျကျတိုင်ကြားနိုင်ပြီး၊ အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများသည် အရေးကြီးသည့်အခန်းကဏ္ဍမှပါဝင်သောကြောင့် လုပ်ငန်းများကို အဂတိတရားကင်းစွာဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းပြည်တိုးတက်ရန်အတွက် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ မခွဲခြားပဲ အားလုံးတက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သိရသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**

## အရေးပေါ်ကယ်ဆယ်ရေးလက်တွေ့သရုပ်ပြသ

**ခရမ်း မေ ၈**
မြန်မာနိုင်ငံ ( RESCUE ) လူမှုကယ်ဆယ်ရေးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှထွန်း၏ လမ်းညွှန်စီမံမှုဖြင့် ခရမ်းမြို့နယ် နာရေးကူညီမှုအသင်း လူမှုရေးရာကူညီမှုအဖွဲ့မှပူးပေါင်းဆောင်ရွက်ဖွင့်လှစ်ခဲ့သည့် အရေးပေါ်ကယ်ဆယ်ရေးနည်းပညာသင်တန်း၏ အရေးပေါ်ကယ်ဆယ်ရေး လက်တွေ့သရုပ်ပြသပွဲကို မေ ၇ ရက် နံနက် ၉ နာရီက ခရမ်းမြို့ နာရီစင်အဝိုင်းပတ်တွင် လက်တွေ့ အရေးပေါ်ကယ်ဆယ်ရေး သရုပ်ပြသခဲ့ကြသည်။
အဆိုပါလက်တွေ့သရုပ်ပြသပွဲသို့ ခရမ်းမြို့နယ် ဒု-မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျန်အေးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်နှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့စု (၅၆) မှ ဒု-ရဲမှူးကျော်ဆန်းဦးနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ တက်ရောက်အားပေး ကြည့်ရှုခဲ့ကြပြီး သင်တန်းသား သင်သန်းသူ ၁၀၀ နှင့် နည်းပြတို့က ယာဉ်တိမ်းမှောက်မှု၊ ယာဉ်တိုက်မှုတို့မှ ဒဏ်ရာရလူနာတို့အား အရေးပေါ်ကူညီကယ်ဆယ်ခြင်းသယ်ယူပို့ဆောင်ခြင်းတို့အား လူနာတင်ယာဉ်များဖြင့် ကူညီဆောင်ရွက်ပုံများကို လက်တွေ့သရုပ်ပြသခဲ့ကြသည်။
အဆိုပါအရေးပေါ်ကယ်ဆယ်ရေးနည်းပညာသင်တန်းကို မေ ၂ ရက် မှ မေ ၇ ရက်ထိ သင်တန်းပို့ချခဲ့ရာ ခရမ်းမြို့နယ်အတွင်းရှိ ကျေးရွာအသီးသီးမှ နာရေးကူညီမှုနှင့် လူမှုရေးရာကူညီမှုအဖွဲ့များမှ သင်တန်းသား၊ သင်တန်းသူ ၁၀၀ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။ **ကိုမင်း(ခရမ်း)**

# သင်္ကြန်ပွဲတော်အား မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီစည်းကားစွာကျင်းပမည်

**ဝေါ မေ ၈**
ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ်တွင် မဟာသင်္ကြန်ပွဲတော်အား မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ကျင်းပနိုင်ရေး မေ ၇ ရက် နံနက် ၁၀ နာရီက ဝေါမြို့နယ်ခန်းမ၌ ပြုလုပ်ခဲ့သည်။
ဝေါမြို့နယ်အတွင်း ၁၃၇၈ ခုနှစ် မဟာသင်္ကြန်ပွဲတော်အား မြန်မာ့ရိုးရာယဉ်ကျေးမှုများနှင့်အညီ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ၊ ပဲခူးခရိုင်တွင်သွားရောက်ယှဉ်ပြိုင်ကြမည့် ဝေါမြို့နယ်ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည့် ယိမ်းအဖွဲ့ခေါင်းဆောင် ဝေါမြို့နယ်မှ ဆို၊ က၊ ရေး၊ တီး ရွှေတံဆိပ်များရှင် မဖြူဖြူဦး၏ သင်ကြားလေ့ကျင့်ပေးနေမှုများအား ဝေါမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး၊ အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည်၊ အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။
မဟာသင်္ကြန်ပွဲတော်အား နိုင်ငံခြားခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ဆင်နွှဲ ရေပက်ကစားလေ့ရှိရာ မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်သည်နှင့်အညီ မြန်မာတို့၏ ယဉ်ကျေးဖွယ်ရိုးရာဓလေ့များအား ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များနှင့် မြို့နေပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ နွှဲပျော်နိုင်ရေး သင်္ကြန်ကာလအတွင်း နိုင်ငံတော်မှထုတ်ပြန်ထားသည့် လိုက်နာရန်စည်းကမ်းချက်များအား တာဝန်ရှိအဖွဲ့အစည်းများမှ ကျယ်ကျယ်ပြန့်ပြန့် မြန်မာ့ရိုးရာဓလေ့စရိုက်ဂုဏ်တင့်တယ်စွာ ပိုမိုလေ့လာသိရှိနိုင်ကြစေရန် ရိုးရာအစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်မြတ်လင်း(ပြန်/ဆက်)**



# လတန်ခူးမှာ နှစ်ဆန်းချိန်ခါ အတာသင်္ကြန်ရိုးရာယဉ်ကျေးမှုများ ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်

ဒေါက်တာမောင်မြေ

မြန်မာလူမျိုးတို့သည်နှစ်ဟောင်းကုန်၍ နှစ်သစ်နှစ်ဆန်းသည်ကို အလေးအမြတ်ထားကြသည်။ နှစ်ဟောင်းမှ နှစ်သစ်သို့ကူးပြောင်းချိန်တွင် "နှစ်သစ်ကူးပွဲတော်" ကို ခြိမ့်ခြိမ့်သဲကျင်းပကြသည်။ ယင်းနှစ်သစ်ကူးပွဲတော်ကို "သင်္ကြန်ပွဲတော်" ဟု ခေါ်ဝေါ်ကြသည်။

သင်္ကြန်ဟူသောစကားသည် "သင်္ကြန္တ" ဟူသော သက္ကတပုဒ်မှ ပြောင်းလဲလာသည့် မြန်မာဝေါဟာရဖြစ်သည်ဟု ဝေါဟာရလီနတ္ထဒီပနီ၌ ဖွင့်ဆို၏။ အချို့ပညာရှင်များက "သင်္ကန္တ" ဟူသောပါဠိပုဒ်မှ ဆင်းသက်လာသော ဝေါဟာရဟုဆိုကြ၏။ ပါဠိဘာသာသင်္ကန္တပုဒ်နှင့် သက္ကတဘာသာ သင်္ကြန္တပုဒ်မှာ အဓိပ္ပာယ်အားဖြင့် မထူးခြားပါ။ "သင်္ကြန်" ဟူသောဝေါဟာရမှာက အက္ခရာတွင် ရရစ်ရှိသဖြင့် သင်္ကြန္တပုဒ်မှ ဆင်းသက်လာသည် ဟူသော အယူအဆကိုပို၍မှတ်ယူကြသည်။ ယင်းသင်္ကြန်ဟူသော မြန်မာဝေါဟာရမှာ မူလသင်္ကြန္တ၏ အဓိပ္ပာယ်အတိုင်း "ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်း" ဟူ၍အဓိပ္ပာယ်ရ၏။

### သင်္ကြန်ဖြစ်ပေါ်လာခြင်း

သင်္ကြန်ဖြစ်ပေါ်လာခြင်းနှင့်ပတ်သက်၍ ဝေဒပညာရှင်တို့က တနင်္ဂနွေဂြိုဟ်မင်းသည် မိဿရာသီတန်ခူးလ ပထမနဝင်းမှစ၍ ဆယ့်နှစ်လရာသီလည်ပတ်ခဲ့ရာ မိန်ရာသီတပေါင်းလ၏အဆုံး၌ နဝင်းဖြစ်သော ရေဝတီနက္ခတ်သို့အရောက်တွင် နက္ခတ်နဝင်းပေါင်း ၁၀၈ နဝင်း၊ လပေါင်း ၁၂ လ၊ ရက်ပေါင်း ၃၆၅ ရက် ပြည့်ကာတစ်ပတ်လည်ခဲ့သည်။ မိန်ရာသီအဆုံး နဝင်းဖြစ်သော ရေဝတီနက္ခတ်မှ မိဿရာသီအစ နဝင်းဖြစ်သည့် အဿဝနီနက္ခတ်သို့ ကူးပြောင်းချိန်ကျရောက်သည်။ တနင်္ဂနွေဂြိုဟ်မင်း မိန်ရာသီမှ မိဿရာသီသို့ကူးပြောင်းချိန်ကျရောက်သည်ကို သင်္ကြန်ကျသည်ဟုဆိုကြ၏။ တနင်္ဂနွေဂြိုဟ်မင်း တစ်ရာသီမှတစ်ရာသီသို့ ကူးပြောင်းခြင်းအဓိပ္ပာယ်သည် ထင်ရှားပေသည်။ နှစ်သာလျှင်ပြောင်းလဲသည်မဟုတ်၊ ရွက်ဟောင်းများကြွေ၍ ရွက်သစ်များဝေလျက် သစ်ပင်ပန်းမန်များလည်းအသစ်တစ်ဖန်ပြောင်းလဲကြသည်ကို တွေ့ရမည်ဖြစ်၏။

### ဤနှစ်သင်္ကြန်အခါတော်

ဇေယျတုသဗ္ဗမင်္ဂလံ-အချင်းယူဇနာ ၅၀၊ လုံးဝန်းယူဇနာ ၁၅၀ အတွင်းကား ရွှေ၊ အပကား ဖလ်အတိပြီးသော ရောင်ခြည်တစ်ထောင်ဆောင်သော တနင်္ဂနွေဂြိုဟ်မင်းသည် တပေါင်းလမိန်ရာသီရေဝတီနက္ခတ် စတုတ္ထပါဒ် အဝသာန်နဝင်းမှ တန်ခူးလမိဿရာသီ အဿဝနီနက္ခတ် ပထမပါဒ်အာဒိနဝင်းထက်သို့ ပြောင်းရွှေ့လျှင် "၁၃၇၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၃ ရက်၊ ခရစ်နှစ် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၄ ရက်၊ သောကြာနေ့၊ မြန်မာစံတော်ချိန် နံနက်စက် ၄ နာရီ ၅၆ မိနစ် ၂၉ စက္ကန့်၊ မြန်မာဗဟိုရ်ညဉ့်သုံးချက်တီးကျော် ၅ နာရီ၊ ဝပါဒ်၊ ၁၀ ဗီဇနာ၊ ၂၈ ခရာအချိန်တွင် မိန်ရာသီလင်္ဂ၊ ဗြိစ္ဆာရာသီတွင် စန်းစီးလျက် ဤနှစ်အတွက် မဟာသင်္ကြန်ကျရောက်မည်ဖြစ်၏။ သင်္ကြန်သုံးပါးတွင် သမန္တမဟာသင်္ကြန်ခေါ်ဆိုနိုင်၍ သင်္ကြန်ကျပြီးနောက် ၂၄ မိနစ်ရောက်သောအချိန်၌ ဦးခေါင်းဆေးမင်္ဂလာပြုကြ၏။ ဤကဲ့သို့ဖြင့် အများနှင့်သက်ဆိုင်သော အခါတော်ပေးထားသည်ကို လေ့လာရပါသည်။

ဦးခေါင်းဆေးရသောအကျိုးတို့မှာ သင်္ကန္တ၊ သင်္ကြန်ဟုခေါ်ဝေါ်အပ်သော တနင်္ဂနွေဂြိုဟ်မင်းသည် ပုဏ္ဏမေ၊ အံသာ ၃၆၀ ရသဖြင့် တစ်ဘဝတာပြည့်၍ မိန်ရာသီ၊ အဝသာန်နဝင်းမှ မိဿရာသီအာသိန်နဝင်းသို့ ပြောင်းခဲ့သည်ရှိသော် က္ကခ-ဤလူ့ပြည်ရှိ မဏဝါ-သတ္တဝါဟုခေါ်ဝေါ်အပ်ကုန်သော၊ မနုဇာ-လူအပေါင်းတို့သည်၊ သိရာ-ဦးခေါင်းဆေးကုန်ရာ၏။ တေသံ-ထိုဦးခေါင်းဆေးကုန်သောသူတို့အား၊ သတ္တဘာဂီ-ခုနစ် နှစ်ကဖြစ်ကုန်သော၊ ရောဂီ-အနာမျိုးတို့သည်၊ ဝိနာသေယံျု-ကင်းပျောက်ကုန်ရာ၏။ သုခဘောဂီ-ချမ်းသာခြင်း၏ အဖို့ဖြစ်ကုန်သော၊ သတသဟဿာနိ-တစ်သိန်းသော အကျိုးတို့သည်။ ဘဝေယံျုရရှိဖြစ်ကုန်ရာ၏ဟူ၍ မှတ်ယူထားကြသည်။

မြတ်ဘုရားရှင်ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသည်မှစ၍ အတိတ်သာသနာတော်နှစ် ၂၅၆၀ နှစ်ရှိခဲ့ပြီးဖြစ်၏။ ရောက်ဆဲပစ္စုပ္ပန်သာသနာတော်နှစ် ၂၅၆၀ ခုနှစ်မြောက်ဖြစ်၍ အနာဂတ်သာသနာတော်နှစ် ၂၄၃၉ ခုနှစ်ကျန်ရှိနေသေးသည်။ ဤသာသနာတော်နှစ်အတွင်း ကြုံကြိုက်ကြကုန်သော ပြည်သူအပေါင်းတို့သည် ရတနာသုံးပါး၊ မိဘဆရာတို့အား ဆည်းကပ်ပူဇော်ခြင်း၊ သီလစောင့်ထိန်းခြင်း၊ သမထ-ဝိပဿနာတရားတို့ကို ပွားများအားထုတ်ခြင်းများကို ပြုကြခြင်းဖြင့် အတာသင်္ကြန်ကို ကြိုဆိုကြရမည်။

ရှေးမြန်မာဘုရင်များသည် ဦးခေါင်းဆေးလျှော်သည်ကို သင်္ကြန်ခေါ်သည်ဟု သုံးနှုန်းလေ့ရှိခြင်းပင်ဖြစ်သည်။ ဘုရင်တို့သည် တစ်ပတ်လျှင် တစ်ကြိမ်ခေါင်းလျှော်သော "ပကတိသင်္ကြန်" ဂြိုဟ်စီးဂြိုဟ်နင်းညံ့ဖျင်းသောအခါ အန္တရာယ် ပျောက်၍ ဘုန်းတော်တောက်ရန် လျှော်လေ့ရှိသော သင်္ကြန်လက်နှင့်ဘိသိက်ခံယူသည့်အခါ လျှော်လေ့ရှိသော "မဟာသင်္ကြန်"ဟူ၍ သင်္ကြန်သုံးမျိုးပင်ရှိသည်။ ဤသည်ကို ထောက်ရှုသော် သင်္ကြန်အခါခေါင်းဆေးခြင်း၊ ရေပက်ကစားခြင်းတို့ သည် အဆိုးပျောက်ပြီး အကောင်းရောက်စေရန် ရည်သန်၍ မကောင်းဟူသမျှကို ဆေးကြောသန့်စင်သည့်သဘောပင်ဖြစ်၏။

### သင်္ကြန်ရေပက်ကစားခြင်းဓလေ့

သင်္ကြန်အခါတွင် ရေပက်ကစားသောဓလေ့သည် သကျသာကီဝင်မင်းမျိုးတို့ ရေအိုင်များတွင်ရေပက်ဖျန်းကစားလေ့ရှိကြကြောင်း မဟာဗုဒ္ဓဝင်၌လာရှိသည်။ ကပိလဝတ်ပြည်တွင်နေကြသော သာကီဝင်မင်းတို့ရေအိုင်ကြီးအနီး မင်းတဲဆောက်လုပ်၍ ရေဖျန်းသဘင်ပျော်ရွှင်စွာကစားကြသည်။ ထိုရေအိုင်သည် သာကီဝင်မင်းတို့ရေကစားရာအိုင်ဖြစ်သောကြောင့် ဒေဝဒဟအမည်ရခဲ့သည်။ နောင်အခါတွင် ရေကစားလာသော သာကီဝင်မင်းတို့သည် ကပိလဝတ်ပြည်သို့ မပြန်ကြတော့ဘဲ ရေအိုင်အနီး၌ မင်းတဲများဆောက်လုပ်နေထိုင်ကြရာမှ ဒေဝဒဟတိုင်းပြည်တစ်ပြည်ဖြစ်လာကြောင်း ဥပရိပဏ္ဏာသ အကထာဒေဝဒဟသုတ်၌ ဖွင့်ဆိုထား၏။

ပုဂံခေတ်တွင် သကျသာကီဝင်မင်းတို့၏ ရေပက်ဖျန်းကစားလေ့ရှိကြောင်း ရာဇဝင်၌ တွေ့ရသည်။ နရသီဟပတေ့ခေါ် ပုဂံမင်းသည် နွေအခါမြစ်ဆိပ်တွင် မင်းတဲလုံခြုံစွာဆောက်လျက် နန်းတော်မှမြစ်ဆိပ်အရောက် လူသူမမြင်ရသော တဲနန်းဥမင်ဖြင့်ကြွတော်မူပြီး မိဖုရားမောင်းမမိသံတို့နှင့်အတူ ရေသဘင်ဆင်ယင်ကျင်းပလေ့ရှိကြောင်း မှန်နန်းရာဇဝင်တော်ကြီး၌ ပြဆိုထား၏။

> နှစ်သစ်ကူးသင်္ကြန်အခါတော်တွင် တစ်ဦးနှင့်တစ်ဦး ကြည်နူးစွာ ရေပက်ကစားကြခြင်းသည် အေးမြကြည်လင်ခြင်း၊ အညစ်အကြေးကို ဆေးကြောခြင်း၊ နှစ်ဟောင်းမှအညစ်အကြေးများကို ဆေးကြောသန့်စင်စေသည့် သဘောပင်ဖြစ်ခြင်း၊ အများပြည်သူတို့၏ စိတ်ဓာတ်များ နှစ်သစ်ကူးရေစင်ကဲ့သို့ အေးမြကြည်လင်စေလိုသည့် သဘောဖြစ်ခြင်း၊ သင်္ကြန်ရေဖြင့် ပြည်သူနှင့်အတူ ရေသွန်းလောင်းရခြင်းသည် မွန်မြတ်သော ရည်ရွယ်ချက်ဖြစ်. . .

### နှစ်သစ်ကူးသင်္ကြန်ပွဲတော်

နှစ်သစ်ကူးသင်္ကြန်အခါတော်တွင် တစ်ဦးနှင့်တစ်ဦး ကြည်နူးစွာ ရေပက်ကစားကြခြင်းသည် အေးမြကြည်လင်ခြင်း၊ အညစ်အကြေးကို ဆေးကြောခြင်း၊ ရေသည် အကြားမထင် ဆက်စပ်နေခြင်းဟူသော ရေနိမိတ်အရ နှစ်ဟောင်းမှအညစ်အကြေးများကို ဆေးကြောသန့်စင်စေသည့် သဘောပင်ဖြစ်ခြင်း၊ အများပြည်သူတို့၏ စိတ်ဓာတ်များ နှစ်သစ်ကူးရေစင်ကဲ့သို့ အေးမြကြည်လင်စေလိုသည့် သဘောဖြစ်ခြင်း၊ အများပြည်သူတို့ အချင်းချင်း ရေကိုတား၍ အကြားမထင်သကဲ့သို့သင်္ကြန်ရေဖြင့် ပြည်သူနှင့်အတူ ရေသွန်းလောင်းရခြင်းသည် မွန်မြတ်သော ရည်ရွယ်ချက်ဖြစ်သည်ဟု သုံးသပ်ကြရမည်။

အစဉ်အလာအရ သင်္ကြန်ပွဲတော်ကို အကျရက်၊ အကြတ်ရက်၊ အတက်ရက်ဟူ၍ သုံးရက်ကျင်းပစမြဲဖြစ်သည်။ အချို့နှစ်များတွင် အကြတ်ရက်နှစ်ရက်ဖြစ်သည်။မျက်မှောက်ခေတ်တွင် သင်္ကြန်အကြို ရက်တစ်ရက်ပိုလာသည်။ မြန်မာတို့ သင်္ကြန်ကျသည့်ရက်သည် အများအားဖြင့် ဧပြီလ ၁၃ရက်ဖြစ်၏။ တစ်ခါတစ်ရံ ဧပြီလ ၁၃ ရက်၏ ရှေ့နောက်ရက်များ၌ သင်္ကြန်ကျတတ်၏။

ကုန်းဘောင်ခေတ်တွင် သင်္ကြန်ကျချိန်ရောက်သောအခါ ပြဲတိုက်တော်မှ ဝေဒပညာတတ် မြန်မာပညာရှိ၊ ပုဏ္ဏားပညာရှိတို့ အတွင်းတော်က ထွက်လာပြီး လွှတ်တော်ရှေ့တွင် အမြောက်အကြပ်၊ အမှူးအကြီးတို့ကို အမြောက်သံပေးစေသည်။ ထိုအခါ လွှတ်တော်ရှေ့ရှိ အမြောက်ငါးစင်းကို ပစ်ဖောက်ရသည်။ထိုအမြောက်သံကြားလျှင် ပတ်လည်တွင် တပ်ဆင်ထားသည့် အမြောက်အစင်းနှစ်ဆယ်ကို တစ်ပြိုင်နက်တည်း ပစ်ဖောက်အသံ ပေးရသည်။ တစ်နိုင်ငံလုံးရှိ မြို့ကြီးမြို့ငယ် ကျေးလက်တောရွာများ၌လည်း ရွှေမြို့တော်ကြီး၌ကဲ့သို့ပင် သင်္ကြန်တော်ကျချိန်တွင် အချက်ပေးကြရ၏။

ယင်းသို့ သင်္ကြန်အမြောက်သံအချက်ပေးသည်ကို ကြားသည်နှင့်တစ်ပြိုင်နက် ပြည်သူအများက မိမိတို့အိမ်တွင် သပြေပန်းများဖြင့် သင်္ကြန်ကြိုသော အတာရေအိုးကလေးများမှ ရေကို မြေကြီးပေါ်သို့ သွန်းလောင်းကြပြီး "သတ္တဝါများ ကျန်းမာချမ်းသာကြပါစေ"ဟူ၍ ယုံယုံကြည်ကြည် မေတ္တာရေသွန်းလောင်းပို့သကြရ၏။ မြို့တွင်းမြို့ပြင်ရှိ ဘုရား၊ စေတီ၊ ပုထိုးနှင့် ဗောဓိညောင်ပင်တို့ကို စာရင်းအတိုင်းခွဲခြားပြီး ညောင်ရေတော်သွန်းရသည်။ သင်္ကြန်အကျနေ့၊ အကြတ်နေ့၊ အတာတက်သည့်နေ့ အခါသုံးရက်တွင် ညဉ့်ဦးကပင် ညောင်ရေတော်ခပ်ထားပြီး နံနက်ကို သွန်းလောင်းကြသည်။ အခါတော်ရက်သုံးရက်တိုင်တိုင် ညောင်ရေတော်များ သွန်းလောင်းလေ့ရှိ၏။

ပြာသာဒ်တော်၊ လွှတ်တော်ဝင်းရုံးလေးရပ်၊ အရှေ့ရုံး၊ အနောက်ရုံးမြို့ ထိပ်ရှစ်ရပ်၊ ၁၆ ရပ်တွင် ညအချိန်တွင် သံဃာတော်ရှစ်ပါးစီ ပရိတ်တော်ကိုရွတ်ကြရ၏။ နံနက်အချိန်တွင် သံဃာတော်များကို ဆွမ်းကပ်လှူကြသည်။ ပရိတ်ရေများကို ပုဏ္ဏားရှစ်ယောက်တို့က မြို့လေးထောင့်တွင်ပက်ဖျန်းကြရသည်။ နန်းအရပ်ရပ်ကို စောင့်ကြပ်လျက်ရှိကြကုန်သော နတ်အပေါင်းတို့အား ပူဇော်ပသ တင်မြှောက်ကြသည်။

မြန်မာနှစ်သစ်ကူးသင်္ကြန်ပွဲတော်မှာ ကဆုန်ညောင်ရေသွန်းပွဲ၊ စာတော်ပြန်ပွဲ၊ ပဉ္စင်းခံရှင်ပြုပွဲ၊ ကထိန်ပွဲစသော ဘာသာရေးကိုအခြေခံသည့် ပွဲတော်မဟုတ်သော်လည်း လောကီပညာရပ်ကျမ်းအရဖြစ်ပေါ်လာသည့် လောကီရေးရာပွဲတော်ဖြစ်သည်ဟု ယူဆသူရှိသည်။

### မင်္ဂလာတရားနှင့်အညီ

နှစ်ဟောင်းမှ နှစ်သစ်သို့ အကူးအပြောင်းတွင် လူမျိုးတိုင်းမင်္ဂလာယူကြသည်။ မင်္ဂလာအခါဟူ၍ သတ်မှတ်သည်။ မင်္ဂလာရှိအောင်လည်းဆောင်ရွက်ကြ၏။ နှစ်သစ်ကူးသင်္ကြန်ပွဲတော်သည် လောကီရေးရာပွဲတော်ဖြစ်သည်နှင့်အညီ နှစ်သစ်တွင် မင်္ဂလာအဖြာဖြာတို့သစ်ဆန်းပြီး မင်္ဂလာရှိစွာဖြင့် ကုသိုလ်ရေးများကိုပါ သင်္ကြန်ပွဲနှင့်အတူ ဆင်နွှဲသော အစဉ်အလာကောင်းတစ်ရပ်ကို ဖန်တီးခဲ့ကြခြင်း ဖြစ်ပေ၏။

နှစ်သစ်ကူးသင်္ကြန်အချိန်အခါသမယတွင် အလှူဒါနပွဲများဆင်နွှဲခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ ဗုဒ္ဓရုပ်ပွားတော်များအား ရေသပ္ပာယ်ခြင်း၊ ဥပုသ်သီတင်းသီလဆောက်တည်ခြင်း၊ ဗုဒ္ဓတရားတော်ကိုနာကြားခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းခြင်း၊ ကျောင်း၊ ကန်၊ ဇရပ်၊ တန်ဆောင်းများ သန့်ရှင်းခြင်း၊ သက်ကြီးရွယ်အိုများအား တရော်ကင်ပွန်းဖြင့် ခေါင်းလျှော်ပေးခြင်း၊ အမွှေးနံ့သာရေစင်ရေကောင်းတို့ဖြင့် ရေချိုးသန့်စင်ပေးခြင်း၊ ဘိုးဘွားမိဘ၊ ဆရာသမားစသည်တို့အား ပူဇော်ကန်တော့ခြင်း၊ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူခြင်း၊ ကျွဲ၊ နွားစသည့် တိရစ္ဆာန်များကို ဘေးမဲ့လွှတ်ခြင်းစသည့် ကုသိုလ်ကောင်းမှုပြုခြင်းကို ဆောင်ရွက်ကြသည်။

ယင်းသို့ နှစ်လိုဖွယ်ကောင်းသော ရိုးရာယဉ်ကျေးစေသော အစဉ်အလာတို့ကို ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်ခြင်းသည် မြန်မာ့အတာသင်္ကြန်ပွဲတော်၏ အနှစ်သာရပင်ဖြစ်ပေတော့သည်။ ။

DL DRISTRIBUTION CO.,LTD

နှစ်သစ်မင်္ဂလာချိန်ခါတွင် ရွှင်လန်းချမ်းမြေ့ကြ ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်

DANIEL LEWIS
The only Shirt For New Generation

MATRIX
MANCHESTER EST. 1962
pierre cardin PARIS
JAJACO
Scholl
CHICFORD
Mandalay Collection Heart of golden land
Michelle Every Step In Style
ရွှေပိုးမျှင် Silk, Lace & Fabric House

အမြို့မြို့အနယ်နယ်ရှိ စတိုးဆိုင်များတွင်ဝယ်ယူရရှိ နိုင်ပါသည်။

Thingyan
Special Promotion
Save Money or Only Pay 20%
April 1st ~ 30th, 2017



H-100
Saving up to
$ 1,400 +
or
Only Pay $ 4,668 First
FREE GIFT
DVD player, Roof & seats

GRAND i10
Saving up to
$ 2,000
or
Only Pay $ 5,028 First

LF SONATA
Saving up to
$ 3,100
or
Only Pay $ 9,809 First

Hyundai Showroom ကို လာရောက်လည်ပတ်ရင်း...
Hyundai 2017 Calendar (or) Hyundai Keychain များကို ရယူနိုင်ပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

INTERNATIONAL KLM Co.,Ltd. Take this chance now ! | Visit Hyundai Showroom or call us...

Yangon : No. 2/6, 2 Quarter, Corner of Insein Rd & Thamine Station Rd, Mayangone Township, Yangon, Myanmar.
Showroom : (01) 522 723, 09 42 100 2051 Service Center : (01) 522 724
Mandalay : No.10, 40th Street, Between 78th & 79th Street, Maha Aung Myay Township, Mandalay, Myanmar.
Showroom : 09 253151970, 09 4539 55560 Service Center : 09 4500 60009 (Mandalay Star)
www.hyundaimotor.com.mm | info@hyundaimotor.com.mm | www.facebook.com/hyundaimm
3 YEARS WARRANTY 100,000 KM
All information and illustrations are based on data avilable at the time of publication and subject to change without notice.

GOLDEN YADANAR
ပြည်တွင်းဖြစ်မီးခံငွေတိုက်တံခါးလုပ်ငန်း
ပြည်တွင်းဖြစ်မီးခံငွေတိုက်တံခါးများကို ဆိုဒ်၊ ထု မျိုးစုံ ထုတ်လုပ်လျက်ရှိပါသည်။ဈေးနှုန်းအထူးသင့်တော်ရမည်။ မီးခံငွေတိုက်တံခါးကို (၁)နှစ်အာမခံပါသည်။
09-449254461,09-421089469,09-253435337

အဆောင်မှူး အလိုရှိသည်။
အဆောင်မှူး ဆရာ၊ဆရာမ (နေ/စား ငြိမ်း)
ဘွဲ့ရ၊ အသက် ၃၀နှစ် အထက်၊ အသောက်အစားကင်း ရှင်းရမည်။
လုပ်ငန်းအတွေ့အကြုံရှိသူ၊စိတ်ရှည်သူ၊
ရေရှည်အလုပ်လုပ်ကိုင်နိုင်သူ ဖြစ်ရပါမည်။
လျှောက်ထားလိုပါက CV ၊ လိုအပ်သော
စာရွက်စာတမ်း နှင့် အတူ လျှောက်ထားနိုင်ပါသည်။
နိုင်ကျော်ကိုယ်ပိုင် အထက်တန်းကျောင်း
အမှတ် (၂၀)မာလာမြိုင်(၂)လမ်း၊ဘမ်ရပ်ကွက်၊လှိုင်မြို့နယ်
ဖုန်း-09 262 974 584

heart
Curtain,Sofa,Furniture
- ခန်းဆီးလိုက်ကာများကို အိမ်တိုင်ရာရောက်တိုင်းတာ တွက်ချက်၍တပ်ဆင်ပေးခြင်း
- ဆိုဖာနှံများကိုလက်လီ/လက်ကားဖြန့်ဖြူးရောင်းချပေးခြင်း
- KTV Room များကို Sound Proof ပြုလုပ်ပေးခြင်း
- ဆိုဖာနှံအဟောင်းများကိုပြန်၍ပြုပြင်ပေးခြင်း
No.38, ဇဋ္ဌိလလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။
Ph: 09-30066799, 09-257335855

Yaung Chi Thit Lin Moving Service Co.,Ltd
YCT ရောင်ခြည်သစ် (လင်း)
အိမ်ပြောင်း၊အိမ်ရွှေ့ဝန်ဆောင်မှု ကုမ္ပဏီ
(မြို့တွင်း / နယ်ဝေး)
No.194, Myayamon Water Fromt Villa, Lay Doung Kan Road,26 Qtr, South Dagon.
yaungchithitmovingservice@gmail.com
09 450454771, 09 450454772, 09 450454773

နောက်ဆုံးပေါ် တီထွင်ဆန်းသစ်မှုနည်းပညာများနှင့် ဂျပန်တွင် ထုတ်လုပ်ထားသည့် အဆင့်မြင့် MAZDA CX-5 ကားကို ယခုသင်္ကြန်နှစ်သစ်ကူးကာလတွင် စတိုင်ကျကျ မောင်းနှင်ပြီး ခံစားကြည့်လိုက်ပါ။
USD 61999 မှ စတင်သည်။




USD 5600 ဖိုးအထိ ကားဘော်ဒီအစိတ်အပိုင်း အပိုပစ္စည်းလက်ဆောင်များနှင့်
USD 8000 ဖိုးအထိ လျှော့ဈေးများ ပေးအပ်သွားမည်။

Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.
Yangon No.96 Kabar Aye Pagoda Road, Sayar San Quarter, Bahan Township. Hotline : 01 554633, 09 260259991
Mandalay No.10(A), The Corner of 77th & 35th street, Maharaungmyay Township. Hotline: 09 456 1111 04, 09 456 1111 05
Made In JAPAN | 3 YEARS MAZDA WARRANTY

---

## ပါကေး အစားထိုး ကြမ်းခင်း

သင်္ကြန် ပွဲတော်အကြို Promotion

မြန်မာပြည်တွင်ပထမဦးဆုံးတင်သွင်းသော Home Since 1996
think of House, think of Home



Grade A,B,C,D စစ်မှန်မှုကိုစက်ဖြင့် "အခမဲ့" လက်တွေ့ စစ်ဆေးပေးသည်။

Buy Flooring → Get Box
၃ ကျင်း ဝယ်လျှင် → ၁ ပုံး လက်ဆောင်

- ★ Grade A,B,C,D အစစ်များသာရောင်းပါသည်
- ★ ဈေးနှုန်း အနိမ့်ဆုံး → အမြင့်ဆုံး အထိ ရှိပါသည်
- ★ လက်ကား ဝယ်ယူလိုသူများ အတွက် အထူးဈေးနှုန်း

ပိတ်ရက်မရှိ

➤ အမှတ် (E-11A) လေးဒေါင့်ကန်လမ်းမကြီး၊ ဘီအိုစီမှတ်တိုင်၊ သယ်န်းကျွန်း၊ ရန်ကုန်မြို့။
➤ အမှတ်(၄/၄၆၇)၊ (၂)ရပ်ကွက်၊ အပိုင်(၄)၊ တပင်ရွှေထီးလမ်း၊ မဟာမြိုင်မှတ်တိုင်အနီး၊ ပဲခူးမြို့။

HOTLINE: 09-79 700 70 70, 09-79 700 70 80

(ရန်ကုန်) (မန္တလေး) (နေပြည်တော်) (တောင်ကြီး) (ပဲခူး) (ပုသိမ်) (မော်လမြိုင်) (ပြင်ဦးလွင်) မြန်မာတစ်နိုင်ငံလုံးဆိုင်ခွဲပေါင်း(၁၁)ခုတွင် ဝယ်ယူနိုင်ပါသည်

---

## Air-Con အထူးဈေးနှုန်း

| 1HP | 1.5 HP | |
|---|---|---|
| 248,500/- | 285,000/- | နာမည်ကြီး |
| 309,000/- | 363,500/- | အမှတ်တံဆိပ်များ |

ပါဝင်သော ပစ္စည်းနှင့် ဝန်ဆောင်မှုများ

၁။ အခမဲ့ တပ်ဆင်ခြင်း
၂။ အခမဲ့ ပစ္စည်း ပို့ဆောင်ခြင်း
၃။ Safe Guard လက်ဆောင်

ဆက်သွယ်ရန် - အေအေ အီလက်ထရောနစ်လီမိတက်
Ph: 01-249587, 249588, 253425, 252990

---

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

လှည်းကူးမြို့ပဲခူး-ရန်ကုန်လမ်းမကြီးအနီး(G)ဥယျာဉ်ခြံမြေပါမီးရှိ၊(40'x60')-60သိန်း၊
(40'x40')-40သိန်း၊(40'x35')-35သိန်း
Ph:09-799912803,09-250168879

---

## ရောင်းမည်

သယ်န်းကျွန်းမြို့နယ်၊ငမိုးရိပ်(၃)၊(၆)၊(၈)၊(၉)လမ်းရှိ မြေညီထပ်မှ (၆)လွှာအထိတိုက်ခန်းများကိုအမြန်ရောင်းမည်။ (B.C.Cရရှိပြီး)
ဖုန်း၊ 09-254111883, 09-785401011

---

မူးလှိုင်ရှူ-မောလှိုင်သောက်

## ရွှေမွန်ရောင် အမှတ်တံဆိပ် ပန်းပေါင်းစုံ ဆေး

TMR000849(0516)

အမူးအမောများခြင်း၊ ထိုင်မော၊ ထမောဖြစ်ခြင်း၊ နှစ်မြိုက်စွာအိပ်မပျော်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အသား အရေစိုပြေမှုကင်းခြင်း၊ တင်းတိပ်ထွက်ခြင်း၊ မီးယပ်ကွက်များထွက်ခြင်းနှင့် မီးယပ်သွေးဆိုးရောဂါများအတွက် မြန်မာ့ဆေးစွမ်းကောင်း

ဖြန့်ချိရေး - အမှတ်(၁၀၂)၊(၃၈)လမ်းအောက်၊ရန်ကုန်မြို့၊ ဖုန်း - ၀၁ - ၃၇၆၈၀၈၊ ၅၄၉၀၄၂၊ ၅၉၀၀၃၄

---

## MMK မြင့်မြတ်ကျော်ကုမ္ပဏီမှ နိုင်ငံတကာအဆင့်မီ

(ကာလာသွပ်၊ ပါလင်မျှားတန်း၊ Deck Sheet) မျိုးစုံ နှင့် Steel Structure Fabrication တို့ကို ဆောက်လုပ်ရေးလုပ်ငန်းရှင်ကြီးများအား လိုအပ်သည့် တန်ချိန်အလိုက် အသင့်အသုံးပြုနိုင်အောင်(ထုတ်လုပ်အပြီး) လက်ကားဈေးနှုန်း များဖြင့် ရောင်းချပေးနေပါသည်။

| | | |
|---|---|---|
| ကာလာသွပ် 55% အလူမင်(ကာလာ ၅နှစ် အာမခံ) | (0.42)mm | တစ်တန် - (13.70) သိန်း |
| Deck Sheet/ ပါလင်မျှားတန်း(Z 80 GI Coil) | (0.8 ~ 2.0)mm | တစ်တန် - (9.10) သိန်း/(9.20) သိန်း |
| Steel Structure - H-Beam(Rz)/ Steel(SS400) | Fabrication | တစ်တန် - (9.10) သိန်း/(11.50) သိန်း |

နိုင်ငံတကာအဆင့်မီ (MMK) (10)ပေါက် စက်ကြီးအုတ်-(81/ks) အထိုင်ဈေး

MMK Head Office: No.(527/.529), 6th Floor, Lower Pazundaung Rd, Pazundaung Tsp.
Phone: 01-9000300, 9000301, 09-73201856, 09-73201857, 09-73098771, 09-965149148, 09-73238130
Fax: 01-299201 Website: www.mmkgroup.com Email: mmktrading999@gmail.com

---

## ★STAR★

ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
Ph:09-43088052, 09-73254389, 09-421067330

---

## မြေကွက်များဈေးကောင်းပေးဝယ်လိုသည်။

ဒဂုံမြို့သစ် ၊ ( အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း )
တို့တွင်မြေကွက်များဝယ်လိုသည်။
အိမ်အရောက်ငွေချေနှစ်ပြန်ပေးရန်မလို
Ph : 01-2339310, 01-2339355, 01-578044

# JUNCTION CITY

# CONGRATULATIONS

**Heartiest congratulations and best wishes from**

on the official opening of

**Junction City Tower** and **Junction City Shopping Centre**

on 31 March 2017



**Corner of Bogyoke Aung San Road and Shwedagon Pagoda Road, Pabedan Township, Yangon. www.junctioncityyangon.com**

YCDC Building Completion Certificate (BCC) : ၁၂၁၆ / အိမ်ယာ / ညပ်ပင် - ယာ / အုံ(ပုံစံ)

Master Developer

SHWE TAUNG JUNCTION CITY DEVELOPMENT CO., LTD


သာသနာတော်နှစ် – ၂၅၆၀
ကောဇာသက္ကရာဇ် – ၁၃၇၈
ခရစ်နှစ် – ၂၀၁၇
ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အမှတ် (၅၁–အေ)၊ အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် လေးထောင့်ကန်လမ်းရှိ
HSL GROUP
GOLDEN GLORY DEVELOPMENT
မှ ကြီးမှူးကျင်းပသော
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်) တိုးချဲ့ကျောင်းအလှူတော် သီတဂူ အရှုးစမ္မသဘင်
တရားပွဲအလှူရှင်
POLO CLUB (ASIA) RESIDENCE
သီတဂူ
အရှင်တိက္ခသာရ
သီတဂူကထိက ဆရာတော်
သာသနဓဇ ဓမ္မာစရိယ၊ M.A (Buddhism)
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း (၁၄)ရက်
၁၀–၄–၂၀၁၇ (တနင်္လာနေ့)
သီတဂူ
အရှင်ဇဋိလ အရှင်တော်
သီတဂူကထိက ဆရာတော်
သာသနဓဇ ဓမ္မာစရိယ၊ B.A, M.A
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)
၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်နေ့
၁၁–၄–၂၀၁၇ (အင်္ဂါနေ့)
သီတဂူဆရာတော်
ဒေါက်တာ အရှင်ဉာဏိဿရ
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များအဓိပတိ
အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊
(D.Litt), (Ph.D)
၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၁)ရက်
၁၂–၄–၂၀၁၇ (ဗုဒ္ဓဟူးနေ့)
" သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ "
အလှူအားလုံးတို့တွင် အမြတ်ဆုံးဖြစ်သော
တရားအလှူကို ပေးလှူမည်ဖြစ်ပါ၍
တရားတော်နာကြွရောက်ကြပါရန်
လေးစားစွာဖိတ်ကြားအပ်ပါသည်။
အချိန် - ညစဉ်(၇း၀၀)နာရီ။
နေရာ - POLO CLUB (ASIA) RESIDENCE အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် လေးထောင့်ကန်လမ်း၊ တာမွေမြို့နယ်။


ပရီမီယာကော်ဖီမိသားစုစတုဒီသာမဏ္ဍပ်
PREMIER® COFFEE
ပရီမီယာ
သင်္ကြန်
မြန်မာ့ရိုးရာ သင်္ကြန်မှာ မြန်မာတို့ရဲ့ Premier Coffee ကနေ
စတုဒီသာ ကျွေးမှာ မို့လို့ လာခဲ့ဖို့ ဖိတ်ခေါ်ပါတယ်နော် . . .
နေ့ရက် ： ၁၄ ၊ ၁၅ ၊ ၁၆ . ၄ . ၂၀၁၇
နေရာ ： မဟာဗန္ဓုလလမ်း၊ Infront of AYA Bank, ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
၂၆လမ်း၊ ၇၄×၇၅ ကြား၊ နန်းမြို့သူ မဏ္ဍပ်ဘေး၊ မန္တလေးမြို့။
အချိန် ： နံနက် ၈ နာရီ မှ ညနေ ၅ နာရီ အထိ
မြန်မာ့ရိုးရာ စားစရာတွေကို ကျန်းမာရေးအတွက် စိတ်ချရတဲ့ လီလီ ကြက်သားမှုန့်နဲ့ သုံးထားလို့ အရသာရှိမှာ အသေချာပဲပေါ့။

ကြော်ငြာ


ချစ်ပိုင်သစ္စာ သင်္ကြန်အထူးခရီးစဉ်
ချောင်းသာ နေ့ချင်းပြန် Hotel/ Guest Package
ကျိုက်ထီးရိုး
09-444885691
09-444885692
09-965031157
09-73109277
www.chitpaithitsar.blogspot.com

အာရှနဂါး
မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

ရွှေခင်းသာ FULLY AIR-CON EXPRESS April 11,12
Ph: 09-420046835, 09-30207754, 09-262607878

Myanmar Culture Land Travels & Tours
Apr-12, Apr-17 ရက်နေ့ ထွက်ခွာမည်။
* မြိတ်-လေးကျွန်းကမ်းခြေ-ထားဝယ် ၂၄၀၀၀၀/-
* ထားဝယ်-ရှင်ကိုးရှင်-မောင်းမကန်-မျှော်ရစ် ၂၂၀၀၀၀/-
* ပင်းတယ-တောင်ကြီး-ရေပြာအိုင်-အင်းလေး ၂၀၀၀၀၀/-
* မြဝတီ-မဲဆောက်-ဘားအံ-မော်လမြိုင် ၂၀၀၀၀၀/-
* ပုဂံ-ပုပ္ပါး-ရွှေစက်တော်-မကွေး-မင်းဘူး ၂၀၀၀၀၀/-
* အလောင်းတော်ကဿပ-စစ်ကိုင်း-မုံရွာ-ပြင်ဦးလွင် ၁၉၀၀၀၀/-
09-445459946, 09-799601085, 09-975809322, 09-251045076

ASIAN YGN Travels & Tours
တောင်ကြီး အင်းလေး ပင်းတယ ကလော (၄ ညအိပ် ၅ ရက်)
Package tour (Hotel + Restaurant + Bus + Meal)
PH: 09 45 710 1867 / 09 45 643 1420

ဘာကီလူ Travel...
Package Apr 12,17
09-254855582, 09-254855583

ဟန်နီ ခရီးစဉ် License No. ၁-၀၆၇၆
သင်္ကြန်အထူး Promotion ခရီးစဉ်များ (3*Hotel + စရိတ်ငြိမ်း)
BBQ Dinner Free
09-796936080, 09-971668782, 09-73048429

GOLDEN STAR Travels & Tours
❖ ပုဂံ(ရွှေစက်တော်လေးဆူ)-ပုပ္ပါး-ပဒုက္ကူ Apr-12,13
❖ ရွှေစက်တော်-ပုဂံ-ပုပ္ပါး-ပဒုက္ကူ Apr-13
❖ တောင်ကြီး-အင်းလေး-ပင်းတယ Apr-11,12,13
❖ ပုဂံ-ပုပ္ပါး-တောင်ကြီး-အင်းလေး Apr-12
❖ လွိုင်ကော်-တောင်ကြီး-အင်းလေး Apr-13
❖ မန္တလေး-မုံရွာ-အလောင်းတော်ကဿပ Apr-12
❖ မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း-မင်းကွန်း Apr-13,17
Ph:09-5046500, 09-5046000, 09-5081580

GOLDEN LIGHT 09.421099405, 43197550 09.263434391, 252225772
April 12,13,17









တာဝတိံသာ
အဆင့်မြင့် အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်း ပြောင်းရွှေ့လိုပါက
၁၀ ပေ၊ ၁၄ ပေ၊ ၁၅ ပေ၊ ၁၆ ပေ၊ ၁၇ ပေ၊ ၂၄ ပေ၊
၁၀ ဘီး၊ ၁၂ ဘီး ကားများနှင့် အလုပ်သမားများအပါ
ပြောင်းရွှေ့ပေးသည်။ (မြို့တွင်း/နယ်ဝေး)
Ph: 09 32152526, 09 421024222
09 31483218, 09 49344288

အမြန်အလိုရှိသည်
လူကြီးမင်းတို့ပိုင်ဆိုင်သော ဗဟန်း၊ ရန်ကင်း၊ ဒဂုံ၊ ကမာရွတ်၊ လှိုင်၊ အလုံ၊ မရမ်းကုန်းမြို့နယ်များရှိမြေကွက်များကို နိုင်ငံခြားဆောက်လုပ်ရေးကုမ္ပဏီကြီးများမှ အကျိုးတူဆောင်ရွက်လိုပါသဖြင့် Close Friend ကုမ္ပဏီသို့ မြေပိုင်ရှင်များမှ အမြန်ဆုံးဆက်သွယ်အပ်နှံပေးပါရန် တောင်းဆိုအပ်ပါသည်။
01-8500424, 09-421032105, 09-782229078

ဗူဂျီ
ပါကေးအစားထိုး ကြမ်းခင်းပြား ဖြန့်ချိရေး
LAMINATE FLOOR
8 mm = 110,000/- 12mm = 140,000/-
12 mm (ပါကေးဒီဇိုင်း) = 165,000/- (ခင်းခပါပြီး)
Ph: 09 97 5555 899, 09 730 707 55

## ကြော်ငြာ

### ဒေါက်တာကျော်စိုး (၆၂)နှစ်
**M.Econ; D.M.A, M.B.A; Ph.D (Economics)**
**ညွှန်ကြားရေးမှူး(ငြိမ်း)**
**သတင်းအချက်အလက်နည်းပညာနှင့် Cyber လုံခြုံရေးဦးစီးဌာန**
**ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ဗဟိုစီးပွားရေးကော်မတီ အဖွဲ့ဝင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်၊ စာရင်းစစ်၊**
**လူရည်ချွန်(၁၉၆၄-၁၉၈၈)အဖွဲ့**
**ဒုတိယဥက္ကဋ္ဌ၊ ဘောဂဗေဒအသင်း**
**ဒါရိုက်တာ၊ စီးပွားရေးရာဌာန**
**ရွှေသံလွင် ကုမ္ပဏီလီမိတက်**
**Coordinator**
**Myanmar International School(MIS)**

ရန်ကုန်မြို့၊ တိုက်အမှတ်(၁၁)၊ အခန်းအမှတ်(၂၀၂)၊ ရတနာလမ်းသစ်အိမ်ရာ၊ သာကေတမြို့နယ်နေ ဒေါ်ရွှေဇင်ဝါ (လက်ထောက်အင်ဂျင်နီယာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)၏ ချစ်လှစွာသောခင်ပွန်း၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၈)လမ်း၊ အမှတ်(၄၃၈)နေ ဦးလှနွယ်-ဒေါ်ရင်ရွှေတို့၏ သားကြီး၊ ဦးမောင်မောင်-(ဒေါ်သန်းသန်းနွယ်)တို့၏ သားသမက်၊ Captain သန်းနိုင်-ဒေါ်သန်းသန်းအေး၊ ဦးအောင်ကျော်ဇော၊ ဒေါ်မြတ်သီတာ၊ ဦးယဉ်ထွေး၊ ဒေါ်စန္ဒာရွှေ၊ ဒေါ်သီနွယ်ထွေး၊ ဗိုလ်ကြီး တင်ဆန်းဦး-ဗိုလ်မေလွင်၊ ကိုဝင်းထွဋ်တို့၏ ချစ်စွာသောအစ်ကိုကြီး၊ မောင်ဖြိုးနောင်ဝင်း၊ မောင်ထွန်းနောင်ဝင်း၊ မရွှေယမင်း၊ မောင်သုထက်အောင်၊ မထက်သီရိနိုင်၊ မစုယဉ်မွန်ထွေးတို့၏ ချစ်လှစွာသောဘကြီး၊ ဒေါက်တာဦးကျော်စိုးသည် ၇-၄-၂၀၁၇ (သောကြာနေ့)တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၇(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်မည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၄-၂၀၁၇(ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ကေရီခိုင်**
**လက်ထောက်ကထိက၊ ရူပဗေဒဌာန(ငြိမ်း)**
**အသက် (၆၇)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)တိုးချဲ့ရပ်ကွက်၊ တော်ဝင်လမ်းသွယ်၊ အမှတ်(၁၂၈)နေ ဦးမြတ်ကို (ဝန်ကြီးချုပ်၊ ငြိမ်း)၏ ဇနီး ဒေါ်ကေရီခိုင်သည် ၁-၄-၂၀၁၇ရက် (စနေနေ့) ည ၇း၅၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးသာအေး-ဒေါ်ဝေဝေခိုင် (အေးရိပ်ဝေမိသားစု)**

### ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
**ဒေါ်ငွေအေး အသက်(၉၀)**
**ကျောက်ဖြူမြို့**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ (၁၀၄/၃)၊ ပထပ်၊ ဦးဝိစာရလမ်းသွယ် (မြေနီခြံ)၊ မြေနီကုန်းတောင်ရပ်ကွက်နေ [ဦးအောင်တင်(ရွှေပန်းထိမ်ဆရာကြီး)]၏ဇနီး၊ ကိုတင်ကိုသန်း-မခိုင်ဇာသွယ်၊ ကိုတင်ကိုရွှေ-မစန်းစန်းငွေ (ရိုးမ ရွှေဆိုင်-တံ့တွေး)၊ ကိုအောင်ဗိုလ်မြင့် (Country Manager, EASB, Singapore)-မဝေမာပုလဲ (Lecturer-Ngee Ann Polytechnic, Singapore)၊ မတင်မူဝင်း(BE Civil-WYTU)၊ မမျိုးသန္တာဝင်း-ကိုမင်းချစ်သူ (ကျောက်ဖြူခရိုင်တရားရုံး)၊ မအေးသီရိဆွေ၊ မောင်လွင်ဝင်းကို (တတိယနှစ်၊ ဥပဒေစစ်တွေ)၊ မောင်တင်မျိုးအောင်၊ မောင်ခန့်ငြိမ်းကျော်၊ မောင်ကျော်စိုးလင်းတို့၏အဘွား၊ မြစ်ခြောက်ယောက်တို့၏ အဖီးသည် ၈-၄-၂၀၁၇ (စနေနေ့) မွန်းလွဲ ၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်နှင့် ကျောက်ဖြူအသင်းမှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၁၇(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာယူရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### မောင်သီဟတင်ထွန်း(ခ)ပိုးပိုး အသက်(၂၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ တပ်လမ်း၊ အမှတ် (၁၅)နှင့် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ အင်းစိန်လမ်း၊ ခြံအမှတ် (၉၆)နေ (ဦးတင်ထွန်း)-ဒေါ်ခင်ဦး၏မြေး၊ ဦးဇော်မိုးအောင်-ဒေါ်မင်းမင်းထွန်းတို့၏သားကြီး၊ မောင်ရွှေကမ္ဘာပိုင်၊ မအိန္ဒြာသဇင်မင်း၊ မောင်နန္ဒမင်းအောင်တို့၏ အစ်ကိုကြီး မောင်သီဟတင်ထွန်း(ခ)ပိုးပိုးသည် ၇-၄-၂၀၁၇ (သောကြာနေ့) ည ၉း၃၀ နာရီတွင် ကွယ်လွန်ပါသဖြင့် ၉-၄-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ကမာရွတ်မြို့နယ်၊ အင်းစိန်လမ်း၊ ခြံအမှတ်(၉၆) နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၄-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးပါ(ပဲနွယ်ကုန်း)
**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၅)ရပ်ကွက်၊ စွယ်တော်လမ်း၊ အမှတ် (၁၀၅/၁၀၆)နေ (ဦးစုဝါ-ဒေါ်သိန်း)၏သား၊ (ဒေါ်ညွန့်)၏ခင်ပွန်း၊ ဒေါ်အမာ-(ဦးဘိုနီ)တို့၏ မောင်၊ ဒေါ်မမလေး-(ဦးသိန်းလှိုင်)တို့၏ အစ်ကို၊ ဒေါ်မြင့်မြင့်ကြည်-ဦးစိုးမြင့်၊ ဦးမြင့်ဝင်း၊ ဦးဇော်ဝင်း၊ ဦးသန်းဝင်း-ဒေါ်ဝါဝါသက်၊ (ဒေါ်မြင့်မြင့်လွင်)-ဦးအောင်ကျော်သင်း၊ ဒေါ်မြင့်မြင့်ထွေး-ဦးရဲလင်းတို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်ခြောက်ယောက်၊ တီလေးယောက်တို့၏ ဘိုးဘိုးကြီးသည် ၈-၄-၂၀၁၇ (စနေနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [၁၄-၄-၂၀၁၇(သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ မိတ်သင်္ဂဟအပေါင်းအား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဦးမြင့်ကိုကိုနိုင်(ခ)ဦးကိုကိုနိုင်
**အသက် (၅၀)**
**ရုံးအဖွဲ့မှူး (ငြိမ်း)**
**စီမံခန့်ခွဲရေးကော်မတီရုံး၊**
**ရွှေလင်ပန်းစက်မှုဇုန်**
**အထက-၁၊ ဒဂုံကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ တန်ဖိုးနည်းလုပ်သားအိမ်ရာ၊ တိုက်အမှတ်(C)၊ အခန်းအမှတ်(၄၀၁)နေ [ဦးအောင်မြင့်(ခရိုင်မန်နေဂျာ-ငြိမ်း)]-ဒေါ်ခင်မြင့်မြင့်တို့၏သားငယ်၊ ဦးမောင်ကျော်-ဒေါ်ခင်ရွှေတို့၏သားသမက်၊ (ဒေါ်ဖြူဖြူမြင့်)၊ ဒေါ်စန္ဒာညိုညိုမြင့်(ခေတ္တ-စင်ကာပူ)၊ ဦးခင်မောင်ကျော်-ဒေါ်သီတာမြင့်၊ ဦးရဲထွဋ်ဦး(ခေတ္တ-ဂျာမနီ)-ဒေါ်မြသီတာဆွေ၊ (ဒေါ်သန္တာမြင့်)တို့၏ မောင်/ညီ၊ ဒေါ်ဥမ္မာမြင့် (ခေတ္တ-အမေရိကန်)၏ အစ်ကို၊ ဒေါ်ချောချောတင်၏ချစ်လှစွာသောခင်ပွန်း၊ တူ/တူမ ရှစ်ယောက်တို့၏ဦးလေး ဦးမြင့်ကိုကိုနိုင်(ခ)ဦးကိုကိုနိုင်သည် ၈-၄-၂၀၁၇ (စနေနေ့) နံနက် ၀၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၁၀-၄-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၄-၂၀၁၇(သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ခင်ဆွေ(ရေစကြိုမြို့) (၇၅)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၃၀)ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်(၂၁၃)နေ ဝဏ္ဏကျော်ထင် [ဗိုလ်မှူးချုပ်ကျော်ဝင်း-ငြိမ်း၊ စက်မှု(၁)ဒုဝန်ကြီး၊ ငြိမ်း]၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာသက်နိုင်-ဒေါက်တာမိုးမိုးကျော်၊ ဗိုလ်မှူးမြတ်ထွန်းကျော်[ငြိမ်း၊ ညွှန်ကြားရေးမှူး၊ ကညန/ကလ]-ဒေါ်မျိုးဖြူစင်၊ ဦးကျော်ဇော-ဒေါ်ဝင်းအိအိဖြူ၊ မကြည်သာဆွေတို့၏မိခင်၊ မလင်းသီရိအိမ်၊ မထက်ထက်သီရိဝေ၊ မောင်ဘုန်းပြည့်လျှံ၊ မအေးချမ်းသီရိစံတို့၏အဘွားသည် ၄-၄-၂၀၁၇ (အင်္ဂါနေ့) နံနက် ၅း၃၅ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၄-၂၀၁၇ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
**ဦးတင်ဝင်း (၇၁)နှစ်**
**(Edwin Mg Ggi) [St.Paul.ကျောင်းသားဟောင်း] ဆရာလေး**
**(Daily Essential Co. Director)**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်း၊ (၆၇)၊ လေးလွှာ(ဘယ်)နေ (ဦးခင်မောင်ကြီး-ဒေါ်ရွှေပု)တို့၏သားကြီး၊ ဦးဘသင်း-ဒေါ်ခင်မြတို့၏သားသမက်၊ ဒေါ်လှမြတ်သင်း(Winnie Thin)၏ခင်ပွန်း၊ ဦးကိုကိုကျော်မင်း-ဒေါ်မြတ်သဇင်ညွှန့်၊ (မောင်ထူးကျော်-မပန်းအိဆွေ)၊ ဦးအောင်အောင်-ဒေါ်ချိုသဲ၊ မောင်ပြည့်ဖြိုးကျော်၊ မမြတ်မြင့်မိုရ်ဝင်းတို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏အဘိုး၊ [ဒေါ်ခင်ခင်ဝင်း(ခ)Shirle Mg Gyi]၊ ဒေါ်စန်းစန်းဝင်း (Jessie Mg Ggi) (အထက-၄၊ အလုံ၊ အလယ်တန်းပြ-ငြိမ်း၊ အပူဇော်ခံဆရာမ)၊ ဦးမြင့်ဆွေ-ဒေါ်ရီရီဝင်း (Irene Gyi)၊ ဦးမောင်မောင်ဝင်း (Robert Mg Gyi)-ဒေါ်ခင်စန္ဒာမြင့် (Australia Sidney)တို့၏ အစ်ကိုကြီးသည် ၈-၄-၂၀၁၇(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၇(တနင်္လာနေ့) နံနက် ၉နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၇နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၄-၂၀၁၇(သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးလှဝင်းရွှေ(ခရိုင်တရားသူကြီး-ငြိမ်း)
**အသက် (၆၉)နှစ်**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ (၆၃-၆၄)လမ်းကြား၊ ဥပဒေအရာရှိရိပ်သာနေ ဒေါ်အေးမြင့်၏ခင်ပွန်း၊ ဦးစန်းလွင်ဦး(ဒု-ခရိုင်ဥပဒေအရာရှိ)-ဒေါ်ယုယုဝင်း (လ/ထ တိုင်းဒေသကြီး ဥပဒေအရာရှိ)၊ ဦးစည်သူဝင်း(မြို့နယ်တရားသူကြီး၊ မိုးညှင်းမြို့)-ဒေါ်မာမာအေး၊ ဦးဖြိုးသူဝင်း၊ မဇွန်မေသဇင်ဝင်းရွှေတို့၏ ချစ်လှစွာသောဖခင်ကြီးသည် ၈-၄-၂၀၁၇(စနေနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၇(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် လိုက်ပါပို့ဆောင်ပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဒေါက်တာကျော်စိုး
**ဒုဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘောဂဗေဒအသင်း**
**(စာရေးဆရာရွှေနွယ်)**
**အသက် (၆၂)နှစ်**

မြန်မာနိုင်ငံ ဘောဂဗေဒအသင်း ဒုဥက္ကဋ္ဌ ဒေါက်တာကျော်စိုးသည် ၇-၄-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါ၍ ဘောဂဗေဒအသင်းဝင်များ၊ ဘောဂဗေဒမိသားစုဝင်များ လိုက်ပါပို့ဆောင်ကြရန် အသိပေးအပ်ပါသည်။

မြန်မာနိုင်ငံဘောဂဗေဒအသင်း(MEA)

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ရင်မြ(ခ)ဒေါ်ရင်ရင်မြ**
**အသက်(၆၀)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းရပ်ကွက်၊ ရှမ်းရိပ်သာလမ်း၊ အမှတ် (၂၆-ဘီ)နေ (ဦးစိုက်ရာ-ဒေါ်ကျင်မှုံ)တို့၏ သမီး၊ (ဦးတင်စော-ဒေါ်ခွန်တီ)တို့၏ သမီးချွေးမ၊ ဦးအောင်ဝင်း (SUZUKI MYO MOTOR)၏ ချစ်လှစွာသောဇနီး၊ ဦးကျော်သိန်း-(ဒေါ်အုန်းကြည်)၊ (ဦးအောင်သိန်း-ဒေါ်စောကြည်)၊ ဦးသန်းရွှေ-ဒေါ်မြင့်မြင့်နွယ်၊ ဦးမြစီ-ဒေါ်ကျင်အေး၊ ဦးတင်အေး-ဒေါ်ဖြူဖြူဝင်း၊ ဦးမြင့်ဆွေ-ဒေါ်ပဘာညွှန့်တို့၏ ညီမ၊ တူ/တူမ ၂၇ယောက်တို့၏ အဒေါ်သည် ၈-၄-၂၀၁၇ (စနေနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးဖူးကျန့်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူ မောင်နှမများ

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ရင်မြ(ခ)ဒေါ်ရင်ရင်မြ**
**အသက်(၆၀)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းရပ်ကွက်၊ ရှမ်းရိပ်သာလမ်း၊ အမှတ် (၂၆-ဘီ)နေ (ဦးစိုက်ရာ-ဒေါ်ကျင်မှုံ)တို့၏ သမီး၊ (ဦးတင်စော-ဒေါ်ခွန်တီ)တို့၏ သမီးချွေးမ၊ ဦးအောင်ဝင်း (SUZUKI MYO MOTOR)၏ ချစ်လှစွာသောဇနီး၊ ကိုအောင်မျိုးဟိန်း-မခင်သဥ္ဇာသော်၊ ကိုအောင်မျိုးဝင်း-မလွင်လွင်မိုးအေး၊ ကိုအောင်မျိုးနိုင်တို့၏မိခင်၊ မချိုမွန်ကို၊ မောင်ဟိန်းမင်းသန့်၊ မောင်ထက်နိုင်ဝင်းတို့၏အဘွားသည် ၈-၄-၂၀၁၇(စနေနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးဖူးကျန့်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်ခင်လေးငယ် (၄၇)နှစ်
**လှိုင်သာယာမြို့နယ် (ထွေ/အုပ်)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ (ဦးခင်မောင်စိုး)-ဒေါ်ခင်မြတို့၏ သမီး၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၅၈၀)နေ ဦးသိန်းစိုး၏ဇနီး၊ (ဦးကြည်မြင့်)-ဒေါ်နှင်းနွယ်စိုး၊ ဦးသွင်ဦး(အင်းစိန်၊ ထွေ/အုပ်)-ဒေါ်မာလာစိုး၊ ဦးသန်းထွဋ်အောင်(လဝက-တံ့တွေး)-ဒေါ်အေးအေးသန်း(လှိုင်သာယာ၊ ထွေ/အုပ်)၊ ဦးစိုးဝင်းမောင်(MJA၊အင်းစိန်)၊ မကြည်ကြည်သွင်(AG Co.)၊ မောင်နိုင်လင်းစိုး-မဇွန်ပွင့်ငုံထွေးတို့၏ ညီမ/အစ်မ၊ မောင်သူရိန်စိုး၏မိခင် ဒေါ်ခင်လေးငယ်သည် ၇-၄-၂၀၁၇ (သောကြာနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၄-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အနိစ္စ

### ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
**ဒေါ်ငွေအေး အသက်(၉၀)**
**ကျောက်ဖြူမြို့**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ (၁၀၄/၃)၊ ပထပ်၊ ဦးဝိစာရလမ်းသွယ် (မြေနီခြံ)၊ မြေနီကုန်းတောင်ရပ်ကွက်နေ [ဦးအောင်တင်(ရွှေပန်းထိမ်ဆရာကြီး)]၏ဇနီး၊ ... မြစ်ခြောက်ယောက်တို့၏ အဘွားသည် ၈-၄-၂၀၁၇ (စနေနေ့) မွန်းလွဲ ၂း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်နှင့် ကျောက်ဖြူအသင်းမှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၁၇ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာယူရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### သံတွဲခရိုင်အသင်း(ရန်ကုန်)
**ရဟန်း ဒါယိကာမကြီး**
**ဒေါ်ညွန့်ရှင် (၈၉)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၆) အနောက်ရပ်ကွက်၊ ဝေဇယန္တာအနောက် (၁၂)လမ်း၊ အမှတ်(၅၉၅)နေ ဦးအောင်သန်း (ဆပ်သွား၊ ဂွမြို့နယ်အသင်း၊ သံတွဲခရိုင်အသင်းနာယက၊ ဝံသာနုရက္ခိတ ရပ်ကွက်သာရေးနာရေးအသင်းဥက္ကဋ္ဌ)၏ ဇနီးသည် ၇-၄-၂၀၁၇ (သောကြာနေ့) ည ၉း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ကျိုစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

### ဦးညွန့်(အလုံ) (၇၈)နှစ်
**ဗဟိုစာတိုက်ကြီး(ငြိမ်း)**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ စပယ်လမ်း၊ အမှတ်(၃၄)နေ (ဦးအောင်စိန်-ဒေါ်သန်းတင်)တို့၏သား၊ (ဒေါ်ကြည်ကြည်)၏မောင်၊ ဒေါ်ရီရီ၊ ဒေါ်တင်တင်ငွေ၊ ဦးမျိုးမြတ်(ဖိုးသံချောင်း)တို့၏ အစ်ကိုသည် ၇-၄-၂၀၁၇ (သောကြာနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်တင်လှိုင်(တွံတေးမြို့)**
**အသက် (၆၅)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မိကျောင်းကန်အပိုင်း(၂)၊ သီရိရတနာရိပ်သာ၊ မေတ္တာလမ်း၊ အမှတ်(၉၀၃)နေ (ဦးပွ-ဒေါ်မြတင်)တို့၏သမီး၊ ရဲမှူး ဦးကျော်လှိုင်(ငြိမ်း၊ သတင်းတပ်ဖွဲ့)၏ ချစ်လှစွာသောဇနီး၊ ကိုအောင်ဝင်းထွန်း-မလှလှကြည်၊ (California Tech)၊ ကိုတင်အောင်မျိုး (CE, MTM Ship Management)၊ မသီသီကျော် (လ/ထ ညွှန်မှူး-ငြိမ်း၊ လျှပ်စစ်-၂)၊ ကိုဝင်းသိန်း (CE, North Star Ship Management)၊ မအိအိအောင်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မိခင်ကြီး၊ မသော်တာဝင်းထွန်း (3rd MB ဆေး-၂)၊ မောင်မင်းသန့်ထွန်း၊ မအေးမြတ်သီရိမျိုး၊ မကြည်ဖြူသန့်၊ မောင်မြတ်ဝင်းခန့်၊ ဖိုးသားလေးတို့၏ ချစ်လှစွာသော ဘွားဘွားကြီး ဒေါ်တင်လှိုင်သည် ၇-၄-၂၀၁၇ ရက် ညနေ ၆း၃၀ နာရီတွင် တောင်ဥက္ကလာပမြို့နယ် အောင်ရတနာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၄-၂၀၁၇ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ သင်္ဃန်းကျွန်းမြို့နယ် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရဟန်းအမကြီး
**ဒေါ်မြသန်း(မင်းလှမြို့)**
**အသက် (၉၁)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့၊ ဇရစ်ချောင်းရွာနေ (ဦးပန်းသာ-ဒေါ်ဌေး)တို့၏သမီး၊ မင်းလှမြို့၊ ဇီးကုန်းလေးရပ်ကွက်နေ (ဦးကျော်ဦး)၏ဇနီး၊ ဦးစောလွင်-ဒေါ်မြင့်ရီ၊ ဗိုလ်ကြီးအေးကျော်(ငြိမ်း)-ဒေါ်ခင်မြင့်၊ ဦးဘုန်းအောင်(Ex-C/E)-ဒေါ်ခင်သန်းဝင်း၊ ဦးလှမြင့်(2/O)-ဒေါ်ခင်စိန်းရည်၊ ဦးဝင်းမောင်(2/O OCEAN TANKERS)-ဒေါ်ဝေမီအောင်တို့၏မွေးသမိခင်၊ မြေးခုနစ်ယောက်၊ မြစ်လေးယောက်တို့၏အဘွား ဒေါ်မြသန်းသည် ၈-၄-၂၀၁၇ ရက် နံနက် ၉း၁၅ နာရီတွင် အမှတ်(၃/က)၊ မြဝတ်ရည်လမ်းသွယ်(၂)၊ ပါရမီရိပ်သာ၊ မရမ်းကုန်းမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၇(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [မရမ်းကုန်းမြို့နယ်၊ ပါရမီရိပ်သာ၊ မြဝတ်ရည်လမ်းသွယ်(၂)၊ အမှတ်(၃/က) နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
**ဦးမောင်လေး(မကွေးမြို့) (၈၇)နှစ်**
**အနောက်ပိုင်းခရိုင်မှူး(လဝက-ငြိမ်း)**
**UNHCR- IND Project (မောင်တော)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၄)ရပ်ကွက်၊ ငုဝါ (၄)လမ်း၊ အမှတ်(K-7)နေ ဒေါ်မေကြည်(မိုးညှင်းမြို့)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်တင်တင်၊ ဆရာမကြီးဒေါ်ချစ်ကြည်၊ ဒေါ်ခင်ရီအေးတို့၏ ချစ်လှစွာသောမောင်၊ ဒေါ်လွင်လွင်မူ(MD-ပုလဲနဒီကုမ္ပဏီ)၊ ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့နေ ဦးထွန်းထွန်းကျော်၊ ဦးနေဝင်း (DY-CE Y.C.D.C)-ဒေါ်ဝင်းဝင်းမာ၊ ဦးသန်းဝင်းအောင် (Chirman-ပုလဲနဒီကုမ္ပဏီ)၊ ဦးသက်နိုင်ထွန်း(Project Director Client Focus Technology Group Co., Ltd)-ဒေါ်ချောစုလှိုင် (Driector-ပုလဲနဒီခရီးသွားလုပ်ငန်း)တို့၏ ချစ်လှစွာသောဖခင်၊ မောင်ခန့်နေဝင်း (Driector-ပုလဲနဒီ)၊ မောင်ဇေယျာမင်းသူ၊ မစုသီရိခေတ်၊ မစုသီရိမြတ်၊ မောင်ဇေယျာမင်းခန့်တို့၏ ချစ်လှစွာသောအဘိုး ဦးမောင်လေးသည် ၇-၄-၂၀၁၇ရက်တွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၄-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရဟန်းဒါယကာကြီး
**ဦးညွန့်တင်(ပျော်ဘွယ်) (၈၅)နှစ်**

ပျော်ဘွယ်မြို့၊ ဘုရားကြီးကျေးရွာနေ (ဦးသာရင်-ဒေါ်ဆွတ်)တို့၏ သားကြီး၊ (ဦးစိုးမြင့်)-ဒေါ်အုန်းမြတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ ရေကျော်လမ်း၊ အမှတ်(၅၇)၊ မြေညီထပ်နေ မတင်လှ(ခ)မခိုင်၊ ဦးနေဝင်း-ဒေါ်သူဇာဆွေတို့၏ ချစ်လှစွာသောဖခင်ကြီး၊ ထက်အောင်လင်း၊ အောင်ကိုမင်းတို့၏အဘိုး ဦးညွန့်တင်သည် ၈-၄-၂၀၁၇ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၇ (တနင်္လာနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၇း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်ခင်လေး
**ဦးစီးအရာရှိ (ငြိမ်း)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန**
**အသက် (၇၅)နှစ်**

လှိုင်ကော်မြို့နေ (ဦးဘဇေ-ဒေါ်ဖွားခင်)တို့၏သမီး၊ ဦးအောင်စိန်၊ (ဦးထွန်းစိန်)၊ (ဦးကြီးစိန်)တို့၏ညီမ၊ ဒေါ်ခင်ဌေး၊ (ဦးဇင်းစိန်ဝင်း)၊ ဦးဇင်းမွန်ထော်တို့၏အစ်မ၊ ယုဇနဉယျာဉ်မြို့တော်နေ ဦးဘုန်းမြင့် ၏ ဇနီး၊ ဆောမြို့နေ ဦးအောင်ချို၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ နဝရတ်လမ်း၊ အမှတ်(၁၁၇၂/က)နေ ဒေါ်ထားနွယ်ခင်(တရားလွှတ်တော်ရှေ့နေ)တို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မောင်ဝေယံထက်၊ မောင်နေဝင်းထက်တို့၏အဘွားသည် ၇-၄-၂၀၁၇ (သောကြာနေ့) ည ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၄-၂၀၁၇ (ကြာသပတေးနေ့) နံနက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
**Matilda Zai Mangri@ဒေါ်စဝ်ခင်ဝင်း@ Sao Kio Mani**
**အသက် (၇၅)နှစ်**
**ထိုင်းသံရုံး(ငြိမ်း)၊ ပြင်ဦးလွင်စိန့်မိုက်ကယ်ကျောင်းသူဟောင်း**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်း၊ တ/ရ ပန်းပင်ကြီးလမ်း၊ အမှတ် ၁၆(ခ)၊ စိန့်မိုက်ကယ်ဘုရားကျောင်းဝင်းနေ (ဦးစဝ်ဆိန်ဇိုင်း-ဒေါ်သက္ကလတင်တင်မြ)တို့၏ သမီးကြီး၊ Audrey Zai-ဦးစဝ်ထွန်းအေး၊ Rachel Zai-P morgen၊ (စဝ်ခမ်းဇိုင်း)၊ (Patricia Zai)၊ Cecelia Zai (ခ) စဝ်အမ်းဖိုင်း-Brian ရွှေလင်းတိုးတို့၏ အစ်မကြီး၊ (ခေမာတိုး)၊ ကျော်ဇင်တိုး-လှသဇင်ဟန်၊ ရဲလင်းတိုးတို့၏ ကြီးတော် ဒေါ်စဝ်ခင်ဝင်းသည် ၇-၄-၂၀၁၇ (သောကြာနေ့) နံနက် ၁၁း၂၀ နာရီတွင် အထက်ပါ နေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၂-၄-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ကြည့်မြင်တိုင် ရှင်မိက္ခေလဘုရားကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
**ဆရာမကြီး ဒေါ်သိန်းသိန်းစိန် (B.A. B.Ed) (၇၃)နှစ်**
**အထက(၁၆၊ ၁၈၊ ၁၉) အထပြ(ငြိမ်း)**

မန္တလေးမြို့၊ အထက်မြန်မာပြည်မက်သဒစ်(စ)အသင်းတော်ဂိုဏ်းချုပ်ကြီး (ဦးဘိုးထွန်း-ဒေါ်ထွန်းပန်း)၊ [ဦးဘိုးလွင်(B.ES Co., Ltd၊ စက်ဗိုလ်)-ဒေါ်ဒွေးဥ] တို့၏မြေး၊ ဗိုလ်မှူးစိန်ထွန်း (လက်ထောက်စစ်ဥပဒေချုပ်-ငြိမ်း)-နော်ပါးဝိုက်(ခ) ဒေါ်မြလွင်တို့၏ဒုတိယသမီး၊ ဒေါ်ခင်ခင်စိန်-ဦးသောင်းဇေတို့၏ညီမ၊ ဒေါ်ကြည်ကြည်စိန်၊ ဒေါ်မြင့်မြင့်စိန်-ဦးဝင်းမြင့်၊ ဦးစိန်လွင်ထွန်း-ဒေါ်ဝေမာအေးတို့၏ ချစ်လှစွာသောအစ်မ၊ (ဦးကိုကြီး)၏ဇနီးသည် ၈-၄-၂၀၁၇(စနေနေ့) နံနက် ၅း၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၀-၄-၂၀၁၇(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူ ညီအစ်ကိုမောင်နှမများ

## မောင်တောခရိုင် ဝါးပိတ်ကျေးရွာတွင် မြေနေရာများဖော်ထုတ် ပေ ၄၀ × ပေ ၆၀ မြေကွက်များ ပြန်လည်ချထားပေးမည်

**မောင်တော မေ ၈**

မောင်တောမြို့နယ်အတွင်း ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၃ ရက် ညပိုင်းက မီးလောင်ပျက်စီးခဲ့သော ဝါးပိတ်ကျေးရွာတွင် စက်ယန္တရားများဖြင့် မြေနေရာများ စနစ်တကျဖော်ထုတ်လျက်ရှိပြီး မကြာမီပြန်လည်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ဝါးပိတ်ကျေးရွာရှိ အိမ်ခြေ ၃၁၈ လုံးအနက် ၂၈၉ လုံး ပျက်စီးဆုံးရှုံးခဲ့ရပြီး ယခုအခါတွင် ကျေးရွာရှိ မြေဧက ၂၄ ဧကပေါ်၌ အိမ်ခြေ ၃၀၀ ခန့်အတွက် စက်ယန္တရားများဖြင့် မြေနေရာများ ဖော်ထုတ်လျက်ရှိသည်။

ကျီးကန်းပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဇော်ဖြိုးထွန်းက "ဝါးပိတ်ကကျွန်တော့်ကျေးရွာအုပ်စုအပိုင်ပါ။ **စာမျက်နှာ ၈ ကော်လံ ၅ သို့ ✻**





ရန်ကုန်နှင့် ချင်းယူနိုက်တက်တို့ ယှဉ်ပြိုင်နေစဉ်။

## ထိပ်ဆုံးမှ ရန်ကုန် ကိုးပွဲဆက်နိုင်

**နေပြည်တော် မေ ၈**

၂၀၁၇ ဘောလုံးရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၁) ဒုတိယနေ့ကို ယနေ့ ညနေပိုင်းက ကွင်းသုံးကွင်း၌ ကျင်းပသည်။

**(အောင်ဆန်းကွင်း)**

ရန်ကုန် - သုံးဂိုး
ချင်းယူနိုင်တက် - နှစ်ဂိုး

အမှတ်ပေးဇယားထိပ်ဆုံးမှ ရန်ကုန်အသင်းသည် ချင်းယူနိုက်တက်အသင်းကို အပြန်အလှန်သွင်းဂိုးများဖြင့် အနိုင်ရပြီး ဒုတိယနေရာမှ ရှမ်းယူနိုက်တက်ကို ခြောက်မှတ်အသာဖြင့် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ချင်းယူနိုက်တက်အသင်းသည် ယခုပွဲရှုံးနိမ့်ခဲ့သည့်အပြင် GFA အသင်းအနိုင်ရခဲ့သောကြောင့် ဇယားအောက်ဆုံးသို့ ရောက်ရှိသွားခဲ့သည်။

ရာသီဝက်ချန်ပီယံ ရန်ကုန်အသင်းသည် ယခုပွဲတွင်လည်း အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ချင်းယူနိုက်တက်အသင်းမှာလည်း နိုင်ငံခြားသားသုံးဦးအပါအဝင် လူစုံခဲ့သည်။ ရန်ကုန်အသင်းသည် ပွဲစကတည်းက ဖိကစားနိုင်ခဲ့ပြီး ၁၂ မိနစ်တွင် ကျော်ကိုကိုက ထောင့်ကန်ဘောကိုတိုက်ရိုက်ကန်သွင်းကာ အဖွင့်ဂိုးရခဲ့ပြီး ယင်းဂိုးမှာ ကျော်ကိုကိုအတွက် ယခုရာသီတွင် **စာမျက်နှာ ၈ ကော်လံ ၅ သို့ ○**

## တရားခံပြေး အောင်ဝင်းခိုင်အား INTERPOL က အနီရောင်ကြေညာချက် ထုတ်ပြန်

**နေပြည်တော် မေ ၈**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပဆိုက်ရောက် ဂိတ်(၆)ရှေ့၌ ဇန်နဝါရီ ၂၉ ရက် ညနေပိုင်းက တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား ကြည်လင်းမှ သေနတ်ဖြင့် ပစ်ခတ်မှုဖြစ်စဉ်ဖြစ်ပွားခဲ့သဖြင့် မင်္ဂလာဒုံမြို့မရဲစခန်းက (ပ)၁၅၀/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အရေးယူဆောင်ရွက်ခဲ့သည်။

စစ်ဆေးချက်များအရ ပြစ်မှုကျူးလွန်ရာတွင်ပါဝင်ခဲ့သူ တရားခံပြေး အောင်ဝင်းခိုင် (၄၅)နှစ် (ဘ)ဦးအောင်သန်းသည် အမှုမှ ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် ၎င်းအားဖမ်းဆီးရမိရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့အထွေထွေအတွင်းရေးမှူးချုပ်ရုံး(INTERPOL)နှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ရာ မေ ၇ ရက်တွင် INTERPOL မှ ၎င်းအား အနီရောင်ကြေညာချက်(Red Notice) တရားဝင် ထုတ်ပြန်ထားရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



ရခိုင်ပြည်နယ် မောင်တောမြို့တွင် မဟာသင်္ကြန်ကာလ၌ ရေပက်ကစားနိုင်ရန် ရေကစားစရာအရုပ်၊ ရေပြွတ်ပစ္စည်းများ အရောင်းဆိုင်ကို မေ ၈ ရက်က တွေ့ရစဉ်။ *(ရာမည၊ တင်စိုး)*



မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးဂျာနယ်

ဧပြီ ၉၊ ၂၀၁၇ (တနင်္ဂနွေနေ့)

ဝတ္ထုတို

# အပျော်အပျက်

မောင်ငြိမ်းချမ်း (ခရမ်းမြေ)

သင်္ကြန်အကြို ရှေ့ပြေးပန်းကလေးတွေဖြစ်သော ပိတောက်ဝါလေးတွေ ပင်ယံမှာ ဖူးပွင့်ချေပြီ။ မြူးထူးစွာ ဖူးပွင့်နေသော ပိတောက်ရွှေဝါလေးတွေကြည့်ကာ ရင်ထဲကြည်နူးရပေသည်။ ပိတောက်ရနံ့ သင်းပျံ့မှုနှင့်အတူ လွန်ခဲ့သောနှစ်က ဖြစ်ပျက်ခဲ့သော အရိပ်ဆိုးအတိတ်ကြောင်းက ရင်ထဲကိုဝင်ရောက်ကာ အတွေးအိမ်ကိုခြောက်လှန့်စေခဲ့၏။

"မောင်မောင်ရေ မောင်မောင်"

အိမ်ရှေ့ခြံဝမှ အသံပြဲကြီးနှင့် အော်ခေါ်နေသော သူငယ်ချင်း အောင်ထူး၏အသံကို ကြားလိုက်ရ၏ ။

"ခဏလေး အောင်ထူးရေ ငါပြီးတော့မယ်ဟ။ လာကွာ အိမ်ထဲဝင်ပြီး ခဏထိုင်စောင့်ဦး"။

သင်္ကြန်ရောက်တိုင်း သူငယ်ချင်းတွေစုဖြစ်ကာ ကိုယ့်ရွာမဏ္ဍပ်တွင် ခဏပဲရေကစားကြပြီး ဘေးပတ်ဝန်းကျင် မဏ္ဍပ်များသို့ ရေပက်ခံထွက်ကြတာ အလွန်ပျော်ဖို့ကောင်းသည်။ မူးတဲ့သူကလည်း မူးတယ်။ မွှေတဲ့သူကလည်းမွှေ၏။ ကျွန်တော်တို့အဖွဲ့အတွက် သင်္ကြန်ရက်လေးတွေ ကုန်ဆုံးသွားမှာကို အတော်စိုးရိမ်မိသည်။

"လာပါဟ မောင်မောင်ရ။ ဟိုကောင်တွေ လမ်းထိပ်က မဏ္ဍပ်မှာ စောင့်နေကြပြီ"။ လောနေသောအောင်ထူးကြောင့် ဆိုင်ကယ်ပေါ် အမြန်တက်ခွလိုက်ရသည်။

"ဝူး"ခနဲ မောင်းထွက်လိုက်သော အောင်ထူးကို ဖြည်းဖြည်းမောင်းဖို့ သတိပေးလိုက်ရသေးသည်။ အရှိန်ပြင်းပြင်းနဲ့မောင်းတာကို ကျွန်တော်တအားကြောက်၍ သူငယ်ချင်းတွေ နင်းကန်မောင်းနေတာတွေ့လည်း အမြဲသတိပေးသည်။

"ဟေး - ဟေး" အသံနှင့်အတူ ရေးလုံးကြီးတွေ မျက်နှာဆီ အပြေးဝင်လာသည်။ မျက်နှာတစ်ပြင်လုံး စပ်ဖျဉ်းဖျဉ်းဖြစ်သွားသလိုခံစားလိုက်ရ၏။

ပြုံးဖြီးဖြီး စပ်ဖြဲဖြဲ မျက်နှာပေးတွေနဲ့ တက်ကြွနေသော အောင်ကြီးနှင့် အာကြီးတို့နှစ်ယောက်သား လမ်းထိပ်ရှိ ရေသဘင်မဏ္ဍပ်အကွယ်ကနေ ခွက်စောင်းခုတ်လိုက်ခြင်းပင်။

"တောက် တော်တော်ဆိုးတဲ့ ကောင်တွေပဲကွာ"

အောင်ထူး အပြောကြောင့် ကျွန်တော် ရယ်ချင်သွားတယ် ။ တစ်ဖွဲ့လုံးမှာ အောင်ထူးက အဆိုးဆုံး အပေဆုံးမို့ အားလုံးက လက်မြှောက်အရှုံးပေးခံထားရတဲ့သူ။ ခုသူပြောလိုက်တဲ့ စကားနဲ့ကတော့ လုံးဝဆန့်ကျင်ဘက် ။

"တို့ကောင်တွေ ဒီနေ့ ဘယ်သွားကြမလဲ"

အောင်ထူးကစကားစလိုက်သည်။ သင်္ကြန် အကြတ်နေ့ဆိုတော့ ဘယ်နေရာဖြစ်ဖြစ် စည်ကားနေမှာတော့ အမှန်ပင်။

"ဟေ့ကောင် အောင်ကြီး မင်းဘယ်သွားချင်လဲ"

ဘက်တူသောအောင်ကြီးကို အောင်ထူးက မျက်စပစ်ကာ မေးလိုက်သည်။

"အင်း တို့ကောင်တွေ သန်လျင်ဘက်သွားမယ်ကွာ။ လမ်းတစ်လျှောက်မှာရှိတဲ့ မဏ္ဍပ်တွေမှာလည်း ရေဝင်ကစားလို့ရသေးတယ်"။

အားလုံးသဘောတူ လက်ခံလိုက်ကြသည်။ ကိုယ်စီပျော်ရွှင်မှုလေးတွေနဲ့ ပြုံးရွှင်နေကြ၏ ။

"ဟေ့ကောင်တွေ သိပ်မလန်းဘူးကွ။ ရှေ့ရွာရောက်ရင် နည်းနည်းလောက် ရဲဆေးတင်ရအောင်"။

အရက်ကြိုက်သော အာကြီးက တစ်လမ်းလုံးသောက်ဖို့ပဲ ပြောနေ၍ အားလုံးသဘောတူလိုက်ကြသည်။ ရေဆော့နေသော ကလေးများနှင့် လမ်းတစ်လျှောက်ပြည့်ကျပ်နေ၍ ဆိုင်ကယ်ဖြည်းဖြည်းမောင်းကြဖို့ ကျွန်တော်သတိပေးလိုက်သည်။

"ဆိုင်ရောက်ပြီဟေ့ ပျော်လိုက်တာ ပျော်လိုက်တာ" စိတ်အားထက်သန်သော အာကြီးက တက်ကြွနေသည်။ ဝီစကီတောင့်တစ်လုံးနှင့် ကြွက်ကြော် အမြည်းမှာယူကာ သူတို့သုံးယောက်သား ကြွက်တွင်းရေလောင်းသလို သောက်စားနေကြတာကိုကြည့်၍ ကျွန်တော်လည်း ပျော်ရွှင်ရသလို စိတ်လည်းပူမိသည်။ အရက်ပြင်းတွေ မသောက်နိုင်သော



ကျွန်တော်ကတော့ အအေးဘူးသောက်ရင်း ထိုင်စောင့်နေလိုက်တယ်။

"ပျော်သလားဟေ့ မောင်တို့ရေ"

"ပျော်တယ်ဟေ့ ပျော်တယ်ဟေ့" အရှိန်လေးလည်းရ စကားတွေလည်းသွက်လာတယ်။ တော်သေးတယ်။ ကျွန်တော်ကသောက်မထားလို့။ လူငယ်တွေဆိုတော့ နည်းနည်းလေးအမှားမခံ။ သောက်စားသူချည်းပဲမို့ တက်နင်းမိတာတို့ ဘေးကိုလဲပြိုကျတာတို့ဆို ရန်ဖြစ်ချင်ကြ၍ ကလေးထိန်းသလို ကျွန်တော့်မှာ မနည်းထိန်းနေရပေ၏။

တစ်ရွာဝင်တစ်ရွာထွက်ဆိုတော့ ရေကစိုလိုက်ခြောက်လိုက်ဖြစ်နေ၏။

"ဟေ့ကောင်တွေ ဟေ့ကောင်တွေ ရှေ့ကရေအိုင်လေးက ရေကြည်တယ်ကွ။ တို့တွေ ရေဆင်းကူးရအောင်။ ဒီအတိုင်းတော့ မကောင်းဘူးကွ။ ရေကူးပြိုင်ကြမယ်ကွာ။ ရှုံးတဲ့သူက သန်လျင်ရောက် တစ်ဝိုင်းရှင်းရမယ်ကွာ။ ဒါလောင်းကြေးပဲ အားလုံးသဘောတူလား"။

တစ်ယောက်ထဲပြောနေသော အာကြီးက အားလုံးကို လှည့်မေးလိုက်သည်။

ကျန်နှစ်ကောင်က ဘာပြောကောင်းမလဲ သဘောတူတော့တာပေါ့။

"ကဲ မင်းတို့ကူးချင်တယ်ဆိုလည်း ခဏပဲကူးကြကွာ။ မင်းတို့ကမူးနေတာ တအားအန္တရာယ်များတယ်ကွ"

"စိတ်ချပါ သူငယ်ချင်းရာ ငါတို့တွေ ခဏပဲကူးမှာပါကွာ" အားလုံးတစ်သံတည်း ထွက်လာသည်။

"အေးအေး ကူးမယ်ဆိုလည်း အမြန်ကူးတော့ အချိန်လင့်နေမယ်"။

ကျွန်တော့်စကား မဆုံးလိုက်ပါ။ "ဗုန်း" ဆိုတဲ့ အသံနဲ့အတူ မျောက်လောင်းသုံးကောင်က ကန်ထဲရောက်နေကြပြီ။ ကျွန်တော့်မှာ ရင်တမမနဲ့စိတ်ပူနေရတယ်။ အရက်သမားတွေကြားမှာ အရက်မသောက်သူပါလျှင် သူတို့အတွက်လည်း စိတ်ရှုပ်အားနာရသလို ကိုယ့်အတွက်လည်း စိတ်ကျဉ်းကျပ်ရပေသည်။

"ဟေး. . . အောင်ထူး ရှုံးပြီကွ။ ပျော်လိုက်တာ ပျော်လိုက်တာ သန်လျင်ရောက်တိုက်ဖို့သာ ပြင်ထားပေတော့ "ရေကူးတာ ရှုံး၍ အောင် ထူး မျက်နှာက ညစ်တစ်တစ်ဖြစ်နေသည်။ သန်လျင်ကမရောက်သေး။ နေကအတော်စောင်းနေပြီ။ လမ်းမှာပဲအချိန်တွေ အတော်ကြာသွားတယ်။ နာရီဝက်လောက် မောင်းရင်တော့ သန်လျင်ကို ရောက်တော့မည် ။

"ဟေ့ကောင်တွေ ခဏရပ်ကြဦး။ ငါ့ဆိုင်ကယ်နောက်ဘီးပေါက်သွားပြီ။ ဒုက္ခပါပဲကွာ။ ဒီနားမှာ ဆိုင်ကယ်ပြင်ဆိုင်လည်း မတွေ့ဘူး"။ အောင်ထူးနှင့် ကျွန်တော်စီးလာသော ဆိုင်ကယ်က ဘီးပေါက်၍ စိတ်အညစ်ကြီးညစ်ရသည်။ "ဘယ်လိုလုပ်မလဲကွာ။ ငါလိုက်လို့မရတော့ဘူး"။ အောင်ထူးရဲ့ ညစ်တစ်တစ်လေသံက သနားစရာ။

"ဟေ့ကောင် မရဘူး မရဘူး။ မင်းမလိုက်လို့မရဘူး။ ဘာလဲ။ မင်းငါတို့ကို ရှုံးထားတာ မတိုက်ချင်လို့လား"။

"ငါမတိုက်ချင်လို့ မဟုတ်ပါဘူးကွာ။ ဆိုင်ကယ်ဖြစ်သွားတာ မင်းတို့လည်း သိသားနဲ့ကွာ"။ သူငယ်ချင်းတွေပျော်ရွှင်နေတာကို အပျော်လေးတွေ မပျက်စီးစေချင်ပါ။

"ကဲပါ အောင်ထူးရာ မင်းလိုက်သွားလိုက်။ ငါဆိုင်တွေ့ရင် ကျွတ်လဲပြီး နောက်ကလိုက်လာခဲ့မယ်ကွာ"။

ကျွန်တော်ပြောလိုက်တော့မှ ဒီကောင်တွေ မျက်နှာကဝင်းပလာသည်။ "ကျေးဇူးပါသူငယ်ချင်းရာ ငါတို့စောင့်နေမယ်ကွာ မင်းအေးဆေးလိုက်လာခဲ့"။

ပြောပြောဆိုဆို အောင်ထူးက ဟိုနှစ်ကောင်ဆိုင်ကယ်ပေါ် တက်ခွလိုက်သည်။

"သုံးယောက်တောင်နော် ဖြည်းဖြည်းလည်းစီးကြဦး။ သန်လျင်ထိပ်ကနေစောင့်နေ ငါအမြန်လိုက်လာခဲ့မယ်"။

စိတ်မချ၍ ကျွန်တော်မှာလိုက်တော့

"အေးပါ သူငယ်ချင်းရာ ငါတို့စောင့်နေမယ် မင်းလာမှ ငါတို့သောက်မှာ"။

အပြေးအလွှား မောင်းထွက်သွားသောဆိုင်ကယ်လေး မြင်ကွင်းက ပျောက်တယ်ဆို ကျွန်တော်လည်း ဆိုင်ရှိရာသို့ တရွေ့ရွေ့ တွန်းရလေတော့သည်။

မှောင်ရိပ်တောင်ကျနေပြီ။ ဆိုင်ကယ်က အခုမှပြင်လို့ပြီးတယ်။ ဟိုကောင်တွေ မျှော်နေတော့မှာပဲဆိုပြီး ကျွန်တော် ဆိုင်ကယ်ကို လီဗာတင်ကာ အမြန်မောင်းလိုက်သည် ။

ရှေ့နားမှာ လူတွေအတော်အုံနေတယ်။ သင်္ကြန်ဆော့အပြီးအပြန်ကားတွေ ဆိုင်ကယ်တွေနဲ့ ခြောက်လမ်းသွားလမ်းမကြီးက ကျဉ်းသွားသယောင်။

"ဆိုင်ကယ်တိုက်တာဟေ့ နှစ်ယောက်ကတော့ ပွဲချင်းပြီးပဲ ရွာလမ်းသွယ်ကထွက်လာတဲ့ ဆိုင်ကယ်နဲ့ လမ်းပေါ်က ဆိုင်ကယ်နှစ်စီးတိုက်မိတာ"။ အနားက လူကြီးတစ်ယောက်စကားသံကြောင့် ဆိုင်ကယ်ခဏရပ်ကာ ကျွန်တော်ဆင်းကြည့်လိုက်သည်။

လူအုပ်ကြီးကို မနည်းတိုးယူရသည်။ ကျွန်တော့်မျက်လုံးတွေ လုံးဝမယုံကြည်နိုင်ဖြစ်သွားတယ်။ မျက်စိများဝါးတာလားဆိုပြီး လက်ဖမိုးနဲ့ အားကုန်ပွတ်လိုက်တယ်။

"ဟာ" မမှားဘူး သေချာသွားပြီ။ အလောင်းနှစ်လောင်းဘေးမှာ အောင်ကြီး စိတ်ပျက်လက်ပျက်ထိုင်နေတာလေ ။

ကျွန်တော်အောင်ကြီးနားရောက်သွားတော့ မျက်လုံးလေးပြူးကာ အရူးတစ်ယောက်လို ဖြစ်နေတယ်။

"ဟေ့ကောင် အောင်ကြီး ဘယ်လိုဖြစ်တာလဲကွာ။ ဘယ်လိုဖြစ်ရတာလဲကွာ"။

အောင်ကြီးဆီက အဖြေပြန်မလာပါ။ ဟိုနှစ်ကောင်ဆီ ကျွန်တော်ရောက်သွားတော့လည်း အနားကပ်လို့မရ။ မျက်နှာတွေ ဖူးရောင်ကာ ရုပ်ပျက်ဆင်းပျက်မို့ ဘယ်လိုမှ မမှတ်မိတော့။ ခြေတွေလက်တွေလည်း ကောက်ကွေးကျိုးပဲ့နေပြီ။ ကျွန်တော့်ရင်တွေ ဘယ်လိုမှမခံစားနိုင်။ ဒူးထောက်ချပြီး အောင်ကြီးကိုဖက်ကာ အားရပါးရငိုချလိုက်တယ် ။

"ငါလိုက်လာပြီလေ။ ငါ့ကိုစောင့်နေမယ်ဆို ငါတားခဲ့ရမှာကွာ။ ငါ့ကိုခွင့်လွှတ်ပါကွာ"။

ကျွန်တော့်ရင်တွေ တအားပိတ်လှောင်နေတယ်။

ပျော်စရာအတိကနေ အမှောင်အတိကျလေပြီ။

ပျော်စရာသင်္ကြန်ရယ် မူးယစ်သောက်စားမှုကြောင့် ဘဝနှစ်ခု ပေးဆပ်လိုက်ရချေပြီ။

"အပျော်ကနေ အပျက်ဖြစ်ခဲ့ရပြီကွာ"

ကျွန်တော့်ရင်ထဲက စကားတွေကိုတော့ အောင်ထူးနှင့် အာကြီးတို့ ကြားနိုင်တော့မယ်မထင်ပါ။ ။

## မျိုးဆက်သစ်ရင်ပြင်ကဏ္ဍ တစ်ပတ်ရပ်နားမည်

မြန်မာ့နှစ်သစ်ကူးမဟာသင်္ကြန်ကာလ ဧပြီ ၁၅ ရက်နှင့် ၁၆ ရက်(တနင်္ဂနွေနေ့) တို့တွင်ကြေးမုံသတင်းစာ ခေတ္တရပ်နားမည်ဖြစ်သည့်အတွက် ကြေးမုံသတင်းစာမှ တနင်္ဂနွေနေ့တိုင်းအပတ်စဉ်ဖော်ပြနေသည့်မျိုးဆက်သစ်ရင်ပြင်ကဏ္ဍကိုလည်း တစ်ပတ်ရပ်နားသွားမည်ဖြစ်ကြောင်း ကြေးမုံသတင်းစာဖတ်ပရိသတ်များနှင့် မျိုးဆက်သစ်လူငယ်ကလောင်ရှင်များကို လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။

မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

ဆောင်းပါး



ရောင်နီ(အဖျောက်)

# ဘာသာတွဲများရွေးကြရာဝယ်

မကြာမီပင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်စတင်တော့မည်ဖြစ်သည်။ ကျောင်းစဖွင့်မည်ဆိုသည်နှင့် အဋ္ဌမတန်းမှ နဝမတန်းသို့ စတက်တော့မည့် ကျောင်းသားကျောင်းသူများအနေဖြင့် ကြုံတွေ့ရမည့်အခက်အခဲကတော့ ဘာသာတွဲများယူခြင်းဖြစ်သည်။ အင်္ဂလိပ်စာအားနည်းသည့် ကျောင်းသား ကျောင်းသူများ၊ စီးပွားရေးဝါသနာပါသည့်ကျောင်းသား ကျောင်းသူများ၊ ဆေးဘက်ဆိုင်ရာ ဝါသနာမပါသည့်ကျောင်းသား ကျောင်းသူများသည် ဝိပ္ပံဘာသာတွဲကို ယူချင်သော်လည်း မိဘများ၏ဖွတ်အတင်းခိုင်းစေမှုကြောင့် သူတို့စိတ်မဝင်စားသော သိပ္ပံဘာသာတွဲကို ယူကြရသည်။ အချို့သောမိဘများသည် မိမိတို့သားသမီးများ၏ ဉာဏ်ရည်အဆင့်အတန်းကိုမကြည့် မိမိတို့၏သဘောဆန္ဒကိုသာ အကောင်အထည် ဖော်နေကြသည်။

မိဘများအနေဖြင့် ကလေးများ၏ ပင်ကိုစွမ်းရည် ဝါသနာရည်မှန်းချက်များကိုလေ့လာပြီး သိမ်မွေ့စွာလမ်းညွှန်ပြသပေးသင့်သည်။ အားပေးအားမြှောက်ပြုရပါမည်။ ကလေးများအပေါ်တွင် အဆမတန်မျှော်လင့်တာမျိုးမလုပ်သင့်ပါ။ အချို့သောမိဘများသည် ဉာဏ်ရည်နိမ့်သော မိမိတို့၏သားသမီးများကို ဂုဏ်ထူး ၄-၅ ဘာသာမျှပါအောင် ခန့်မှန်းထားကြသည်။ ထိုကလေးသည် အစမ်းစာမေးပွဲများ၌ သာမန်မျှသာ အောင်သောအခါ မိဘများသည် အားပေးအားမြှောက်မှုမရှိဘဲ မိမိတို့မျှော်လင့်ထားသည့်အတိုင်း ဖြစ်မလာသောကြောင့် ကလေးငယ်ကို ဆူပူကြိမ်းမောင်းခြင်းများရှိလာသည်။ ထိုအခါ ကလေးငယ်သည် မိမိ၏ကြိုးစားမှုအပေါ် အသိအမှတ်ပြုမခံရသောအခါ စိတ်ဓာတ်ကျဆင်းသွားကာ ပညာရေးဘက်၌ ယုတ်လျော့သွားနိုင်သည်။

“စိတ်အားထက်သန်မှုမရှိဘဲ ဘယ်လိုကြီးမားတဲ့ အောင်မြင်မှုမှမရနိုင်” ဟု အီမာဆင်ကပြောခဲ့သည်။ အမှန်ပင်ဖြစ်သည်။ သေးငယ်သော အောင်မြင်မှုပင်လျှင် စိတ်အားထက်သန်မှုမရှိလျှင် မအောင်မြင်နိုင်ပေ။ ကျွန်တော့်ကိုယ်တွေ့တစ်ခု ပြောပြချင်သည်။

ထိုကျောင်းသားသည် စာအတော်ဆုံး မဟုတ်သော်လည်း အညံ့ဆုံးစာရင်းတွင် မပါဝင်ချေ။ သို့သော် သူသည် အင်္ဂလိပ်စာအခြေခံအားနည်းသူဖြစ်သည်။ သူသည် နဝမတန်းတုန်းက မိဘဆန္ဒအတိုင်း သိပ္ပံဘာသာတွဲကိုယူခဲ့သည်။ ယခု ဒသမတန်းတွင် သူသည် Bio ဘာသာကိုမကျက်နိုင်သောကြောင့် အလွယ်တကူ အမှတ်များများရနိုင်သည့် Eco ဘာသာတွဲကိုပြောင်းချင်သည်။ သို့သော် မိဘများကခွင့်မပြုခဲ့ပေ။ Bio ဘာသာကိုသာ အတင်းယူခိုင်းသည်။ ကျွန်တော်သည် ထိုကျောင်းသား၏ ဝါသနာကိုမေးကြည့်သည် စီးပွားရေးတက္ကသိုလ်တက်ချင်သည်ဟုပြော၏။ သူ၏ပညာအရည်အချင်းအရ ကြိုးစားလျှင် သူတက်ချင်သောတက္ကသိုလ်ရောက်ရန် အလားအလာရှိသည်။ သို့သော် ထိုကလေးသည် သူမကျက်နိုင်သော သိပ္ပံဘာသာတွဲကို မိဘဆန္ဒအရယူရသောကြောင့် Bio ဘာသာသည် သူ့အတွက်အခက်အခဲကြီးတစ်ခုဖြစ်နေပေသည်။ ထိုအခက်အခဲကို အခြားဘာသာအချိန်များမှ အချိန်ယူဖြေရှင်းနေရသောကြောင့် အခြားဘာသာများတွင် အမှတ်များစွာရနိုင်သော်လည်း အောင်မှတ်မျှပင်ရခဲ့သည်။ လပတ်စာမေးပွဲတော်တော်များများတွင်လည်း သူသည် Bio ဘာသာကိုသာ အကျများခဲ့သည်။ ဤသို့ဖြင့် တစ်နှစ်တာပတ်လုံး သူအားနည်း၍ မကျက်နိုင်သောဘာသာတွဲကိုသာ အချိန်ယူဖြေရှင်းနေရင်းဖြင့် နောက်ဆုံးစာမေးပွဲတွင် စုစုပေါင်းအမှတ် ၂၀၀ ကျော်ဖြင့်သာ အောင်မြင်ခဲ့သောကြောင့် သူတက်ချင်သော တက္ကသိုလ်ကို တက်ခွင့်မရတော့ချေ။ အကယ်၍ ထိုကျောင်းသားသည် မိဘများ၏အတ္တဆန္ဒကိုမလိုက်လျောဘဲ မိမိနိုင်မည့် ဘာသာတွဲကိုသာ ယူခဲ့လျှင်သူတက်ချင်သောတက္ကသိုလ်ဝင်ခွင့်ကို ရှိနိုင်မည်ဖြစ်သည်။

သို့သော် ဤသို့သောမိဘများသည် သားသမီးများ၏ဘဝကို ပုံဖော်နေခြင်းမဟုတ်ဘဲ မိမိတို့၏အတ္တကို ပုံဖော်နေခြင်းသာဖြစ်သည်။ လူတို့သည် ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးရာ၌ ထိုဖန်တီးမှု၏ အကျိုးအပြစ်ကိုခံစားရသည့်အခါ တုန်လှုပ်ခြင်းနည်းပါးတတ်သော်လည်း သူတစ်ပါးပယောဂကြောင့် နစ်နာခံစားရသည့်အခါ ပို၍နာကျင်တတ်ကြသည်။ စင်စစ်တွင်မိဘများသည် လမ်းညွှန်ပြသပေးသူသာဖြစ်သင့်၍ ဆုံးဖြတ်သမှာ ကာယကံရှင်သားသမီးများသာ ဖြစ်သင့်သည်။

ထို့ကြောင့် မိဘများသည် မိမိတို့၏သဘောဆန္ဒကို ရှေ့တန်းမတင်ဘဲ သားသမီးများ၏ သဘောဆန္ဒကို ဦးစားပေး၍ ပြေပြေလည်လည်ညှိနှိုင်းတိုင်ပင်သင့်သည်။ လူငယ်တို့၏ ဘဝရေးရာဖြစ်သဖြင့် သူတို့ဘဝတစ်သက်တာ စိတ်ချမ်းမြေ့စေရန်အတွက် လူငယ်များ၏ကောင်းမွန်သော ဝါသနာနှင့်ရည်မှန်းချက်ကို တတ်နိုင်သလောက် လိုက်လျောသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## သကြၤန်ပိုး

ရွာက ရွာအလိုက်
မြို့က မြို့အလိုက်
အောတိုက်အောင် ပျော်ရွှင်ကြ
ရေကစားပွဲ
အလှတရားလည်းပါ
ရိုးရာနဲ့ ဆင့်နွှဲ
အရွယ်မရွေးဘဲ ကခုန်ကြ
တစ်နှစ်မှတစ်ခါ
ပိတောက်ရွှေဝါရနံ့မြူး
မဟာမဏ္ဍပ်များနဲ့
အထူးနှစ်သက်
တူးပို့ တူးပို့သံ ကြားရရင်
မနေနိုင်ဘူး
မငြိမ်နိုင်ဘူး
နှစ်ဦးသကြၤန်ပိုး မရိုးနိုင်အောင်
မိုးရေပက်ဖျန်း လှမ်းကြစို့။

ရိုးတံ(ပုလဲနယ်)

## ငါတို့အားလုံးရဲ့ သကြၤန်

သကြၤန် . . .
တရော်ကင်ပွန်းတွေအစား
ရှန်ပူထုပ်တွေက နေရာယူခဲ့ပြီ . . .
သကြၤန် . . .
ငွေဖလားနဲ့ သပြေခက်တွေအစား
ရေသေနတ်နဲ့ရေပိုက်တွေက နေရာယူခဲ့ပြီ . . .
သကြၤန် . . .
ယဉ်ကျေးသိမ်မွေ့မှုတွေအစား
ရက်ကြောက်တရားတွေလွင့်ပါးကုန်ပြီ . . .
သကြၤန် . . .
အညစ်အကြေးတွေဆေးရမယ့်အစား
အညစ်အကြေးတွေပွား လမ်းတွေမှားကြပြီ . . .
ကုသိုလ်ရွှေဆန် သိမ်မွေ့မှုတွေကျန်မယ့်အစား
မူးရူးရမ်းကား လော်လည်မှုတွေနေရာယူခဲ့ပြီ . . .
တူးပို့နဲ့သံချပ်တွေအစား
ဝုန်းဒိုင်းဆူညံနားမနိုင်စရာတွေ နေရာယူခဲ့ပြီ . . .
တကယ်ပါ . . .
ဒို့ရိုးရာ ဒို့ဓလေ့ ဒို့သိမ်မွေ့မှု ပိုလှမှာ
ဒို့ရိုးရာ ဒို့နှစ်သစ် ဒို့တွေချစ်မှ ပိုလှမှာ
ဒို့ရိုးရာ ဒို့ဂုဏ်ဝင် ဒို့ပန်ဆင်မှ ယဉ်ကျေးမှာပါ။

အလင်းသစ်(ရွှေဆည်မြေ)

## ပိတောက်ပန်း

နွေမိုးအုံ့ဆင် တိုင်းရှစ်ခွင်
ရွာလျှင်လေသွေး မိုးစက်အေး
အေးတယ်လေ့ အေးတယ်လေး။
ငွေမိုးရေဖျန်း ပိတောက်ပန်း
လန်းဆန်းလွင့်အာ ဝင်းဝင်းဝါ
ဝါတယ်လေ့ ဝါတယ်လေး။
ဖူးသစ်ဝေဆိုင် ပိတောက်ခိုင်
လှိုင်လှိုင်ဖြာသွေး နံ့ကြွယ်မွှေး
မွှေးတယ်လေ့ မွှေးတယ်လေး။
ပိတောက်ပန်းကို ပန်ချင်လို
ခင်ပျိုချစ်ဦး ပန်ဖို့ခူး
ခူးတယ်လေ့ ခူးတယ်လေး။
ပန်းခက်ကိုင်ကာ ပျို့ကိုရှာ
ရင်မှာပိုက်ထွေး ပန်ဖို့ပေး
ပေးတယ်လေ့ ပေးတယ်လေး။
ပိတောက်ဝါရွှေ မောင်ခူးခြွေ
ပျိုမေပန်မှ တင့်တယ်လှ
လှတယ်လေ့ လှတယ်လေး။ ။

ဝန်းလက်

## သကြၤန်အကြိုရနံ့

လမ်းတစ်လျှောက်မှာဖြင့်
ပန်းပိတောက်အဖူးတွေ
တန်ခူးလေဆော်ညင်း
သင်းပျံ့ကြိုင်ဝေ။
ဂိမှာန်နွေ
ကြွေကြွေရွက်ဝါများ။
မြေဝဋ္ဋာအပူဓာတ်ကို
ဝသန္တာအလည်လာဖြတ်ပြန်တော့
အငွေ့တသက်သက်ရယ်နဲ့
ရနံ့တလှပ်လှပ်ကယ်မို့
သကြၤန်ရက်မတိုင်မီမှာဖြင့်
အလှုံ့တက်ကြိုင်စီဝေတဲ့
သရဖီကံ့ကော်ပန်းတွေနဲ့
အညာလမ်းတမာတန်းတွေရယ်
လန်းဆန်းဝင့်ကြွား။

ဇာနည်အောင်(မန္တလေး)

## နွေဦးပိတောက်

အတာသကြၤန်
အလှမာန် အကြိုထောက်။
နွေဒဏ်ကို တော်လှန်
ပင်ယံမှာ အဝါရောင်သမ်းရဲ့
ပန်းရွှေပိတောက်။
တစ်နှစ်တစ်ခါ
လှသစွာ အလည်ရောက်။
ဂိမှာန်ကို အလှဆင်
သူ့အသွင် ဝင့်ဝါဖူးရဲ့
နွေဦးပိတောက်။ ။

အထဝါစိုး(မန္တလေး)

## ကဗျာလက်ဆောင်

တစ်နှစ်ကူးပြန်တော့
ဘာထူးလဲ သင့်မှာ။
ဆံပင်ဖြူ ခါးကကိုင်း
နားထိုင်းဦးမှာ။
အနှစ်မပါ
အချစ်ရှာလို့ နေမြဲ။
ခရီးဆုံးကာမှ
ပုတီးကုံး လည်မှာဆင်လို့
လူမြင်ရာ အဟုတ်မှတ်အောင်
ဇာတ်ရှုပ်ချင်ဆဲ။ ။

ကိုကြီး(ဆောင်းနှင်းဆီ)

## ချစ်သော သကြၤန်

တန်ခူးလေအေး ဖြည်းဖြည်းလေးမြူး
ထူးတဲ့အတာ ဒီချိန်ခါမှာ
ဝါဝါပိတောက် ငုဝါဖောက်လို့
တူးပို့သံသာ သူငါရွှင်မြူး
နှစ်သစ်ကူးကို ရယ်မြူးကြိုကြ
စ,နှောက်,ကလို့ ဆိုကြတီးကြ
ကကြည်ညီယိမ်း ရင်မှာငြိမ်းပို
ရေတွေစိုလည်း မငြိုငြင်ဘူး
မြူးမြူးပျော်ပျော် နွှဲမယ်နော်လို့
ပျော်စို့သကြၤန် တို့သကြၤန်။

သုမေ(ကျိုက်လတ်)

## ရိုးရာပွဲမို့ထိန်းသိမ်းစို့

ခိုင်လုံးဝါပိတောက်ပန်း
ဖူးပွင့်တင့်ဆန်း
တန်ခူးရယ်အရောက်
ရေသဘင်ပွဲကစောင့်
သရုပ်ပျက်လည်း မဝတ်စေချင်
သေရည်သောက်ကြူး
မပျော်မြူးဘဲ
ယဉ်ကျေးရှုဖွယ်
ပျော်ကြမယ် . . . မောင်နမတို့ရယ်
ရိုးရာသကြၤန်ဆိုတာက
အေးမြချမ်းငြိမ်းစေဖို့ဗျ
ရှုတိုင်းတင့်လို့ အားကျဖွယ်
ယဉ်ကျေးပျူငှာပျော်ကြမယ်
ရိုးရာအမွေလည်း မပျက်ဖို့
ဝိုင်းထိန်းသိမ်းကြစို့ . . .။

လင်းသူ(ခရေတော)

# အဆိပ်

မိုးကျော်စိုး(မကွေး)

ပြန်ပြောလျှင် အဖေနှင့်ပတ်သက်၍ ရယ်စရာများစွာ ကျွန်တော့်တွင် ရှိခဲ့သည်။ ထိုနေ့က အဖြစ်အပျက်သည် ဧရာဝတီတိုင်း ကျောင်းကုန်းမြို့ တံခွန်တိုင်စံပြရွာ စပါးအထွက်တိုးစခန်း၌ အုပ်စုမန်နေဂျာရာထူးဖြင့် အဖေ တာဝန်ကျစဉ် အတူလိုက်နေရင်းရရှိခဲ့သည့် အတွေ့အကြုံ။ အဲဒီတုန်းကတော့ အမှန်တကယ် ရယ်ဖို့မကောင်းခဲ့။ ရယ်ရွှင်ဖို့ နေနေသာသာ စိတ်ပျက်ဒေါသဖြစ်နေသော အဖေ့မျက်နှာကို စေ့စေ့မှ မကြည့်ရဲခဲ့ပါ။

စနေ၊တနင်္ဂနွေကဲ့သို့ သာမန်ရုံးပိတ်ရက် တစ်ရက်။ မွန်းလွဲ ၂ နာရီခန့်ဖြစ်လိမ့်မည်။ စာရေးဆရာချစ်ဦးညို၏ လက်ာဒီပချစ်သူ စာအုပ်ထွက်ခါစ။ အဖေက ထိုဝတ္ထုကို သဲကြီးမဲကြီး ဖတ်နေချိန်တွင် အဖေ့တပည့်က ရုံးပေါက်ဝ၌ သန့်ရှင်းရေး ဆောင်ရွက်နေသည်။ ကျွန်တော်က အဖေ့ပက်လက်ထိုင်ခုံအနီး ခွေးခြေပုလေးတွင် အင်္ဂလိပ်ဝေါဟာရများကို တစ်လုံးပြီးတစ်လုံး ပျင်းပျင်းရိရိ ကျက်နေမိသည်။ အဖေ ဆေးလိပ်ယူပေးရဦးမလားဟု ကျွန်တော်မေးတော့ စာအုပ်မှ မျက်နှာခွာကာ ခပ်စူးစူးကြည့်သည်။ ထို့နောက် စာဆက်ဖတ်သည်။ ကိုယ့်ကျောင်းစာ ကိုယ်ကျက်ဆိုသည့် သဘော။ ကျွန်တော် လိပ်ပြာမလုံ။ စနိုးစနောင့် ဖြစ်သွား၏။ အဖေက မလိုအပ်ဘဲ မပြော။ တစ်ခုခုကို ဝင်စားနေလျှင် သို့မဟုတ် စိတ် မကြည်လင်သည့်အခါ ကျွန်တော့်ကို မျက်လုံးများဖြင့် စကားပြောသည်။ ဒါဆိုရင် မိုးကျော် မင်းနားလည်တော့။

ထိုခဏ လူကြီးတစ်ဦးသည် ကျွန်တော်တို့ဆီ ဦးတည်၍လာသည်။ နေစား၍ အကွက်မပေါ်သည့်အင်္ကျီနှင့် ပုဆိုးတိုတို။ ပလိုင်းလွယ်၊ နှီးဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းလျက်။ ဘာကူညီရမလဲခင်ဗျာဟု အဖေ့တပည့်က ခရီးဦးကြိုတော့ ပြန်ပြောသော ထိုဦးကြီး၏အသံကို မကြားလိုက်ရ။ “ဆရာဦးရဲ့ ပိုးသတ်ဆေး လိုချင်လို့တဲ့”ဟု အဖေကြားလောက်ရုံ တပည့်က တစ်ဆင့်ပြန်ပြောသည်။ ဒေသခံများက ရိုသေမှုဖြင့် ဆရာနှင့် ရော၍ ဦးတပ်ကာ အဖျားဆွတ်ခေါ်၊ ပြော၏။ အဖေက လွှတ်လိုက်တဲ့။ ဖက်လက်စစာမျက်နှာကို လက်ညှိုးထောက်ကိုင်ရင်း “သားက လာတဲ့ ဦးကို ခုံနေရာဖယ်ပေးလိုက်၊ ပြီးတော့ ဆေးသိုလှောင်ခန်းထဲက ဆေးနှစ်ပုလင်းယူခဲ့၊ အမျိုးအစား မတူစေနဲ့ ဟုတ်ပြီလားဟု မှာသည်။ ဒီလယ် စိုက်ရှင်းရုံးကို ရောက်တာ နှစ်ဝက်ကျိုးပြီပဲ။ဒီစခန်းမှာ ရှိသည့်မြေဩဇာ၊ ပိုးသတ်ဆေးများ၏ အမျိုးအမည်၊ အသုံးဝင်ပုံနှင့် မည်၍ မည်မျှ အာနိသင်ရှိကြောင်း နားရည်ဝနေပြီ။ ကြည့်လေ၊ အဖေက ဤစခန်းသို့ ဝင်လာသော မည်သည့်လယ်သမား၊ ယာသမားကို မဆို ရှည်ရှည်ဝေးဝေး ရှင်းပြသည်။ ဆန်စပါး အထွက်တိုးရေးအတွက် ညှိနှိုင်း လမ်းညွှန်သည်။ ဆွေးနွေးသည်။ တာဝန်ကျကျေးရွာများအရောက်၊ ဟောပြောစည်းရုံးသည်။ အဖေသွားသည့်နေရာ အခါအားလျော်စွာ ကျွန်တော်ပါသည်။

ယခုလည်း သိုလှောင်ရုံထဲအဝင် အဖေညွှန်ကြားထားသည့်အတိုင်း သီးသန့်စီစဉ်ထားသော ဖိနပ်ကို စီး၍ သားရေလက်အိတ်ဖြင့် ပိုးသတ်ဆေးပုလင်းကို ကိုင်သည်။ ယူလာသည့်အရာသည် ပိုးကိုသေစေမည့်ဆေး။ စနစ်တကျ ထုပ်ပိုးပစ္စည်းမှန်သော်လည်း တစ်စုံတစ်ရာကြောင့် ယိုစိမ့်အငွေ့မပြန်ဘူးဟု ဘယ်သူတပ်အပ် ပြောနိုင်မလဲ။ ကျောရိုးမဲ့ပိုးသာမက လူကိုလည်း အန္တရာယ်ဖြစ်၊ အသက် ဇီဝိန်ချုပ်စေမည့် အဆိပ်။ အမေရိကန်နိုင်ငံထုတ် အင်ဒရင်းဆေးရည် ဆိုလျှင် နည်းလမ်းတကျ သုံးစွဲလျက်နှင့် မျိုးဆက် သုံး၊ လေး ဆက် ထိခိုက်သဖြင့် စက်ရုံပင် ဖျက်သိမ်းလိုက်ပြီတဲ့။ လက်ထဲက ဆူမီသီယွန်နှင့် ဒိုင်ယာဇီနွန်ကတော့ မြန်မာ့ရေမြေရှိ ပိုးများနှင့် အသင့်တော်ဆုံး၊ နောက်ဆုံး တင်သွင်းသည့်ဆေး။

“သိတဲ့အတိုင်းပဲ ကျွန်တော်တို့ဆီက ဆေးကို လိုတာထက် ပိုသုံးနေကြတယ်။ ဒီတော့ သီးနှံဖွံ့ဖြိုးဖို့ နှောင့်နှေးမယ်၊ အထွက်နှုန်းကျတယ်။ အဆိုးဆုံးက လူကို အကျိုးပြုဖြစ်ထွန်းမယ့် အင်းဆက်တွေသေကျေ၊ ကျေးငှက်တွေ မျိုးတုံး၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်တယ်ပေါ့။ ရေသယံဇာတ ညစ်ညမ်းမယ်၊ ဆုံးရှုံးမယ်။ မဟုတ်ဘူးလားဗျာ” အဖေ့ရှေ့က ဦးကြီးသည် အဖေ့သတိပေးစကား၊ ပညာပေးမှုကို နားမလည်၍လား၊ သီအိုရီဆန်ဆန် နှီးဆော်မှုကို အခါခါကြားခဲ့ဖူး၍လား။ ခေါင်းမညိတ် အင်းအဲ မလုပ်။ ကျွန်တော့် ခြေသံကို လှည့်ကြည့်၊ မတ်တတ်ရပ်သည်။ ပြီးမှ ပုဆိုး၌ လိပ်ထည့်ခဲ့သည့်ငွေကို ထုတ်ပေးသည်။ အစိမ်းရောင်ပုလင်းပဲ ယူမယ်တဲ့။ ရေအဆ(၅၀) ရော၍ ပက်ဖျန်းရမည့်ဆေး။ ဆူမီသီယွန်။

“စပါးဖျက်ပိုးအတွက် သုံးမှာ မဟုတ်ဘူးကောင်လေး၊ ငါက ငါးဖမ်းဖို့” ဆေးဝယ်သူ၏ စကားအဆုံး၊ အဖေ့နှုတ်မှ ဟာဗျာ ဟူသောအာမေဋိတ်။ ခံပြင်းသံနှင့်အတူ ထိုလူကြီးအား အဆိပ်ပြင်းသည့် သတ္တဝါကဲ့သို့ ကြည့်၏။ ထို့နောက် “ကဲပြောစမ်းပါဦး၊ ဘယ်လို ငါးဖမ်းမှာလဲ”ဟု မေးပစ်လိုက်သည်။ ထိုအခါ “ဒီလိုဗျ ခပ်သေးသေး အင်းတွေ၊ အိုင်တွေရဲ့အောက်ခြေမှာ ပိုးသတ်ဆေးပုလင်းကို မဖွင့်ဘဲ ဆေးထိုးအပ်နဲ့ ထိုးထည့် ဖောက်ထားရုံပဲ။ အဲဒီအပ်က ထွက်လာတဲ့ အငွေ့နဲ့ မူးနောက်ပြီး ငါးတွေ ပေါ်လာ၊ ဖမ်းရတာ လွယ်လွယ်လေး” “တော်တော် မိုက်မဲ တလွဲသုံးတာပဲ၊ နိုင်ငံတော်က ဘဏ္ဍာငွေအရှုံးခံပြီး သီးနှံအထွက်တိုးဖို့ လျှော့ရောင်းပေးတဲ့ဆေးကိုများ၊ သွားသွား ထုတ်မပေးဘူး။ ဘယ်လောက်အန္တရာယ်ကြီးတယ်၊ ဆိုးကျိုးတွေ တစ်ခုပြီးတစ်ခု ဘယ်လောက်များတယ်ဆိုတာ မစဉ်းစားတဲ့လူ ဒီလောက် ရှင်းပြနေတဲ့ကြားထဲ မိုက်မဲတဲ့လူ သွား သွား၊ စံတင်ရေ ဒီဆေးတွေ ပြန်သိမ်းလိုက်” အပြစ်တင်၊ နှင်ထုတ်ရင်း သူ့တပည့် ဦးစံတင်ကို လှမ်းခေါ်၍ တာဝန်ပေးသည်။ ကျွန်တော့်တစ်သက် ဤကဲ့သို့ အဖေ စိတ်ထိခိုက်၊ ဒေါသထွက်သည်ကို မမြင်ဖူးခဲ့ပါ။ သို့သော် နောက်ရက်များမှာတော့ ထိုကိစ္စကို ရယ်ပွဲဖွဲ့လျက် သူ့အစည်းအဝေးပွဲများနှင့် လယ်သမားများ ပညာပေးဟောပြောပွဲ၌ ထည့်သွင်းပြောရမည့် အကြောင်းအရာသစ် ဖြစ်လာလိမ့်မည်။ ပို၍ သေချာသည်မှာ ဆေးလာဝယ်သည့် မည်သည့်လူစားမျိုးကိုမဆို ကျကျနန စစ်ဆေးမေးမြန်းပြီးမှ ဆေးထုတ်ပေးသော အလေ့တစ်ခု အဖေ့၌ ကျန်ရစ်ခဲ့သည်။

ထုံးစံအတိုင်း ကျွန်တော်ကျောင်းပိတ်ရက် ညနေခင်းမှာပဲ ဖြစ်သည်။

“ဟေ့ ကိုကျော် ခင်ဗျားစပါးခင်းတွေ အခြေအနေဘယ်လိုလဲ။ ရွက်ဆစ်ပိုးကျနေတာ ကျွန်တော် မှာခဲ့သလို လုပ်ရဲ့လား” လှမ်းမေးသော အဖေ့ကို ဖျတ်ခနဲ ကြည့်သည်။ ထို့နောက် လက်ကာပြရင်း အနီးရှိ လူထံမှ ဆေးလိပ်မီးကူးသည်။ ပြီးမှ မဆိုးပါဘူး ဦးရဲဟု ပြောရင်း ကျွန်တော်တို့ဆီ လျှောက်လာသည်။ သူက အားလျှင် အဖေ့ထံမှ တောင်သူလယ်သမား ဂျာနယ်လာလာဖတ်နေကျ။ ရွာလယ်ပိုင်းက လူပျိုကြီး။ ကျောင်းသွားလမ်း၌ ကျွန်တော်နှင့်ဆုံလျှင် နှုတ်ဆက်၊ စနောက်တတ်သူ။

“ကျွန်တော် ပြောတဲ့အတိုင်းသာ သုံးပါဗျာ၊ ဆေးတော့ မယဉ်စေနဲ့ စေ့စေ့စပ်စပ်ဖျန်း”



“အေးပါဗျာ ဒါနဲ့ အဲဒီဆေး ရှိသေးရဲ့ မဟုတ်လား ပေးစမ်းဗျာ”ဟု ရုံးဝင်းထဲသို့ မျက်လုံးကစားရင်း ဆို၏။ ထိုအခါ အဖေက “ဆေးများရင်လည်း မကောင်းဘူးနော် စံတင်ရေ ဟိုနေ့က သုံးလက်စ ပိုးသတ်ဆေးပုလင်းလေး ယူခဲ့ပေးစမ်း၊ ဒီမယ် ကိုကျော်ကို ပေးရအောင်လို့ တစ်လက်စတည်း ငါ့စားပွဲပေါ်က ဂျာနယ်လည်းယူခဲ့ဦး”ဟုရုံးခန်း၌ ပစ္စည်းများနေရာချနေသော တပည့်ကို လှမ်းခိုင်းသည်။

“ဒီအပတ်ဂျာနယ်မှာ အင်းကုန်းစက်ရုံထုတ် ကောက်စိုက်စက်အကြောင်း ဆောင်းပါးပါတယ်ဗျ”

“အင်း” ဦးကျော်နှုတ်မှ ထိုအင်း တစ်လုံးသာ။ ခါတိုင်းကဲ့သို့ စကားထောက်မပေး။ အဖေက ဂျာနယ်နှင့်ပတ်သက်၍ စကားဖောင်ဖွဲ့ဖို့ခက်သွားဟန်တူသည်။ ခေါင်းကုတ်လျက် ရုံးဘက်ကို လှည့်အကြည့် စံတင်ရေ မလာတော့ဘူးလားကွတဲ့။ အဖေ့မျက်နှာ အပြောင်းအလဲကို မရယ်မပြုံးဖြစ်ဖို့ ကျွန်တော် ကြိုးစား ထိန်းသိမ်းလိုက်ရသည်။

“စံတင်ရေ” ဒုတိယအကြိမ် အဖေ့ခေါ်သံနှင့် မရှေ့မနှောင်း၌ ဦးစံတင် ပြေးထွက်လာ၏။ ဂျာနယ်ကို ချိုင်းကြားညှပ်လျက် လက်တစ်ဖက်က ပိုးသတ်ဆေးပုလင်းနှင့်။

ထိုအချိန်တွင် ကျွန်တော်တို့ ဘယ်လိုမျှ မျှော်လင့်မထားသည့်ကိစ္စတစ်ခုက အမြန်ဆုံး ဖြစ်သွားခဲ့သည်။ ဦးကျော်က ဦးစံတင် လက်ထဲမှ ပိုးသတ်ဆေးပုလင်းကို ယူ၊ အလွယ်ပိတ်ထားသည့် ဖော့ဆို့ကို ဖြုတ်၍ နှုတ်ခမ်း၌ တေ့ပစ်၏။

ခေါင်းတွေထူပူ၊ မျက်လုံးများ မီးတောက်သွားတော့၏။ ဟာ စံတင် လုပ်ပါဦး၊ လုပ်ပါဦးတဲ့။ အဖေ့စကားမတိုင်ခင် ဦးစံတင်က ပုလင်းကို ပုတ်ထုတ်လျက် ဦးကျော်လည်မျိုကို အားအင်သုံး ဖျစ်ညှစ်ပြီး ဖြစ်သည်။ သူ့ပါးစပ်ကလည်း “ဟေ့လူ ထွေးထုတ်၊ အခု ထွေးထုတ်” “မင်းကွာ မကြံကောင်း၊ မစည်ကောင်း လုပ်ရတယ်လို့” အဖေ့စကား မဆုံးသေး။ ကျွန်တော် ရေတစ်ခွက် ပြေးခပ်ယူပေးသည်။ လက်ထိုး အန်ပစ်ဦး လက်ထိုးအန်ဟု အကြံပေးရင်း စံတင်ရေ ကန်စွန်းရွက်ခူး၊အရည်မြန်မြန်ညှစ်ခဲ့ဟု အဖေက ပြောသည်။

ထိုနေ့က ဦးကျော်သည် သေကံမရောက်၊ အသက်မပျောက်ခဲ့ပါ။ ဆေးရုံဆေးခန်းသို့လည်း မပို့ဆောင်ခဲ့ရပါ။ သို့သော် အဖေ့ရုံးနှင့် အနီးဆုံး ရေအိုင်တွင် တက်လိုက်၊ ဆင်းလိုက်ဖြင့် တစ်နေကုန်ခဲ့ရသည်။ ပါးစပ်ကလည်း ပူတယ်ပူတယ်ဟု မနားတမ်း အော်ဟစ်ညည်းတွားနေခဲ့သည်။ သူ့အသက်နှင့် လဲလှယ်ယူရလောက်သည့်ကိုယ်ကျိုးမဲ့ ရောဂါအနာဆိုးတစ်မျိုး၊ စွဲကပ်နေမည်မှာ သေချာသည်။ ထို့ကြောင့် အကြောင်းရင်းကို ထုတ်ဖော်ပြောပြဖို့ မြို့နယ်ရဲစခန်းသို့ ချက်ချင်းပို့မည်ဟု အဖေက အကျပ်ကိုင် မေးမြန်းခဲ့သည်။ မပြောပါ။ နှစ်ကိုယ်ကြား တီးတိုးမေးမှ ပထမတော့ ခေါင်းငုံ့ရှက်ရွံ့နေ၏။ ထို့နောက် မပွင့်တပွင့် စကားဆိုသည်။ သူ့မှာ ပိုးကျနေလို့တဲ့။ ကဲ ဖေဖေဦးရဲ့ညွှန့် ဘာတတ်နိုင်သေးလဲ။ လက်မြှောက် ခြေမြှောက်ဖြစ်ရပြန်ပြီ။ ထိုအချိန်ကလည်း ခံပြင်းရှုံ့မဲ့နေသည့် အဖေ့မျက်နှာကို ကျွန်တော် မရယ်မိလိုက်ဖို့ တော်တော်ကြိုးစားယူခဲ့ရတာပါပဲ။ အဖေ့ပိုးသတ်ဆေးစျေးကွက်က ခုတ်ရာ တလွဲကိုး။

ဝတ္ထုတို

# တောင်ချောက်မိသည့်မုဆိုး

## မောင်ထွန်း(မိုးခိုင်ကြီး)

"ရွှေမေတ္တာအအေးဆိုင်" ပျဉ်းကတိုးသစ်တုံးကို သဘာဝအတိုင်းပင် ခွဲထားသော ခပ်ထူထူ အပြားပေါ်၌ စာလုံးထွင်း၍ ဆိုင်းဘုတ်ကို ပြုလုပ်ထားသည်။ ဘေးတိုင်များကလည်း အင်ပင်ကို သဘာဝအတိုင်း ဆေးသားဝင်းလက်အောင် သုတ်လိမ်း၍ ထောင်ထားသည်။ ညောင်ညိုပင်ကြီးအမိုးပြုကာ ဆောက်ထားသော ထိုဆိုင်ကလေး၏ ဝန်းကျင်တစ်ဝိုက်တွင် ပန်းမျိုးစုံကိုလည်း စိုက်ထားသေးသည်။

ထိုဆိုင်ကလေးသို့ ကျွန်တော်နေထိုင်သော ရပ်ကွက်မှ ဆယ့်ငါးမိနစ်ခန့် ကားမောင်းရသည်။ ဟိုတုန်းက ဆိုလျှင် ကျွန်တော့်သူငယ်ချင်း "ရဲရင့်" နှင့် နှစ်ယောက်လာနေကျ။ ယခုအခါ ဤဆိုင်ကလေးထဲ၌ သူရှိနေလျှင် ကျွန်တော်မဝင်တော့ပေ။ ကျွန်တော်ရှိနေလျှင်လည်း သူမဝင်လာတော့ပေ။

သို့သော် တစ်ချိန်က သူနှင့်အတူ ထိုင်နေကျစားပွဲ၌ ကျွန်တော်ထိုင်သည်။ ထိုင်တိုင်းလည်း သူ့ကိုသတိရမိသည်ပင်။ သူထိုင်လျှင်လည်း ကျွန်တော်တို့ ထိုင်လေ့ရှိသော စားပွဲ၌သာ ထိုင်သည်ကို ကျွန်တော်တွေ့ပါသည်။ သူလည်း ကျွန်တော့်ကို သတိရနေမည်ဟု ထင်သည်။

ငယ်စဉ်က အိမ်နီးနားချင်း ခြံချင်းကပ်လျက် ငယ်သူငယ်ချင်းများဖြစ်၏။ ယခုလည်း ခြံချင်းကပ်လျက်ပင်။ သို့သော် လမ်း၌တွေ့လျှင်မူ သူကလည်း မနှုတ်ဆက်ပါ။ ထို့အတူ ကျွန်တော်ကလည်း သူနှုတ်ဆက်မှာ ကြောက်နေသည်။ နှုတ်ဆက်လာလျှင်လည်း တာဝန်ကျေပြန်နှုတ်ဆက်နိုင်အောင်ပင် ကျွန်တော်အတော်ကလေး အားယူရပါလိမ့်မည်။

စာအတူကျက် ကျောင်းအတူသွား အတူပြန် အတူကစားနေခဲ့ကြသည့် ပုံရိပ်များက အတွေးစိတ်ဝယ် တဝဲလည်လည် ဖြစ်နေဆဲ။ ဖုန်းထဲက သူ့ဖုန်းနံပါတ်၊ သူ့ပုံ၊ သူ့နာမည်လေးကို ဖုန်းကိုင်တိုင်း ကျွန်တော်ကြည့်မိနေမြဲ။ သို့သော် ဖုန်းခေါ်ချင်စိတ် တစ်ကြိမ်ကလေးပင် ပေါ်မလာသေး။ သူ့ဓာတ်ပုံကို ကြည့်လျှင် တစ်ခါတစ်ခါ ကျွန်တော်ပြုံးမိ၏။ သူကလည်း ပြုံးပြနေသလိုပင်။ သူ လူချောတစ်ယောက်ပင်။ နက်မှောင်သော ဆံပင်ကို ခပ်တိုတိုနှင့် အထောင်ကလေးညှပ်ထားသည်။ မျက်ခုံးမွေးထူထူနှင့် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးကလေးတွေက စိမ်းညိုညို အရောင်အသွေး၊ ကွမ်းမစား ဆေးလိပ်မသောက် နီထွေးနေသော နှုတ်ခမ်းများလည်းပိုင်ဆိုင်ထားသည်။

သို့သော် အရွယ်ရောက်လာသောအခါ သူနှင့်ကျွန်တော် ကျောင်း၌ဆုံခွင့်မရှိတော့ပေ။ တက္ကသိုလ်ချင်းမတူတော့ပေ။ အိမ်၌သာ ဆုံကြသည်။

"ကိုသန့်ဇင် ဘာမှမမှာတော့ဘူးလား" ကျွန်တော်တွေးနေသည်မှာ မည်မျှကြာသွားသည်မသိ။ စားပွဲထိုးကောင်လေး စကားကြောင့် သတိဝင်လာသည်။

"ကိုကာကိုလာ တစ်ပုလင်းပဲ ချပေးပါညီလေး" စားပွဲထိုးကောင်လေးက လာချပေးသည်။ သို့သော် မသောက်ဖြစ်သေး။ သူနှင့်ကျွန်တော် ယခုလိုဖြစ်သွားသည့် အခြေအနေကို ဆက်တွေးနေမိဆဲ။

ထိုင်ခုံမှ ကျွန်တော် ထလိုက်၏။ ထို့နောက် မျက်လုံးဖျတ်ခနဲ မြင်လိုက်သော နေရာတစ်ခုဆီသို့ ဦးတည်လျှောက်လိုက်၏။ မျက်လုံးကထိုနေရာသို့ စူးစိုက်ကြည့်နေမြဲ။ ခြေသံလုံအောင် ဖြည်းဖြည်းချင်းလျှောက်၍ ထိုနေရာနှင့် အနီးဆုံးနေရာကို ချဉ်းကပ်လိုက်၏။

ထို့နောက် ငြိမ်သက်စွာ ငုတ်တုတ်ထိုင်လိုက်သည်။ ပိတုန်းတစ်ကောင်က ပန်းပွင့်လေးတစ်ပွင့်အပေါ် နား၍ ဝတ်ရည်ကို စုပ်ယူနေ၏။ ပန်းကလေးက ယိမ်းယိုင်နေရုံမှတစ်ပါး မည်သို့မျှမတတ်နိုင်ရှာ။ ထိုမြင်ကွင်းကို ကြည့်ရင်း စိတ်ထဲက ခပ်ထန်ထန်ဖြင့်

"အို -သူက သက်မဲ့ပန်းပဲ။ လူမှမဟုတ်တာ ဘာတတ်နိုင်မှာလဲ။ ပိတုန်းကလည်း တိရစ္ဆာန်ပဲ။ လူမှမဟုတ်တာ ပန်းဝတ်ရည်ကို မညှာမတာစုပ်ယူမှာပေါ့" ဟု ပြောလိုက်မိသည်။ ထို့နောက် အတွေးစိတ်တွေက သူနှင့်ကျွန်တော် ယခုလို အခြေအနေ ဖြစ်ခဲ့သော မဝေးလှသည့် အတိတ်ဆီသို့ ရောက်ရှိသွားသည်။

"ရဲရင့် မင်းဘာလို့ ဒီလောက်ထိ ရည်းစားတွေ အများကြီးထားနေရတာလဲကွာ။ ပြီးတော့ ခုန မင်းကောင်တွေနဲ့ ပြောနေတဲ့စကားတွေ ငါအကုန်ကြားတယ်။ ရဲရင့် မင်းကွာ ဘာလို့ သူများနှမ သူများသမီးပျိုကို မယူနိုင်ဘဲ အခုလို. . . ငါမပြောချင်တော့ဘူးကွာ"

"ဟား-ဟား-ဟား" ကျွန်တော့်စကားကို နားထောင်ပြီး သူကဟားတိုက်ရယ်ကာ ကျွန်တော့် မျက်နှာရှေ့တည့်တည့် သူ့မျက်နှာကို ကပ်ကာ "ဒီမှာ သန့်ဇင် မင်းက ငါ့တစ်ယောက်ပဲ မြင်တာလား ။ ဒီခေတ်ကြီးထဲမှာ ငါ့လိုကောင်တွေ ရိုက်သတ်လို့မကုန်ဘူး အဲဒါ မင်းသိရဲ့လား"။ ဟု ပြောသည်။ သူ ထွက်သွားပြီး ကျွန်တော် အတွေးများနှင့် ကျန်ခဲ့သည်။

ဤ ခေတ်ခါက ဒါမျိုးတွေကိုလုပ်ဖို့ သတ်မှတ်ထားတာမျိုးတော့မဖြစ်နိုင်ပေ။ ရဲရင့်လို လူစားမျိုးတွေကသာ ဒါမျိုးတွေ လုပ်နေကြတာဟူ၍ ကျွန်တော်တွေးလိုက်မိသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်ကလည်း သည်ခေတ်လူငယ်ဖြစ်နေခြင်းကြောင့်ပင်။

ကျွန်တော် ရဲရင့်ကို အကြိမ်ကြိမ် ကြိုးစား၍ တားပါသေးသည်။ သူငယ်ချင်း သံယောဇဉ်ကြောင့် သူ့လုပ်ရပ်မှားနေသည်ကိုပြင်ရန် အမျိုးမျိုးသော နည်းလမ်းတို့ဖြင့် တားသော်လည်း သူကလက်မခံပေ။ လက်ရှိ သူပေါင်းသင်းနေသော သူငယ်ချင်းများလည်း မထူးမခြားပင်။

သူတို့အဖွဲ့ဆုံတိုင်း "ငါ့ကောင်မလေးကို ငါက ဘယ်လို"ဆိုတာကစပြီး ပြောတတ်ကြသည်။ နှမချင်း ကိုယ်ချင်းမစာ ပြောနေသော သူတို့ အဖွဲ့နှင့်ဆုံတိုင်း ကျွန်တော့်ရင်ထဲက တောက်ခေါက်သံက ရင်ပွင့်မတတ်ပင်။

တစ်နေ့ ရဲရင့်အိမ်သို့ သူဖျားနေသည်ဆို၍ ကျွန်တော်သွားလိုက်သည်။ အိမ်ပေါက်ဝအရောက်ပင်ရှိသေး၏။ အိမ်ထဲက ထွက်လာသောအသံကြောင့် ခြေစုံရပ်နေမိသည်။

"ငါက ဖျက်ချခိုင်းတော့လည်း မင်းကမဖျက်ချဘူး။ ငါမင်းကို မယူနိုင်သေးဘူး။ ငါပေးတဲ့ ပိုက်ဆံကိုယူပြီး မင်းကိုယ်ဝန်ကို မင်းကြိုက်သလို ဖြေရှင်းတော့ကွာ" ရဲရင့်အသံက အိမ်ထဲမှတိုးထွက်လာသည်။

ကျွန်တော့်စိတ်ထဲနင့်သွားသည်။ ဒေါသကြောင့် လက်သီးကို ကျစ်နေအောင်ဆုပ်ထားမိ၏။ ကျွန်တော့်ဘေးကနေ မိန်းကလေးတစ်ယောက်ငိုပြီး ပြေးထွက်သွားသည်။ ကျွန်တော်အိမ်ထဲသို့ ပြေးဝင်လိုက်သည်။ သူ့လည်ပင်းက အင်္ကျီစကိုချုပ်ကိုင်ပြီး သူ့မျက်နှာတည့်တည့်ကြည့်ကာ

"မင်းက ရုပ်ရည်နဲ့ငွေကြေးဥစ္စာကို အသုံးချပြီး မိန်းကလေးတွေကို ဘဝပျက်အောင် ဖျက်ဆီးနေတဲ့ လူယုတ်မာပဲ။ မင်းနဲ့သူငယ်ချင်းဖြစ်နေတာ ငါရှက်တယ် ရဲရင့်။ ဒီနေ့မင်းနဲ့ငါ သူငယ်ချင်းမဟုတ်တော့ဘူး" ဟု ဒေါသဖြင့် ပြောလိုက်သည့် ကျွန်တော့်အသံက အခန်းထဲ၌ ဟိန်း၍ ကျန်ခဲ့ပါတော့သည်။

ကျွန်တော့် အတွေးတွေကို ရပ်လိုက်ချိန်မှာ ပန်းပွင့်ပေါ်က ပိတုန်းမရှိတော့ပေ။ ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်လိုက်စဉ် ပန်းပင်တွေကို ပြုပြင်နေသော ကောင်မလေးတစ်ယောက်က ပန်းပွင့်များပေါ်တွင် ပျံသန်းနေသော ပိတုန်းတစ်ကောင်ကို ရေပုံးဖြင့် အုပ်ကာ ပုံးကို နည်းနည်းဟလိုက်သည်။ ထိုအခါ ဟထားသော နေရာမှ ပိတုန်းက တိုးထွက်လာ၏။ ကောင်မလေးက ဖနောက်ဖြင့် ပေါက်သတ်လိုက်သည်။

"ရွှေမေတ္တာ" ဆိုင်သို့ တစ်နေ့မှာ အလုပ်သမားမိန်းကလေးအသစ်တစ်ယောက် ရောက်လာသည်။ အသက်နှစ်ဆယ့်ငါးဝန်းကျင် ကျွန်တော်နှင့်ရွယ်တူ လောက်ရှိလိမ့်မည်။

သူမရောက်သည့်အချိန် သိပ်မကြာခင်မှာပင် အမြဲအခွင့်အရေးကို ချောင်းနေသော ရဲရင့်နှင့်တတွဲတွဲဖြစ်သွားသည်။ ညနေ ဆိုင်ပိတ်ချိန်များ၌ ကောင်မလေးကို လာခေါ်သွားလေ့ရှိသည်။ ထိုဆိုင်ကလေးက အေးချမ်းသည်။ ထို့ကြောင့် သူမရှိလျှင် ကျွန်တော့်စာအုပ်ကလေးပင် ဖတ်၍ အေးအေးဆေးဆေး ထိုင်လေ့ရှိသည်။

သူဝင်လာလျှင် ထပြန်တတ်သော ကျွန်တော်သည် တစ်ညမှာ သူနှင့်ကောင်မလေးပြောနေသော စကားများဖြင့် အပြန်ရခက်နေခဲ့နေ၏။ ကောင်မလေးက လူတွေကြားအောင် တမင်ခပ်ကျယ်ကျယ် ပြောနေသလားဟု ပင်ထင်ရသည်။ သူမ စကားကြောင့် "ရွှေမေတ္တာ" ဆိုင်အတွင်းရှိ လူတော်တော်များများ သူတို့နှစ်ယောက်ဆီသို့ အာရုံရောက်နေကြသည်။

"ကိုရဲရင့်-ဒီနေ့ ဆိုင်ပိတ်ချိန်ကစပြီး နောက်ကို ဘယ်တော့မှ လာမကြိုပါနဲ့တော့။ ကျွန်မ ဒီနေရာကတင် မဟုတ်ဘူး လူလောကကြီးကပါ အပြီးထွက်သွားရတော့မှာ။ အဲဒီတော့ ရှင်လာကြိုစရာ မလိုတော့ဘူး ကိုရဲရင့်" သူမက ပြောလိုက်သည်။ ရဲရင့်က "ဟာကွာ နွယ်ကလဲ အရေးထဲ နောက်နေသေးတယ်။ ခုဆိုင်ပိတ်တော့မယ် မဟုတ်လား အစ်ကိုစောင့်နေမယ်"ဟု ပြုံးပြောလိုက်သည်။

"ရှင့်လိုလူကို ကျွန်မ ဘာလို့နောက်ရမှာလဲ။ ကျွန်မမှာ (ခုခံအားကျဆင်းမှုရောဂါ) ရှိတယ်။ ရှင်လည်းသေမယ့်နေ့ကို စောင့်နေပါ။ ခုတော့ ကျွန်မသွားတော့မယ်။ နှုတ်ဆက်ခဲ့ပါတယ် ကိုရဲရင့်။ ဒီမှာ ကျွန်မဓာတ်ပုံလေးယူထားလိုက်ပါဦး မသေခင် ကြည့်ရအောင်" ဟု သူမပြောပြီး ဓာတ်ပုံကို လှမ်းပစ်ပေးကာ လှည့်ထွက်သွားသည်။

ဓာတ်ပုံက ကျွန်တော်ရှေ့ကျလာသည်။ ကြည့်လိုက်တော့ ဟိုတစ်ခါ အိမ်ထဲကငိုပြီး ထွက်ပြေးသွားသော ကောင်မလေးနှင့် သူမတွဲရိုက်ထားသည့်ပုံဖြစ်သည်။

ရဲရင့်တစ်ယောက်လည်း သေမည့်ရက်ကို ချောက်ချားစွာမျှော်နေရပါတော့သည်။ ကောင်မလေး ထိုရောဂါဖြင့် သေပြီဆိုသည့်သတင်းကိုလည်း ကျွန်တော်ကြားလိုက်ရသည်။

## ‘တောပန်းကလေးများ’

❍ နငယ်သော်ငြား၊ မွဲအသားမှာ
နံ့ကားပိုက်ပူ၊ ချက်စူစူနှင့်
ရွယ်တူတစ်စု၊ စကားလုရင်း
တွန်းထုရယ်မော၊ တသောသောသည်
လယ်တောဆီမှ ကြားရပြီ။

❍ မိုးသည်းသော်ငြား ၊ မချမ်းအားပဲ
တဲနားမကပ်၊ လယ်တောစပ်ဝယ်
စိတ်ဓာတ်မပျက်၊ ရွံ့စက်လက်နှင့်
သွက်သွက်ခြေလှမ်း၊ မြောင်းနှုတ်ခမ်းမှာ
ငါးဖမ်းဖားကောက်၊ သူတို့ရောက်ပြီ
ဝမ်းရေးကိုယ်စီ ကျောင်းဖို့ရည်။

❍ ပင်ပန်းသော်ငြား၊ ဟီးဟားဟားဖြင့်
ရွာနားကိုချဉ်း၊ ကျောင်းအဆင်းမှာ
ငြိမ့်ညင်းပျံ့လွင့်၊ ခေါင်းလောင်းဆင့်တော့
စိမ်းရင့်ဖြူလွ၊ ဝတ်စုံလှနှင့်
ကျောင်းကမောင်မယ်၊ ချစ်စဖွယ်ကို
စိတ်ဝယ်အားကျ၊ သူ့ဘဝကား
နှိုင်းဆရိဝေ၊ မှုန်တေတေနှင့်
တွေတွေစီးကျ၊ မျက်ရည်စသည်
ခြေတော်ရင်းဆီ ဦးခိုက်ပြီ။

❍ ဘောင်းဘီဂွပြဲ၊ ကျောပြင်မဲ့နှင့်
ခြေလည်းဗလာ၊ ဆိုးကြမ္မာမို့
သူငါမျှော်ကိုး၊ သည့်ထက်တိုးကာ
ပုဆိုးဘောင်းဘီ၊ ပိုကသီနှင့်
ဘယ်ဆီရော်ရမ်း၊ ကျောင်းစခန်းကို
မျှော်တမ်းရုံမို့၊ ရွှေရင်ဆို့ကာ
စို့စို့မျက်ရည်၊ ငိုလေသည်ကို
အမေမြင်မီ သုတ်လိုက်သည်။

**အောင်မြင့်(ချင်းတွင်း)**

## "အမေဆိုတာ"

❍ လမင်းရယ်သာ
ထိန်ဖြာဖြာသူလင်း
ညအခင်း အာကာထက်ဝယ်
ထွန်းပရောင်ဝင်း။

❍ နေမင်းရယ်သာ
တိမ်ပြာရောင်အလင်း
နေ့အခင်း အာကာထက်ဝယ်
ထွန်းပရောင်လင်း။

❍ လမင်းနေမင်း
နှစ်စင်းပြိုင်သော်လည်း
နေ့ခင်းညခါ အလှည့်ကျ
ထွန်းပခဲ့ရ။

❍ သို့သော်အမေ
သူလေချိန်မရွေး
နေ့ခင်းညခင်း ထွန်းလင်းပ
လမ်းကူပြသ။

**မောင်စည်သူ(အဖျောက်)**

## ပန်ချင်သူများ ခေါင်းဖြီးထား

❍ ဘုရားငါးဆူပွင့်မှာကွဲ့
ပြောကြတဲ့သည်ကမ္ဘာ
ဘဒ္ဒမည်တာ။

❍ လေးဆူမှာပွင့်ရှာပေါ့
တစ်ဆူတော့ကျန်သေးတယ်
မေတ္တေယျဘုရားရှင်ကိုကွယ်
ဖူးချင်သူများ။

❍ ကိလေသာကာမဂုဏ်များ
ရှောင်ရှားပါလို့
ဒါနသီလဘာဝနာကို
ပွားများကာပေ
စိတ်ကိုလေဖြူအောင်ထား။

❍ ကံ့ကော်ပင်နန်းမှာတဲ့
ပွင့်လန်းဖို့ကြုံမှာ
တစ်ပွင့်ကျန်တာ။

❍ ပွင့်ချိန်ခါ
ဦးစွာပန်မလား။

❍ ပန်ချင်သူဗိုလ်လူအပေါင်းရယ်
ခေါင်းဖြီးလို့ထား။

**မင်းခန့်(တာပွန်)**